# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၀]


**ဒါန၌ တော်မင်္ဂလ မုတ္တမံ**
**စွန့်ကြဲပေးကမ်း**
**လှူဒါန်းခြင်းသည်**
**မြတ်သောမင်္ဂလာ မည်၏။**

# ရွေးကောက်ပွဲလွန်ကာလများ တည်ငြိမ်အေးချမ်းရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများဆွေးနွေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စ ချန်ဒါရီကာ ကုမာရတွန်ဂါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ**



နေပြည်တော် ဒီဇင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စ ချန်ဒါရီကာ ကုမာရတွန်ဂါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပခဲ့မှု၊ ရွေးကောက်ပွဲလွန်ကာလများတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

■ နိုင်ငံတကာ

## မြောက်ကိုရီးယားလူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆွေးနွေးမည့်ကိစ္စ တရုတ်နှင့် ရုရှားတို့က ပယ်ချ

စာမျက်နှာ ❖ ၄

■ နိုင်ငံတကာ

## ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာညီလာခံ

စာမျက်နှာ ❖ ၅

■ ပြည်တွင်း

## လာအိုအနုပညာပွဲတော်သို့ မြန်မာ့ရုပ်သေးပညာရှင်များ သွားရောက်ဖျော်ဖြေမည်

စာမျက်နှာ ❖ ၁၂




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ထိန်းချုပ်

မြန်မာနိုင်ငံသည် တံခါးဖွင့်စီးပွားရေးမူဝါဒအရ ပြည်ပနိုင်ငံများနှင့် တရားဝင်လမ်းကြောင်းမှ ကုန်စည်များ ကူးသန်းရောင်းဝယ်ခွင့်ပြုထားသော်လည်း တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်ပါသည်။ သစ်နှင့်ကျောက်မျက်၊ ကျောက်စိမ်းကဲ့သို့သော သယံဇာတများ တရားမဝင်လမ်းကြောင်းမှ ဖမ်းဆီးရမိမှုများကြား သိနေရဆဲဖြစ်ပါသည်။ ဤသည်မှာ တရားမဝင်ကုန်သွယ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သက်သေပြနေခြင်းဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်နိုင်ရေး မိုဘိုင်းအဖွဲ့များက နယ်စပ်ဝင်ရောက် လမ်းကြောင်းများတစ်လျှောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်လာသကဲ့သို့ လေဆိပ်နှင့် ဆိပ်ကမ်းများတွင်လည်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ များစွာ ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေနိုင်ပါသည်။

တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ ဆောင်ရွက်လာသည်နှင့်အမျှ တရားဝင်ကုန်သွယ်မှုများ တိုးလာမည်ဖြစ်ပါသည်။ တရားဝင်ကုန်သွယ်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များလည်း တိုးပွားလာမည်ဖြစ်သည်။ တရားဝင်ကုန်သွယ်မှုနှင့် အခွန်အကောက်ရရှိမှုတို့သည် တိုက်ရိုက်ဆက်စပ် ပတ်သက်နေပါသည်။ တရားမဝင်ကုန်သွယ်မှုများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်လေ တရားဝင်လမ်းကြောင်းများကြောင့် အခွန်အကောက်များတိုးလာလေ ဖြစ်ပါသည်။

အခွန်အကောက်စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်မူ ငွေကျပ် ၅ ဒသမ ၉ ထရီလီယံအထိ တိုးပွားလာခဲ့ကြောင်း သက်ဆိုင်ရာထုတ်ပြန်ချက်များအရ သိရပါသည်။ တစ်ချိန်တည်းမှာပင် GDP Tax ratio များလည်း တစ်စတစ်စ မြင့်တက်လာကြောင်း သိရပါသည်။ တစ်နည်းအားဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ ဆောင်ရွက်လာနိုင်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဝင်ငွေများ စီးဝင်တိုးပွားလာလျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုဆိုရာ၌ ပြည်တွင်းမှ ပစ္စည်းများ ပြည်ပသို့ တရားမဝင်လမ်းကြောင်းဖြင့် ကုန်သွယ်မှုပြုလုပ်သည်ဖြစ်စေ၊ ပြည်ပမှ ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းသည်ဖြစ်စေ တရားမဝင်ကူးသန်းရောင်းဝယ်မှုများကို တင်းကျပ်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။ သို့ပါသော်လည်း တရားမဝင် ကူးသန်းရောင်းဝယ်မှုများဖြစ်ပေါ်နေကြောင်းကို ဖမ်းဆီးရမိမှုများက သက်သေပြလျက်ရှိပါသည်။ ပြည်တွင်းမှ ပစ္စည်းများ ပြည်ပသို့တင်ပို့သည်ဖြစ်စေ၊ ပြည်ပမှ ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းသည်ဖြစ်စေ တရားဝင်လမ်းကြောင်းမှသာ ဖြစ်သင့်ပါသည်။ တရားမဝင်လမ်းကြောင်းများကို ဆက်လက်ပိတ်ဆို့ ထိန်းချုပ်သွားနိုင်ရမည်ဖြစ်ပါသည်။

သို့မှသာ နိုင်ငံတော်အတွက် ရသင့်သော အခွန်အကောက်များ ရရှိနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ သယံဇာတပစ္စည်းများ လေလွင့်ပျောက်ဆုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းအမှတ်(၃)တွင် ဇီယက်နမ်နည်းပညာနှင့်ငါးမွေးမြူ

**နေပြည်တော် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး နတ်ရေကန် ငါးလုပ်ငန်းစခန်းအမှတ်(၃) အဆင့်မြင့်နည်းပညာသုံး ဗီယက်နမ်နည်းပညာဖြင့် မွေးမြူလျက်ရှိသည့် ဗီယက်နမ်ငါးမွေးမြူရေးကန်အား ဒီဇင်ဘာ ၇ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ရှိမှုတို့ဖြင့် အလေးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း။

ယခုကဲ့သို့ အဆင့်မြင့်နည်းပညာဖြင့် မွေးမြူလျက်ရှိသည့် ဗီယက်နမ်ငါးကန်မွေးမြူပုံနည်းစနစ်များအားလည်း ကျေးလက်နေပြည်သူများ သိရှိမွေးမြူနိုင်ရေးအတွက် နည်းပညာဖြန့်ဖြူးသွားရန်လိုအပ်ကြောင်း၊ သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်နည်းပညာသုံး ငါးမွေးမြူနည်းစနစ်များအား စဉ်ဆက်မပြတ် ဖော်ထုတ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း ပြောကြားကာ ငါးမွေးမြူရေးစခန်းအတွင်း ငါးမွေးမြူရေးကန်များ ပြုပြင်နေမှုအခြေအနေများ၊ ငါးကန်များအတွင်းရေဝင်ရေထွက်မြောင်းများ၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ငါးမွေးမြူရေးစခန်းတာဝန်ခံက စခန်းအတွင်းရှိ ငါးမျိုးများ မွေးမြူထားရှိမှု၊ သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငါးမွေးမြူရေးစခန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှု၍ သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေချိုရေငန် ငါး၊ ပုစွန်၊ ကဏန်းရောင်းဝယ်ရေးဇုန်၊ အသင့်စားရေထွက်ပစ္စည်းများရောင်းဝယ်ရေး၊ ကုန်းတွင်းငါးဈေး၊ ငါးနှင့်ပတ်သက်သည့် ပစ္စည်းကိရိယာများ စသည်ဖြင့် တစ်နေရာတည်းမှာပင် အလွယ်တကူရရှိနိုင်ရန် Fish Center အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# အုတ်ရေနုတ်မြောင်း ပြုပြင်ပေးရန် ဒေသခံများမျှော်လင့်


**ထင်သာမြင်သာ ပြုပြင်စရာ**

ရေဦးမြို့ အောင်ဆန်းရပ်ကွက် ဈေးကြီးလမ်း-ကျောင်းကြီးလမ်း- ဗန္ဓုလလမ်း၊ နာရီစင်လမ်းဆုံရာအနီး စားသောက်ဆိုင်ရှေ့ရှိ အုတ်ရေနုတ်မြောင်းမှ ရေများ အများအပြားထွက်ရှိကာ လမ်းမပေါ်အထိ ရေများရောက်ရှိလာသည့်အတွက် လမ်းမှာ ငါးပေခန့်သာကျန်တော့၍ လမ်းသွားလာရေးအဆင်မပြေဖြစ်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါလမ်းသည် ကျောင်းသားများ၊ ဈေးရောင်းဈေးဝယ်သူများ၊ ခြေကျင်သွားသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ နေ့စဉ်အသုံးပြုသွားလာနေသည့်လမ်းဖြစ်သည်။ "မိုးမရွာဘဲ လမ်းရေကျော်နေပြီး လမ်းဘေးဝဲယာ နှစ်ဖက်စလုံး ရွှံ့ဗွက်များနဲ့ ပြည့်နေပါတယ်။ လမ်းမဘက်ကို ရေနုတ်မြောင်း သွယ်ပြီး ဖောက်လုပ်ထားတဲ့အတွက် တစ်နေကုန်သုံးထားတဲ့ ညစ်ညမ်းရေ တွေက ညပိုင်းမှာ ပိုထွက်လာတယ်။ ရေတွေညစ်ညမ်းပြီး အနံ့အသက်တွေ ပါထွက်နေလို့ ပတ်ဝန်းကျင်အတွက် ကျန်းမာရေးထိခိုက်လာနိုင်တဲ့အတွက် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးစေလိုပါတယ်။"ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန်းထိုက် (ရေဦး)**






# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများ ဆုနှင်းသဘင်သို့ တက်ရောက်ရန်နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် စာပေဆုနှင်းသဘင်သို့ တက်ရောက်ကြမည့် စာပေဆုရရှိကြသူများနှင့် ဖိတ်ကြားထားသော ပရိသတ်အားလုံး အခမ်းအနားမစတင်မီ နာရီဝက်ကြိုတင်နေရာယူပေးကြရန် နှိုးဆော်ထားကြောင်းနှင့် စာပေဆုနှင်းသဘင် အစမ်းလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၁ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် အမျိုးသားဇာတ်ရုံ၌ပင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၅.၉၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၁၉ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇.၄၂ |

ခင်ရတနာ-စုစည်းသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သီရိလင်္ကာနိုင်ငံသမ္မတဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စ ချန်ဒရီကာ ကုမာရတွန်ဂါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့(ယာပုံ)နှင့် IDEA ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

## ဆွီဒင်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၉**

မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းကို ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတန်းနက်စ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၃ ခုနှစ်တွင် ဥစလာမြို့မှ အထက်တန်းကျောင်းအောင်မြင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ဥစလာတက္ကသိုလ်မှ ရုရှား၊ အရှေ့ဥရောပလေ့လာရေးနှင့်နိုင်ငံရေးသိပ္ပံဘာသာရပ်တို့ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဥစလာမြို့၊ ဆွီဒင်လစ်ဘရယ်နှင့် ရယ်ဒီကယ်လူငယ်များအဖွဲ့တွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ဆွီဒင်လစ်ဘရယ်နှင့် ရယ်ဒီကယ်လူငယ်များအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ၁၉၈၁ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဒုတိယဝန်ကြီးချုပ် အိုလာအူလ်စတန်၏ နိုင်ငံရေး အကြံပေးအဖြစ် လည်းကောင်း၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ဂေါ်တီဗို့ပိုစတန်သတင်းစာတိုက်တွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ လစ်ဘရယ်ပါတီ၏ ပါလီမန်အဖွဲ့ရုံးတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဝန်ကြီးချုပ်ရုံး၏ အတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဥရောပဌာန၏ ညွှန်ကြားရေးမှူးနှင့်ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မူဝါဒရေးရာဌာန၏ ညွှန်ကြားရေးမှူးနှင့်ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တန်ဇန်းနီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ပိုလန်နိုင်ငံတို့တွင် ဆွီဒင်သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းသည် အိမ်ထောင်ရှင်ဖြစ်ပြီး သမီးနှစ်ဦး ရှိသည်။

(သတင်းစဉ်)

## တီမောလက်စ်တေ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဟိုဆေး အန်တိုနီယို အမိုရင် ဒီအက်စ်၏နေရာတွင် မစ္စတာ ဂျိုအာ ဖရိတက်စ် ဒီ ကမ်မာရာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဂျိုအာ ဖရိတက်စ် ဒီ ကမ်မာရာကို ၁၉၅၅ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် လီပိုရွာ ဇူမာလိုင်မြို့နယ်၌ မွေးဖွားသည်။ ၎င်းသည် ၁၉၈၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ အက်မားဂျာယာကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့နှင့် ထိုင်းနိုင်ငံမှ စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဘွဲ့ကို ရရှိခဲ့သည်။

၎င်းသည် ၂၀၀၆-၂၀၀၈ ခုနှစ်အတွင်း နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၈-၂၀၁၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၂-၂၀၁၄ ခုနှစ်အထိ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ပဆက်ဆံရေးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဆိုင်ရာဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဂျိုအာ ဖရိတက်စ် ဒီ ကမ်မာရာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးငါးဦးရှိသည်။

(သတင်းစဉ်)

## အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၉**

မစ္စတာ ဘရီဒန် ရိုဂျာ(စ်)အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘရီဒန် ရိုဂျာ(စ်)အား ၁၉၅၄ ခုနှစ် မေလ ၉ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၇၅ ခုနှစ်တွင် ဒပ်ဘလင်မြို့ရှိ ထရီနီတီကောလိပ်မှ အင်္ဂလိပ်၊ သမိုင်း၊ ပထဝီဘာသာရပ်တို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ဘော်စတွန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံမဟာဘွဲ့ကို ရရှိခဲ့သည်။ မစ္စတာ ဘရီဒန် ရိုဂျာ(စ်)သည် ၁၉၇၉ ခုနှစ် မေလမှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တတိယအတွင်းဝန်ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၉ မှ ၁၉၉၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ စီးပွားရေးဌာန အင်ဂလို-အိုင်းရစ်(ရှ်)ဌာန၊ ဘောစတွန်မြို့ရှိ အိုင်ယာလန်ကောင်စစ်ဝန်ရုံး၊ သံတမန်ရေးရာဌာနနှင့် နိုင်ငံရေးရာဌာနတို့တွင် တတိယအတွင်းဝန်ရာထူးဖြင့်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဌာနနှင့် လူဆာကာနှင့် ကမ်ပါလာရှိ အိုင်ယာလန်သံရုံးများတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဌာန၌ သံမှူး၊ လက်ထောက်အတွင်းဝန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်အဖြစ်လည်းကောင်း ရာထူးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ယခုအချိန်အထိ ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

## ဆရာဝန်အသင်းမှ အမှုဆောင်အဖွဲ့များ ရွေးချယ်နိုင်ရန် သတ်မှတ်ထားသောပုံစံများ ထုတ်ယူနိုင်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံဆရာဝန်အသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ရွေးချယ်ခံကိုယ်စားလှယ် ဆရာဝန်များအနေဖြင့် သတ်မှတ်ထားသော ပုံစံနှင့်အရည်အချင်းသတ်မှတ်ချက်များအား မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)သို့ ဆက်သွယ်မေးမြန်း၍ ပုံစံများ ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

(သတင်းစဉ်)




မြန်မာ-ကိုရီးယား အနုပညာများပူးပေါင်းဖလှယ်ဆောင်ရွက်နိုင်ရန် သဘောတူလက်မှတ်ရေးထိုးပွဲတွင် ဘူဆန်အနုပညာနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌ Songyoung Myung ပြောကြားစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

❒ *ကျောဖုံးမှ*

အနီးကပ်ရယူနိုင်မှာဖြစ်ပါတယ်”ဟု New Treasure Art Gallery မှ ပန်းချီ မင်းဝေအောင်က ပြောသည်။

“ကျွန်တော်တို့ အနုပညာယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်မှုတွေလုပ်လိုတဲ့အတွက် ဒီသဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့တာပါ။ လာမယ့် ၂၀၁၆ ခုနှစ် ဘူဆန်အနုပညာပွဲတော်မှာ ပန်းချီနဲ့ဂီတကို အထူးပြုလုပ်သွားဖို့ရှိတာကြောင့် မြန်မာနိုင်ငံက အနုပညာရှင်တွေကို ဖိတ်ခေါ်သွားဖို့ရှိပါတယ်” ဟု ဘူဆန်အနုပညာနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌ Songyoung Myung က ပြောကြားသည်။

ဘူဆန်အနုပညာနှင့် ယဉ်ကျေးမှုအဖွဲ့သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံရှစ်နိုင်ငံမှ မြို့ရှစ်မြို့နှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးဖြစ်ကာ ၂၀၁၄ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့နှင့် လက်မှတ်ရေးထိုးခဲ့ကြသည်။

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလား ပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ (မိုး/ဇလ)



## ငြိမ်းချမ်းရေးဆွေးနွေးရန် ယီမင်တစ်ပတ်ကြာအပစ်ရပ်မည်

**ဂျီနီဗာ ဒီဇင်ဘာ ၈**

လူပေါင်း ၆၀၀၀ နီးပါး သေဆုံးပြီး လချီတိုက်ပွဲဖြစ်ပွားနေမှုများကို အဆုံးသတ်ရန်ရည်ရွယ်၍ ကုလသမဂ္ဂကြားဝင်စေ့စပ်မှုနှင့်အတူ ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ သီတင်းတစ်ပတ်ကြာအပစ်အခတ်ရပ်စဲရေးအတွက် ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့အား တောင်းဆိုထားကြောင်း ယီမင်သမ္မတက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရေးကာလအဖြစ် သတ်မှတ်တာကို ညွန့်ပေါင်းအဖွဲ့ခေါင်းဆောင်တွေကို အသိပေးလိုက်ပြီဖြစ်ပါတယ်" ဟု သမ္မတမန်ဆာဟာဒီက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသို့ ပေးသောစာတစ်စောင်၌ ရေးသား ဖော်ပြထားသည်။

"ဒီအပစ်အခတ်ရပ်စဲရေးက ငြိမ်းချမ်းရေးဆွေးနွေးဖို့ဖြစ်ပါတယ်၊ အီရန်ထောက်ခံတဲ့ ဟူသီတွေအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းကထပ်လောင်းပြောကြားသည်။ **(ရိုက်တာ)**

# မြောက်ကိုရီးယားလူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆွေးနွေးမည့်ကိစ္စ တရုတ်နှင့်ရုရှားတို့က ပယ်ချ

**ဂျီနီဗာ ဒီဇင်ဘာ ၈**

နာဇီခေတ်က ရက်စက်ကြမ်းကြုတ်မှုများကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုများရှိနေသည်ဟု ကုလသမဂ္ဂ၏ စွပ်စွဲခံရသည့် မြောက်ကိုရီးယားလူ့အခွင့်အရေးနှင့် ပတ်သက်၍ အထူး အစည်းအဝေးတစ်ရပ်ကျင်းပသွားရန် အမေရိကန်က စီစဉ်နေခြင်းကို တရုတ်နှင့် ရုရှားတို့က ဆန့်ကျင် ကန့်ကွက်ထားကြောင်း လုံခြုံရေးကောင်စီ သံတမန်များက တနင်္လာနေ့တွင် ပြောကြားသည်။



မြောက်ကိုရီးယား အလုပ်သမားပါတီထူထောင်မှု နှစ်(၇၀)ပြည့်အခမ်းအနားတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း တက်ရောက်ခဲ့စဉ်။

အဆိုပါ အထူးအစည်းအဝေးကို ကြာသပတေးနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးကောင်စီတွင် အဆိုပါကိစ္စရပ်အား ဆွေးနွေးဖွယ်ရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌက သောကြာနေ့တွင်ပြောကြားခဲ့သည်ဟု ဆိုသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ကိုးနိုင်ငံဖြစ်သည့် ချီလီ၊ ပြင်သစ်၊ ဂျော်ဒန်၊ လစ်သူယေးနီးယား၊ မလေးရှား၊ နယူးဇီလန်၊ စပိန်၊ ဗြိတိန်နှင့် အမေရိကန်တို့က ကျောထောက် နောက်ခံပြုသော အဆိုပါ အစည်းအဝေးကို ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်နှင့် ရုရှားတို့က အသိပေးထားသည်ဟုသံတမန်များက ရိုက်တာသို့ ပြောသည်။

"လုံခြုံရေးကောင်စီအနေနဲ့ လူ့အခွင့်အရေးကိစ္စကို အလုပ်ရှုပ်ခံဆွေးနွေးခြင်း မပြုသင့်ပါဘူး။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကိစ္စတွေသာ ဆွေးနွေးသင့်တာပါလို့ တရုတ်နိုင်ငံက လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတွေကို ပြောကြားခဲ့ပါတယ်"ဟု သံတမန်တစ်ဦးက ပြောသည်။

အလားတူ ရုရှားနိုင်ငံကလည်း အဆိုပါ အစည်းအဝေး မပြုလုပ်သင့်ကြောင်း သံတမန်များက ပြောသည်။ လုံခြုံရေးကောင်စီသည် အဆိုပါကိစ္စကို လွန်ခဲ့သော တစ်နှစ်က ဆွေးနွေးခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**




## စီးပွားရေးအကျပ်အတည်းလွတ်မြောက်ရေးကြိုးပမ်းမည် ဗင်နီဇွဲလားအနိုင်ရပါတီ သန္နိဋ္ဌာန်ပြုပြောကြား

**ကာရာကတ် ဒီဇင်ဘာ ၈**

ဗင်နီဇွဲလားအတိုက်အခံတို့အနေဖြင့် ၁၆ နှစ်တာအတွင်း ဆိုရှယ်လစ်အုပ်ချုပ်မှုကို အဆုံးသတ်ကာ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် အိုပက်အဖွဲ့ဝင် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးကိုမြှင့်တင်ပေးပြီး အကျဉ်းကျနိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား လွတ်မြောက်အောင်ဆောင်ရွက်ပေးရန် တနင်္လာနေ့က သန္နိဋ္ဌာန်ပြုပြောကြားလိုက်သည်။

တနင်္ဂနွေနေ့ကကျင်းပခဲ့သော ရွေးကောက်ပွဲတွင်ရလဒ်အချို့ တနင်္လာနေ့ညနေပိုင်းတိုင်အောင်ကြေညာနိုင်ခြင်း မရှိသေးသော်လည်း အမတ်နေရာ ၁၆၇ နေရာတွင် ဒီမိုကရက်တစ်ညီညွတ်သောညွန့်ပေါင်းပါတီက အမတ်နေရာအများစုဖြင့် အနိုင်ရထားသည်။

ရေတွက်ပြီးမဲများအရ အဆိုပါအတိုက်အခံပါတီသည် အမတ်နေရာအနည်းဆုံး ၁၁၂ နေရာရထား၍ အမတ်နေရာ သုံးပုံနှစ်ပုံအနိုင်ရထားပြီဖြစ်ကြောင်း အတိုက်ခံပါတီခေါင်းဆောင်များက ပြောသည်။ အသက် ၅၃ နှစ်အရွယ်ရှိ သမ္မတမာဒူရိုက ကာလကြာရှည်စွာ နိုင်ငံရေး အဆင်မပြေမှုများအပေါ် အကြမ်းဖက်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်၍ ရှုံးနိမ့်မှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း တနင်္လာနေ့ အစောပိုင်း မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောဆိုလိုက်သည်။ မဲဆန္ဒရှင်ပြည်သူများက စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းပေးနိုင်ရန် တွန်းအားပေးခဲ့ပြီး နောက်အစိုးရ တစ်ခုလုံးနီးပါး တနင်္လာနေ့တွင် ငြိမ်သက်လျက်ရှိသည်။ "ဒါက ကျွန်တော်တို့အတွက်တော့ အခွင့်အရေးတစ်ရပ်ပါပဲ " ဟု အတိုက်အခံခေါင်းဆောင် ဟင်းနရစ်ကာပရီလ်ကက်စ်က အနိုင်ရပြီးနောက် ပြောကြားသည်။ **(ရိုက်တာ)**

## နှစ်သန်းပေါင်း ၁၈၀ ရှိ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင်တွေ့ရှိ

**ပေကျင်း ဒီဇင်ဘာ ၈**

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာ တွားသွားသတ္တဝါခေတ်က ဒိုင်နိုဆောရုပ်ကြွင်းနှစ်ခုကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင်တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

အဆိုပါ ဒိုင်နိုဆောရုပ်ကြွင်းနှစ်ခုသည် လူဖန်ဂိုဆောရပ်စ် မက်ဂနက်စ်နှင့် လူဖန်ဂိုဆောရပစ်ဟူနေး ဆိုသော ဒိုင်နိုဆော မျိုးနွယ်များဖြစ်ကြောင်းသိရသည်။

ယင်းဒိုင်နိုဆော ရုပ်ကြွင်းများကို ယူနန်ပြည်နယ် လူဖန်စီရင်စုတွင် လမ်းလုပ်ငန်းဆောင်ရွက်စဉ်လွန်ခဲ့သောလက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူဖန်ဂိုဆောရပ်စ် မက်ဂနက်စ်မျိုးနွယ်ဝင် ဒိုင်နိုဆောမှာ ခန့်မှန်း ငါးမီတာကျော် အရှည်ရှိကြောင်းသိရပြီး တင်ပါးဆုံအရိုး သုံးခုအပါအဝင် ကျောရိုး ၁၃ချောင်းနှင့် အမြီးအရိုး ၂၂ ချောင်း၊ နောက်ဘက်ခြေချောင်းအရိုးများကိုလည်း တွေ့ရှိရပြီး စုစုပေါင်း အရှည် ကိုးမီတာခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း လူဖန်မြေယာအရင်းအမြစ်ထိန်းသိမ်းရေးဗျူရိုမှ ဘူမိဆိုင်ရာအမွေအနှစ်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဝမ်တောင်က ပြောခဲ့သည်။

အခြား ဒိုင်နိုဆောရုပ်ကြွင်းတစ်ခုကို ပထမတွေ့ရှိခဲ့သော ဒိုင်နိုဆောရုပ်ကြွင်းနှင့် မီတာ ၅၀၀ အကွာတွင်တွေ့ရှိခဲ့ကြောင်း သိရသည်။ ဒိုင်နိုဆောရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခဲ့သော နေရာတွင် ပြတိုက်တစ်ခုတည်ဆောက်မည်ဖြစ်ကြောင်း ဝမ်က ဆင်ဟွာသတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## အမေရိကန်က စင်ကာပူသို့ နောက်ဆုံးပေါ်လေယာဉ်တစ်စင်း ပေးပို့

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်ပြည်ထောင်စုသည် နောက်ဆုံးပေါ်လေယာဉ်တစ်စင်းကို စင်ကာပူသို့ ပို့ဆောင်လိုက်ပြီး ၎င်း၏ တပ်ချထားမှု စတင်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၈ ရက်က ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် စင်ကာပူကာကွယ်ရေးဝန်ကြီးတို့သည် အမေရိကန်နိုင်ငံ ပင်တဂွန်၌ ဒီဇင်ဘာ ၈ ရက်က ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် အမေရိကန် ရေတပ် P-8 Poseidon လေယာဉ်ကို စင်ကာပူသို့ သုံးလတစ်ကြိမ်စေလွှတ်ရန်ပါရှိသည်။

သို့သော်လည်း တပ်ချထားမှုသည် အချိန်မည်မျှကြာမည် ဘယ်လောက်ပမာဏထိဖြန့်ကြက်ဆောင်ရွက်မည်စသည့် အသေးစိတ်အချက်အလက်များကိုမူ ထည့်သွင်းဆုံးဖြတ်ခြင်းမပြုရသေးကြောင်း သိရသည်။

လေယာဉ်တစ်စင်းကို စင်ကာပူသို့ ဒီဇင်ဘာ ၈ ရက်တွင် ပေးပို့ခဲ့ပြီး တစ်ပတ်အတွင်းရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

နှစ်ဖက်ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံပြီးနောက် ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်တွင် အမေရိကန်၏ စစ်ဘက်နေရာချထားမှုသည် ဒေသတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပင်လယ်ရေကြောင်း လုံခြုံရေးတွင် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံ

ထွန်းတောက်

## COP-21 ညီလာခံ

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ကုလသမဂ္ဂအဖွဲ့က ဦးဆောင်သည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ညီလာခံ (COP-21)ကို စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှခေါင်းဆောင်များ စုံညီစွာ တက်ရောက်လာကြသည်။ ယင်းညီလာခံကို သီတင်းနှစ်ပတ်ကြာကျင်းပရန် စီစဉ်ထားသည်။

COP-21 ညီလာခံသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကပ်ဆိုးများကို ရှောင်လွှဲနိုင်ရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုများကို တစ်ကမ္ဘာလုံးကန့်သတ်နိုင်ရေး သဘောတူညီမှုရရှိရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာသဘောကွဲလွဲမှုများကို အဆုံးသတ်စေပြီး သဘောတူချက်တစ်ရပ်ရရှိစေရန် ဦးတည်၍ ဆွေးနွေးပွဲကို စတင်လိုက်ခြင်းဖြစ်သည်။

အကယ်၍ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းချုပ်ရန် အရေးယူ ဆောင်ရွက်မှုမရှိပါက မြေနိမ့်ပိုင်းကျွန်းနိုင်ငံများကို ရေအောက်သို့ရောက်စေမည့် ပင်လယ်ရေပြင်မြင့်တက်မှုနှင့် ပဋိပက္ခများကို ဦးတည်စေနိုင်သည့် မိုးခေါင်ရေရှားမှုကဲ့သို့သောအဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့ကြုံတွေ့ရမည်ဟု သိပ္ပံပညာရှင်များက သတိပေးထားသည်။

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုနှင့် မလုံခြုံမှုတို့အတွက် ပိုမိုတီထွင်ဆန်းသစ်သောနည်းလမ်းများကို တင်ပြကြရန် ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ ဂျင်ယွန်ကင်က တိုက်တွန်းထားသည်။

ရာသီဥတုပြောင်းလဲမှုပြဿနာကို ဖြေရှင်းရန်အတွက် ကြိုးပမ်းမှုအဖြစ် ဤညီလာခံကို ၁၉၉၂ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့သည်။ သို့သော် အဓိကအားဖြင့် ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများကြား ကြီးမားသော သဘောထားကွဲလွဲမှုများကြောင့် ယခင်ကြိုးစားအားထုတ်မှုများအားလုံး အောင်မြင်မှုမရရှိပေ။

အငြင်းပွားသောကိစ္စများစွာ ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ ချမ်းသာသောနိုင်ငံအများစုသည် စက်မှုတော်လှန်ရေးကာလကိုဖြတ်သန်းကာ ကြွယ်ဝချမ်းသာလာသော ယနေ့အချိန်အထိ ရုပ်ကြွင်းလောင်စာများစွာကို သုံးစွဲခဲ့သောကြောင့် ရာသီဥတုပြောင်းလဲမှု ဟန့်တားတိုက်ဖျက်ရေးတာဝန်များကို ၎င်းတို့ လက်ခံဖြေရှင်းရမည်ဟု ဆင်းရဲသောနိုင်ငံများက အခိုင်အမာပြောဆိုသည်။

သို့သော် တရုတ်၊ အိန္ဒိယနှင့်အခြားထွန်းသစ်စနိုင်ငံများသည် ၎င်းတို့၏ကြီးထွားလာသော စက်မှုစီးပွားရေးလုပ်ငန်းများတွင် ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ပိုမိုမြင့်တင်လာခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၌ ၎င်းတို့ပိုမိုတာဝန်ယူလုပ်ဆောင်ရမည်ဟု အမေရိကန်နှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများက အလေးထားပြောဆိုကြသည်။

## ပေကျင်းလေထုညစ်ညမ်းမှု

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားသည့်အတွက် ပေကျင်းနှင့် အိန္ဒိယမြို့ကြီးများတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသည်မှာ ရာသီဥတုပြောင်းလဲမှု၏ ထင်ရှားသည့် သက်သေသာဓကများ ဖြစ်သည်။

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တရုတ်အာဏာပိုင်များသည် မြို့တော်ပေကျင်းတွင် ယခုနှစ်အတွင်း ဒုတိယအမြင့်ဆုံး မြူခိုးထူထပ်မှု လိမ္မော်ရောင်အဆင့်ကို သတ်မှတ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါလိမ္မော်ရောင်အဆင့်သည် ဒေသခံပြည်သူများအနေဖြင့် ပြင်ပသို့ထွက်လျှင် လေထုညစ်ညမ်းမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေအထိ ရောက်ရှိနေသည်ဟု သတိပေးခြင်းဖြစ်ကာ နေအိမ်တွင်း၌သာ တတ်နိုင်သမျှနေထိုင်ရန်ဆိုလိုရင်းဖြစ်သည်။

ပေကျင်းတွင် ထိုသို့လေထုညစ်ညမ်းမှုမြင့်တက်နေခြင်းမှာ ပါရီမြို့တော်တွင် တရုတ်ခေါင်းဆောင်များအပါအဝင် ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်နေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်နေချိန်နှင့်တိုက်ဆိုင်နေသည်။

လိမ္မော်ရောင်အဆင့်သည် လေထုညစ်ညမ်းမှုမြင့်တက်နေမှုကို ပြသနေခြင်းဖြစ်သည်။ လေထုအတွင်း အမှုန်ပါဝင်မှု PM 2.5 အဆင့်ဖြစ်နေကာ အန္တရာယ်မဖြစ်သည့်အဆင့်သတ်မှတ်ချက်ထက် အမှုန်ပါဝင်မှုနှုန်း ၁၅ ဆ ပိုများနေသည့် သဘောဖြစ်သည်။

ပေကျင်းမြို့ရှိ အမေရိကန်သံရုံးကမူ PM 2.5 အဆင့်မှာ တစ်ကုဗမီတာ၌ အမှုန်ပါဝင်မှု ၁၉၀ မိုက်ကရိုဂရမ်နှုန်းကျော် ပါဝင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒုတိယအမြင့်ဆုံး လေထုညစ်ညမ်းမှုသတ်မှတ်ခြင်းကြောင့် ပေကျင်းမြို့တော်တွင် စက်ရုံများ၌ မီးခိုးထုတ်လွှတ်မှုလျှော့ချစေခဲ့ပြီး လမ်းများပေါ်တွင် ကုန်တင်ကားကြီးများ သွားလာမှုကို ပိတ်ပင်လိုက်သည်။

## သမ္မတဟော်လန်း၏မိန့်ခွန်း

(၂၁)ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာညီလာခံ၌ ပြင်သစ်သမ္မတကြီး ဖရန်ဆွာ ဟော်လန်းက မိန့်ခွန်းပြောဆိုရာတွင် ဤထိပ်သီးဆွေးနွေးပွဲတွင် လူသားတို့၏ ဘဝကံကြမ္မာကို အုတ်မြစ်အခြေခံအောင် ပန္နက်ချမှာဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ အကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် အစွန်းရောက်များ၏စိန်ခေါ်မှုများကို ရဲဝံ့စွာတုံ့ပြန်ရန်နှင့် ကမ္ဘာ့ရာသီဥတုဆိုင်ရာ အရေးပေါ်လုပ်ငန်းများတွင် သဘောတူညီမှုရရှိရန် လုပ်ဆောင်မှာဖြစ်သည်ဟု အလေးအနက်ပြောကြားခဲ့သည်။

ကမ္ဘာ့ခေါင်းဆောင်များသည် ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ပြင်သစ်နှင့် တစ်သားတည်းဖြစ်ကြောင်းပြသရန်နှင့် ကမ္ဘာကြီးပူနွေးမှုကို ဟန့်တားနိုင်ရန်အတွက် မိမိတို့နှင့် သက်ဆိုင်သော တာဝန်အသီးသီးကို ဆောင်ရွက်ရန် ယခုကဲ့သို့ ပါရီမြို့တော်၌ တွေ့ဆုံခြင်းဖြစ်ကြောင်း မစ္စတာဟော်လန်းက ပြောကြားခဲ့သည်။

ဘီဘီစီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သတင်းထောက် ဖက်မက်ဂရက်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို မထိန်းချုပ်နိုင်လျှင် ယနေ့အချိန်နှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်လောက်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ၂၂ ရာခိုင်နှုန်းမြင့်တက်လာနိုင်သည်ဟု ဖော်ပြထားပါသည်။

ဖန်လုံအိမ်အာနိသင်ထိန်းချုပ်ရေး သဘောတူညီချက်စာချုပ် (INDCS) တွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံ ၁၅၀ အနက် အချို့သောနိုင်ငံများမှာ ကာဗွန်ဓာတ်ငွေ့လျှော့ချရေးကို အမျိုးသားရေးစီမံချက်များဖြင့် ဆောင်ရွက်နေသော်လည်း အချို့ဆင်းရဲသောနိုင်ငံများမှာ ကြွယ်ဝသောနိုင်ငံများ၏ ငွေကြေးထောက်ပံ့မှုမရ၍ ပြုလုပ်နိုင်ခြင်း မရှိပေ။

၂၀၀၉ခုနှစ် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ပြုလုပ်ခဲ့သည့် ရာသီဥတုညီလာခံတွင် ကာဗွန်ဓာတ်ငွေ့လျှော့ချရေးကို အမျိုးသားရေးစီမံချက်ဖြင့် ဆောင်ရွက်နေသော အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံသာရှိသည်ဟု သိရှိရသည်။

ယနေ့အချိန်၌ တရုတ်၊ တောင်အာဖရိက၊ စင်ကာပူကဲ့သို့သော ထွန်းသစ်စနိုင်ငံများနှင့် အီသီယိုးပီးယား၊ ဘူတန်၊ ကိုစတာရီကာ နိုင်ငံငယ်များကလည်း ကာဗွန်ဓာတ်ငွေ့လျှော့ချရန် ကြိုးပမ်းဆောင်ရွက်လာသည်။ ကမ္ဘာ့နိုင်ငံများ၏ ကာဗွန်ဓာတ်ငွေ့လျှော့ချရေးလုပ်ဆောင်မှုများ တစ်စတစ်စ ကျယ်ပြန့်လာသည်ဟု ဘီဘီစီသတင်းထောက် ဖက်မက်ဂရက်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အကြီးအကဲ ခရစ်တီးနားဖီဂါရီက ပါရီတွင် ယခုကျင်းပနေသည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ညီလာခံသို့ ၁၉၅ နိုင်ငံမှ ခေါင်းဆောင်များသည် မိမိသဘောအလျောက် အားတက်သရော စုစည်းညီညာစွာ ပါဝင်လာမှုကြောင့် သဘောတူညီချက်များ ရရှိလာနိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိနေပါသည်ဟု ပြောဆိုသည်။ ၎င်းအနေဖြင့် နိုင်ငံ့ခေါင်းဆောင်များကြားတွင် တက်ကြွစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၉ ခုနှစ် ကိုပင်ဟေဂင်မြို့ ရာသီဥတု ညီလာခံတွင် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးလုပ်ငန်းကိစ္စများ၌ ကမ္ဘာ့ခေါင်းဆောင်များကြားတွင် ငြင်းခုံမှု၊ သဘောထားကွဲပြားမှုဖြင့်သာ မအောင်မမြင် အဆုံးသတ်ခဲ့ရသည်။ ကာဗွန်ဓာတ်ငွေ့လျှော့ချရေးကို အမျိုးသားရေးစီမံချက်များဖြင့် ဆောင်ရွက်ရာတွင် ငွေကြေးရန်ပုံငွေကလည်း အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်သည်ဟု ပညာရှင်များကထောက်ပြသည်။ နည်းပညာပိုင်းကလည်း အရေးကြီးပါသည်။ ပါရီညီလာခံတွင် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။

အမှန်တကယ်တော့ လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးသည် လူသားမျိုးနွယ်တို့အတွက် အနာဂတ်တွင် ဆက်လက်ရှင်သန်ကြီးထွားစေရန်အတွက် အလွန်အန္တရာယ်ကြီးမားသော သဘာဝကပ်ဘေးများကို ဖယ်ရှားနိုင်ရန် ကြိုးပမ်းနေခြင်းသာဖြစ်သည်ဟု သိပ္ပံပညာရှင်များက အလေးထားပြောဆိုသတိပေးနေကြသည်။



ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာညီလာခံ ကျင်းပခဲ့သည့် ပြင်သစ်နိုင်ငံ ပါရီမြို့။

## အမေရိကန်က မြန်မာနိုင်ငံအပေါ်ချမှတ်ခဲ့သော စီးပွားရေးအရေးယူပိတ်ဆို့မှုများကို ယာယီဖြေလျှော့ပေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံပေါ်ပြုလုပ်ခဲ့သော စီးပွားရေး သို့မဟုတ် ကုန်သွယ်မှုဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ယာယီအဆင်ပြေအောင်ဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၈ ရက်က ဖော်ပြခဲ့သည်။

ထို့ကြောင့် လေဆိပ်များနှင့် ဆိပ်ကမ်းများမှ ကုန်ပစ္စည်းပို့ဆောင်မှုများကို ခွင့်ပြုလိုက်ကြောင်း အမေရိကန်ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာခဲ့သည်။

အဆိုပါ သက်ညှာခွင့်မှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ဆိပ်ကမ်းများမှ ကုန်ပစ္စည်းတင်ပို့ခြင်းကို အမေရိကန်က စီးပွားရေးအရ အရေးယူပိတ်ဆို့မှုလုပ်မည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ စီးပွားရေး သို့မဟုတ် ကုန်သွယ်မှုဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ယာယီဖြေလျှော့ပေးခြင်းမှာ မြန်မာနိုင်ငံတွင် မကြာသေးမီက ပြုလုပ်ခဲ့သော ရွေးကောက်ပွဲကြောင့်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

သို့သော် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုလုပ်ငန်းစဉ်၌ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဖော်ဆောင်မှုနှင့် အခြားကိစ္စရပ်များတွင် စောင့်ကြည့်မှုများပြုလုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသော အမေရိကန်မူဝါဒကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့သည်။

**တင်လင်းအောင်**

# မေတ္တာပါမှ အဆင်ပြေ

ချစ်နိုင်(စိတ်ပညာ)

"ကြင်နာတဲ့စကားဟာ တိုတောင်းပြီး ပြောဖို့လည်း လွယ်ကူပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ပဲ့တင်သံကတော့ အမှန်တကယ် အဆုံးမရှိနိုင်ဘူး"

သက်ရှိသတ္တဝါများအနက် လူသားသည် အသိဉာဏ်အရှိဆုံးဖြစ်၏။ လူ၏အသိဉာဏ်မြင့်မားမှုကြောင့် အင်အားအလွန်ကြီးမားသော ဆင်ကိုလည်း သင်ကြားပြသကာ ခိုင်းစေနိုင်၏။ မြင်း၊ ကျွဲ၊ နွား စသည်များကိုလည်း ဝန်သယ်ခြင်း၊ လှည်းဆွဲခြင်း၊ လယ်ထွန်ခြင်း စသည့် အလုပ်ကိစ္စအမျိုးမျိုး၌ စေခိုင်းတတ်၏။ ရေခဲပြင်ဒေသတွင် ခွေးများကိုပင် စွတ်ဖားလှည်းကို ဆွဲအောင် လေ့ကျင့်ပြီး ခိုင်းစေတတ်သည်မှာ လူသားပင် မဟုတ်လား။

လူသည် အသိဉာဏ်ပညာကြီးမားသည်မှန်သော်လည်း အခြားသတ္တဝါများထက် အားနည်းချက်တစ်ခုတော့ရှိလေသည်။ ငယ်ရွယ်စဉ်မှစ၍ မိဘ၏ ပြုစုယုယမှု၊ ကျွေးမွေးသုတ်သင်မှုကို မှီခိုရခြင်းဖြစ်၏။ ဆင်၊ မြင်း၊ ကျွဲ၊ နွား ၊ ခွေး၊ ဆိတ်၊ ဝက် စသည်တို့နှင့် ငါး၊ လိပ်၊ ပုစွန် စသည့် ရေသတ္တဝါတို့သည် အချိန်တိုအတွင်း၌ အမှီခိုကင်းစွာ ရှင်သန်နိုင်ကြ၏။

လူသားမှာ စားရေး၊ ဝတ်ရေး၊နေရေးတို့အတွက် သူတစ်ပါးကို များစွာအကူအညီယူရပေသည်။ ထို့ကြောင့် မိဘဆွေမျိုးများမှအစ လူမျိုး၊ ရပ်ရွာ၊ အစုအဝေးမှာပါဝင်လျက် အများနှင့်ပေါင်းသင်းဆက်ဆံရလေသည်။

လူနှင့်လူချင်း ဆက်ဆံရေးသည် မည်သူမဆို လူတစ်ယောက်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပေသည်။ ပေါင်းသင်းဆက်ဆံရေးကောင်းလျှင် ကောင်းသလောက် အောင်မြင်သည်။ ဆက်ဆံပြောဆိုမှု၊ ပြုမူမှုညံ့ဖျင်းလျှင် ညံ့ဖျင်းသလောက် ဒုက္ခရောက်ရသည်။ အခက်အခဲတွေ့ရသည်။ မိသားစုနှင့် အိမ်ထောင်ရေးမှအစ နိုင်ငံရေး၊ တိုင်းပြည်ရေးအထိ။

လူတစ်ယောက်ကို မိမိအား မုန်းသွားအောင် ပြောဖို့ရာ မခက်ပေ။ ချစ်နေအောင် ပြောတတ်ဖို့ကား အကျိုးရှိပေသည်။ သို့ရာတွင် ခက်ခဲပေသည်။ လူလူချင်းဆက်ဆံရေး၏ အရေးပါပုံနှင့် စိတ်ရှည်သည်းခံပြီး မေတ္တာဓာတ်ဖြင့် ချဉ်းကပ်ဆွဲဆောင်လျှင် အောင်မြင်၏။ ကြမ်းတမ်းလှပါသည်ဆိုသော အာဠာဝက ဘီလူးပင်ဖြစ်စေ၊ ရိုင်းစိုင်းလှပါသည်ဆိုသော နာဠာဂီရိဆင်ပင်ဖြစ်စေ၊ ရက်စက်လှပါသည်ဆိုသော လူဆိုးကြီး အင်္ဂုလိမာလပင်ဖြစ်စေ၊ ဦးညွှတ်နာခံအောင် စွမ်းဆောင်နိုင်လေသည်။ မေတ္တာဓာတ်၏ စွမ်းအားသတ္တိကို မည်သည့်ရန်သူမှ မလွန်ဆန်နိုင်ချေ။ မေတ္တာနာမ အထသော အဒေါသော မေတ္တာသည် ဒေါသကို အနိုင်ယူနိုင်စွမ်းရှိ၏။

အောင်ခြင်းရှစ်ပါးအစရှိသော မြတ်စွာဘုရား၏ ရန်ပြုတိုက်ခိုက်လာသူမှန်သမျှအား ရန်ကိုရန်ချင်း မတုံ့နှင်းဘဲ မေတ္တာလက်နက်ဖြင့်သာ အနိုင်ယူခဲ့ကြောင်း ဗုဒ္ဓဘာသာဝင်ကလေးသူငယ်ကအစ သိရှိကြပေသည်။ ဘာသာတရားများက မေတ္တာတရားကို တန်ဖိုးထားရန် သင်ကြားကြ၏။

မာရ်နတ်ကို ဘယ်သို့ဘယ်ပုံ အောင်သနည်း။

ဒေဝဒတ်ကို မည်သို့မည်ပုံ အောင်သနည်း။

လူတိုင်းလိုလိုကြားဖူး၏။ သိကြ၏။ အမှန်ပင်။

သို့ရာတွင် တကယ်လိုက်နာ ကျင့် မကျင့်ကမူ တစ်ဦးချင်း၏ အနုသယကိလေသာ အထူအပါးပေါ်မူတည်သည်လားမသိပါ။ သိတာတခြား၊ ကျင့်တာတလွဲဖြစ်သူကများလေသည်။ နိဝရဏတရားတွေ ထူထပ်လေသလော။ မေတ္တာဟူသော သူတစ်ပါး ပျော်ရွှင်ပါစေ၊ ချမ်းမြေ့ပါစေ၊ ကျန်းမာပါစေ၊ ဝမ်းသာပါစေ၊ သဘောထားကို တကယ်အစစ်အမှန်ထားတတ်ကြဖို့သာလိုနေသည်။ အပြစ်တင်၊ ပြစ်မှု၊ မုန်းတီး၊ ရန်ငြိုးဖွဲ့၊ ပုတ်ခတ်၊ ရှုတ်ချ၊ တိုက်ခိုက်၊ သတ်ဖြတ်၊ ချေမှုန်း၊ လက်စားချေ၊ မီးခိုးမဆုံး မိုးမဆုံး၊ အမုန်းသံသရာလည်နေတတ်ကြ၏။ အကျိုးမရှိ။

ဘဝတစ်ခုကား စတင်ပြီး မကြာမတင်အဆုံးသတ်ရ၏။ မည်သူမှ အသက် ၁၂၀ ကျော်အောင် မနေရပါ။ အသက် ၇၀-၈၀ ဆိုသည်ပင် အိုစာရွတ်တွနေကြပါပြီ။ အချိန်သည် အတိုင်းအဆရှိသည်။ လူ့ဘဝကား တစ်ခဏတာ၊ ငြူစူ စောင်းမြောင်း၊ မုန်းတီးရန်လုပ်ပြီး အို၊ နာ၊ သေသွားကြသူတွေများလှပေပြီ။ သင်ခန်းစာယူသင့်သည်။ တိုတောင်းလှသော လူ့ဘဝခဏတာကို မိမိအတွက်ရော အများအတွက်ပါ တန်ဖိုးရှိသော အချိန်လေးအဖြစ် အကျိုးရှိရှိ အသုံးချမသွားသင့်ပါလား။ အမုန်းစကား၊ ရန်တရားများဖြင့် ပူလောင်မနေသင့်ပေ။ မေတ္တာတရား၊ ခွင့်လွှတ်သည်းခံ၊ ဆက်ဆံခြင်းများနှင့် ကမ္ဘာကြီးကို သာယာလှပအောင် လုပ်ဆောင်သင့်လေသည်။ အသက်အရွယ်ဆယ်ကျော်သက်မျှသာရှိသေးသော အန်းဗီယာဂို (Ann Virgo) အမည်ရှိ မိန်းကလေး၏ သူ့ကိုယ်တွေ့ အဖြစ်မှန် ဖော်ပြရေးသားချက်ကို ဖတ်ကြည့်စေလိုပါသည်-

"ကျွန်မဘဝတွင် အဆိုးဆုံးအနိုင်ကျင့်မှုတစ်မျိုးကို ကြုံတွေ့ခဲ့ရဖူးသည်။ ကျွန်မကို အနိုင်ကျင့်သူ၏အမည်မှာ ခရစ်စတီ ဟု ဆိုကြပါစို့။ သူမကို လူအတော်များများက ချစ်ကြသည်။ သူမ၏ လံကြုပ်ဇာတ်လမ်းများဖြင့် အရှုးလုပ်ခံနေရတာကိုတော့ သူတို့မသိကြ။ ခရစ်စတီကို ကျွန်မစတွေ့တာ ပန်းချီအတန်းပထမဆုံးနေ့ဖြစ်သည်။ ကျွန်မက ပန်းချီဆွဲရတာကို သဘောကျသည်။ ကျွန်မ စိတ်လှုပ်ရှားမှုတို့ မပျောက်သေးခင်မှာဘဲ ခရစ်စတီက ကျွန်မကို စိုးရိမ်ထိတ်လန့်အောင်လုပ်လိုက်ပါသည်။

ပန်းချီသင်သည့်အခန်းသို့ ပထမဆုံးအကြိမ်အဖြစ် ကျွန်မဝင်လာသည့်အခါ အခန်းနောက်ဆုံးတွင် လွတ်နေသော ခုံတစ်လုံးကို တွေ့လိုက်ရသည်။ ကျွန်မက ထိုနေရာတွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်မ၏ဘေးတွင် ထိုင်နေခဲ့သူက ခရစ်စတီဖြစ်ပါသည်။ ကျွန်မကိုယ်ကျွန်မ မိတ်ဆက်ဖို့ အခွင့်အရေးမရခင်မှာဘဲ ခရစ်စတီက သူမ၏ သူငယ်ချင်းဘက်လှည့်ပြီး ပြောလိုက်သည်။ "ဒီနေရာက ရွှေ့ကြစို့" ထိုင်နေသောခုံတွင် အမှားအယွင်းတစ်ခုခု ကြီးကြီးကျယ်ကျယ်ရှိပြီဟု ယူဆပြီး သူတို့ထရာနောက်သို့ ကျွန်မလိုက်သွားမိပါသည်။ သူမက ကျွန်မကို အူကြောင်ကြောင်နှင့် ပြန်ကြည့်သည်။ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ မိတ်မဆက်ရသေးသဖြင့် ဤသို့ဖြစ်ရသည်ဟု ယူဆပြီး ကျွန်မက "ကျွန်မနာမည် အန်းပါ" ဟု ယဉ်ယဉ်ကျေးကျေး မိတ်ဆက်လိုက်ပါသည်။ သူမက မထီတရီပြုံးလိုက်ပြီး "ဒီမှာ. . . အန်း၊ တို့နာမည်က ခရစ်စတီ။ မင်းနဲ့အတူ မထိုင်ချင်လို့ တို့နဲ့ တို့သူငယ်ချင်းနေရာရွှေ့ထိုင်တာ" ဟူ၍ ပထမဆုံးတိုက်ကွက်ကို စဖွင့်ပါသည်။

နောက်ရက်များ၌ ခရစ်စတီကို ရှောင်ရန် ကျွန်မကြိုးစားပါသည်။ ဒါပေမယ့် ကြာကြာမခံပါ။ သူမက ကျွန်မနှင့်ပတ်သက်သမျှအရာရာကို သရော်လှောင်ပြောင်လာပါသည်။ ကျွန်မ၏ ဆံပင်ပုံစံ၊ ကျွန်မဝတ်ပုံစားပုံ၊ ကျွန်မစကားပြောပုံနှင့် ကျွန်မဖန်တီးသည့် ပန်းချီအနုပညာကိုပါမချန် သူက ဟာသလုပ်တတ်ပါသည်။ ကျွန်မက ကျွန်မမိသားစုနှင့် သူငယ်ချင်းများကို အကျိုးအကြောင်းပြောပြသည်။ သူတို့ကလည်း အကြံဉာဏ်တချို့ပေးလာကြသည်။ အတန်းပြောင်းတက်တာပဲဖြစ်ဖြစ်၊ ကျောင်းရှိ အကြံပေးအရာရှိနှင့် စကားပြောကြည့်ဖို့ဖြစ်ဖြစ် လုပ်ကြည့်ရန် ပြောကြသည်။ စကားမစပ် အကြံပေးအရာရှိက ခရစ်စတီ့ကို သဘောကျသည်။ ထို့ကြောင့် မဖြစ်နိုင်တာကို လုပ်ကြည့်ရန် ကျွန်မဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်မ ခရစ်စတီနှင့် သူငယ်ချင်းဖြစ်အောင် လုပ်မည်။

"ကြင်နာတဲ့စကားတိုင်းဟာ တိုတောင်းပြီး ပြောဖို့လည်းလွယ်တယ်။ ဒါပေမယ့် သူတို့ရဲ့ ပဲ့တင်သံကတော့ အဆုံးမရှိဘူး" ဟုမာသာထရီဆာက ပြောဖူးပါသည်။ ခရစ်စတီ့ကို စတွေ့ကတည်းက ကျွန်မ ဤစကားကို သတိရခဲ့မည်ဆိုလျှင် ကျွန်မပြဿနာကို ပို၍ ရှင်းရှင်းလင်းလင်း ဖြေရှင်းနိုင်ခဲ့လိမ့်မည်ဟု စဉ်းစားမိသည်။ ကျွန်မနှင့်ပတ်သက်၍ ခရစ်စတီက မနှစ်မြို့ဖွယ်စကားများ ပြောဆိုသောအခါ ကျွန်မယဉ်ယဉ်ကျေးကျေးပင် ပြန်တုံ့ပြန်ပါသည်။ သူမမျှော်လင့်ထားသည့် တိတ်ဆိတ်မှု (သို့မဟုတ်) ခံစားနာကျင်နေသော မျက်နှာအစားသူမကို ချီးမွမ်းပြောဆိုသောစကားတစ်ခု ခရစ်စတီပြန်ရသည်။ ဒါက သူ့ဒေါသကို မီးနှင့်တို့ပေးသလိုဖြစ်နေသည်။ သူမက ယခင်ထက် ကျွန်မအပေါ် ဝေဖန်မှုများပိုလုပ်လာသည်။ ကျွန်မ အစီအစဉ်အလုပ်ဖြစ်ကြောင်း ပြသသည့်လက္ခဏာ တစ်ခုပင်ဖြစ်သည်။ ကျွန်မတို့နှစ်ဦး ပြောဆိုဆက်ဆံပုံကို ဥပမာ ပြမည်ဆိုလျှင် ဤသို့ဖြစ်လိမ့်မည်။

"အန်း၊ အားတော့နာပါတယ်။ ဒါပေမယ့် ဒီပန်းချီပုံကတော့ တို့မြင်ဖူးသမျှထဲမှာ အစုတ်ပြတ်ဆုံးပန်းချီပဲ။ မင်းဘယ်လိုပုံကြီးကို ဆွဲထားတာလဲ"

"ဟုတ်လား၊ ကျွန်မကတော့ လှတယ်လို့ထင်တယ် ခရစ်စတီရဲ့။ အခုကျွန်မဒီမှာသုံးထားတဲ့ မိုးပြာရောင်လေးဆိုရင် မနေ့ကရှင်ဝတ်လာတဲ့ အင်္ကျီအရောင်လှလှလေး အတိုင်းပဲ"

ကျွန်မ၏အကြင်နာထားသည့်စကားများက သူမကို တဖြည်းဖြည်း ဆွဲဆောင်နိုင်လာသည်။ သူမက ကျွန်မကို မေးသည်။

"မင်းဘာတွေကြံစည်နေတာလဲ အန်း။ ဘာလို့တို့အပေါ် ဒီလောက်ကောင်းနေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ တို့အပေါ်မင်းပြန်ကောင်းတာကို လိုချင်လို့ပဲ"

နောက်ထပ်ဖြစ်လာသော အဖြစ်အပျက်မှာ အံ့ဩစရာကောင်းလှသည်။ ခရစ်စတီ ကမ္ဘာ့တစ်ခုလုံးကို ပြောင်းပြန်လှန်လိုက်သကဲ့သို့ ပြောင်းလဲသွားပါသည်။ သူမ၏ သူငယ်ချင်းကပင်လျှင် ကျွန်မပြောသည့် စကားအပေါ် အကြီးအကျယ် အံ့အားသင့်သွားပါသည်။ ကျွန်မတို့နှစ်ယောက်အကြား အကျိတ်အခဲလေးတွေ မကြာခင်မှာ ပြေလည်သွားတော့မည်။

နောက်ရက်အနည်းငယ်အကြာတွင် ပန်းချီအတန်းအချိန်၌ ကျွန်မတို့သုံးယောက်တိတ်ဆိတ်စွာထိုင်နေကြသည်။ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူက ခရစ်စတီဖြစ်သည်။

"အန်း မင်းရဲ့အင်္ကျီလေးက ချစ်စရာလေး။ ဘယ်ကနေဝယ်တာလဲ"

ဤစကားအဆုံးတွင် ကျွန်မတို့စကားဆက်ပြောဖို့ ပို၍ လွယ်ကူသွားသည်။ ထို့နောက်တွင်တော့ ပို၍ သက်သောင့်သက်သာရှိလာသလို ခံစားရပါသည်။ ခရစ်စတီနှင့် ကျွန်မတဖြည်းဖြည်း တစ်ယောက်အကြောင်းကို တစ်ယောက်ပိုသိလာပါသည်။ ခရစ်စတီ့ကို ကျွန်မ၏သူငယ်ချင်းဖြစ်အောင် လုပ်လိုက်ခြင်းဖြင့် သူမ၏ အနိုင်ကျင့်ဗိုလ်ကျချင်သော စိတ်ကို ဖျက်ဆီးလိုက်နိုင်ပါသည်။

အစမကောင်းခဲ့သော်လည်း ခရစ်စတီနှင့်ကျွန်မ နှစ်အနည်းငယ်ကြာအောင် မိတ်ဆွေသူငယ်ချင်းများအဖြစ် ရှိခဲ့ကြသည်။ သူနှင့်ကျွန်မအကြားအမှတ်ရစရာ အဖြစ်ပျက်ကလေးများပင်ရှိလာခဲ့ပါသည်။ ခရစ်စတီ တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားသော်လည်း သူမက ကျွန်မကိုယ်ကျွန်မသိမြင်တတ်အောင်နှင့် ဘဝတွင်ဘာအရေးကြီးဆုံးလဲဆိုသည်ကို နားလည်အောင် သင်ကြားပေးခဲ့ပါသည်။ ပေါင်းသင်းဆက်ဆံရေးနှင့် အကြင်နာတရားတို့မှာ ဘဝတွင်အရေးပါလှသည်။ ခရစ်စတီနှင့်တွေ့ခဲ့ပြီးသည့်နောက် မည်သည့်နေရာသို့ ကျွန်မသွားရပါစေ၊ အစပထမ၌ ဗိုလ်ကျစိုးမိုးလိုစိတ်ရှိသူကိုပင် မိတ်ဆွေဖြစ်လာအောင် လုပ်နိုင်လိမ့်မည်ဟု ကျွန်မယုံကြည်ပါသည်။

မေတ္တာ သတ္တောအနန္တော၊ မေတ္တာ၏ အသံသည်ကား စကြဝဠာအနှံ့၊ အထက်ဘဝဂ်တိုင်အောင် အတိုင်းအဆမရှိ ပျံ့နှံ့ရောက်ရှိ၏ဟု ကြားဖူး၏။

မေတ္တာသတ္တောအနန္တော၊ မေတ္တာလက်နက် အစွမ်းထက်ပုံသည် အရေအတွက်အတိုင်းအဆမရှိ ပြင်းထန်ထိရောက်၏ဟုလည်း မှတ်သားဖူးပါ၏။ အစစအရာရာမှာ မေတ္တာပါမှ အဆင်ပြေလေသည်။ မေတ္တာနှင့်သာ ဆက်ဆံကြလျှင် Win - Win မည်သူမျှ မရှုံးကြဘဲ အားလုံးက အောင်နိုင်သူများဖြစ်ကြမည်မလွဲ။ နိဂုံးချုပ်အနေဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၉၉၉ ခုနှစ် ၊ သြဂုတ်လထုတ်)မှ "ချစ်ထုံးမြဲစေရန် မုန်းဖြေ" ကဗျာမှ နောက်ဆုံးအပိုဒ်ကို ဖော်ပြအပ်ပါသည်။

ရန်ကို ရန်ချင်း၊ မတုံ့နှင်းဘဲ
စိတ်တွင်းသည်းခံ၊ မျက်မာန်မသုံး
ရန်ထုံးဖျောက်ဖြေ၊ သင်ပုန်းချေမှ
ရန်ပြေမာန်ပျောက်၊ ချမ်းသာရောက်လိမ့်။
နာရဒဇာတ်၊ ထိုဖြစ်ရပ်ကို
ထင်ဟပ်နှလုံး၊ ဆင်ခြင်သုံး၍
ရန်ထုံးဖြေနိုင်ကြစေသော၊
ချစ်ထုံးမြဲခိုင်ကြစေသော။ ။

ကဗျာဆရာ ကြည်အောင်(ကေတုမတီ) ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ်က လွန်ခဲ့သော ၁၆ နှစ်အချိန်မှာ ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ စစ်သားကဗျာဆရာတစ်ယောက်၏ နှလုံးသားကိုမြင်ရလောက်ပေသည်။ စစ်သည်တော်များသည်လည်း အေးချမ်းသာယာရေးနှင့် လုံခြုံရေး၊ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရပါသော်လည်း မေတ္တာတရားဖြင့် ငြိမ်းချမ်းရေးကို လိုလားနှစ်သက်ကြောင်း တွေ့ကြရလေသည်။ ရန်တွေငြိမ်းသတ်ကာ အတူလက်တွဲကြမည့်အချိန်သို့ ရောက်လာတော့မှာပါ။

**လူနှင့်လူချင်း ဆက်ဆံရေးသည် မည်သူမဆို လူတစ်ယောက်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပေသည်။ ပေါင်းသင်းဆက်ဆံရေးကောင်းလျှင်ကောင်းသလောက် အောင်မြင်သည်။ ဆက်ဆံပြောဆိုမှု၊ ပြုမူမှုညံ့ဖျင်းလျှင် ညံ့ဖျင်းသလောက် ဒုက္ခရောက်ရသည်။**

## မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၏ ၂၀၁၆-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဗဟိုအလုပ်မှုဆောင်နှင့်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့် ဆရာစံပလာဇာ တတိယထပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉- ၁၁၄၂၂၅၅၅၊ ၀၉-၁၁၄-၂၂၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၂၉)လမ်း၊ ၈၃-၈၄ လမ်းပေါ်တွင် ယာဉ်နှစ်ထပ်ရပ်တန့်ထားသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားစေနိုင်မှုကို ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။**
ကျော်ကျော်(မလှိုင်)



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား လွှတ်တော်ကအတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ရေယာဉ်များကြောင့်ဖြစ်ပွားသော ပတ်ဝန်းကျင်ညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲများတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ယမန်နေ့က ဆွေးနွေးခဲ့ကြသည့် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြရာ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုပြီး နိုင်ငံရေးဆွေးနွေးပွဲများ မည်သည့်အချိန် ကျင်းပမည်ဆိုသည်ကို တိုင်းရင်းသားများ မျှော်လင့်လျက်ရှိပါကြောင်း၊ သင့်လျော်သည့် အချိန်ကာလတွင် လက်ရှိအစိုးရကာလ၌ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အစိုးရနှင့် လွှတ်တော်က စိတ်ရှည်သည်းခံစွာ အစွမ်းကုန်ကြိုးစားမှုကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းကို ဝမ်းမြောက်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပေါ်လာမှုအခြေအနေများ၊ စာချုပ်ဖြစ်ပေါ်လာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် စာချုပ်ပါအချက်လက်များအား အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများကို ထောက်ရှု၍ စာချုပ်အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဆွေးနွေးချက်များတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ အချက်အလက်များကို လက်တွေ့လိုက်နာလုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် လိုအပ်ချက်များကို ထောက်ပြဆွေးနွေးသွားကြသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပေါ်နိုင်ရေး ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေး၊ စည်းလုံးရေးနှင့် ပြည်သူလူထု၏အကျိုးကို ဦးထိပ်ပန်ဆင် ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးစကားစတင်ပြောဆိုစဉ်က အဖွဲ့ ၁၆ ဖွဲ့ဖြင့်သာ ပြောဆိုခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဘက်မှ အဖွဲ့ ၂၁ ဖွဲ့တင်ပြလာသဖြင့် နောက်ထပ်အဖွဲ့ ၅ ဖွဲ့တိုးလာပါကြောင်း၊ မိမိတို့အနေဖြင့် အဖွဲ့ ၁၆ ဖွဲ့ဖြင့် ပထမအဆင့်ဆောင်ရွက်ပြီး အခြေခံကောင်းများရရှိလာပါက ကျန်ရှိသည့်အဖွဲ့များနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်အဖွဲ့များအတွက်လည်း လမ်းဖွင့်ထားပါကြောင်း။

နိုဝင်ဘာ ၁၊ ၂၊ ၃ ရက်တို့တွင် ပန်ဆန်းမြို့၌ကျင်းပသည့် တိုင်းရင်းသားလက်နက်ကိုင် အစည်းအဝေးသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးခြင်းမရှိသေးသည့်၊ လက်မှတ်ရေးထိုးခွင့်မရရှိသည့် အဖွဲ့ပေါင်းစုံ တက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးမှ ထုတ်ပြန်သည့်ကြေညာချက်အပိုဒ်(၃)တွင် “အထွေထွေရွေးကောက်ပွဲပြီးနောက် ပေါ်ထွက်လာမည့် အစိုးရသစ်နှင့် ပါဝင်ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲကြီးကို ဖော်ဆောင်သွားရန် ဆန္ဒရှိသည်”ဟူသည့် ဖော်ပြချက်အရ နောင်တက်လာမည့် အစိုးရအနေဖြင့် ယခုထက် ပိုမိုပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဟု ယူဆပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်များမှသည် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ထာဝရငြိမ်းချမ်းရေးမှသည် တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးရေးကို ဆောင်ရွက်နိုင်မည်ဟုလည်း ယူဆပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ ရက်ပေါင်း(၆၀၊ ၉၀) ကန့်သတ်ချက်များသည် ပြီးစီးအောင်ဆောင်ရွက်ရန်မဟုတ်ဘဲ စတင်လုပ်ဆောင်ရန် ရည်ရွယ်ခြင်းသာဖြစ်ပါကြောင်း၊ စာချုပ်သည် ရရှိသည့် အချိန်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်ထားခြင်းဖြစ်ပြီး “စ ”မှတ်တစ်ခုသာ ဖြစ်ပါကြောင်း၊ ထို “စ”မှတ်ကို ဖြတ်ကျော်ပြီးမှသာ ပြည်သူလူထုလိုလားသည့် တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးရေးဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စာချုပ်ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား လွှတ်တော်ကအတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ရေယာဉ်များကြောင့်ဖြစ်ပွားသော ပတ်ဝန်းကျင်ညစ်ညမ်းမှု ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲများတွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းနှင့် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦး၊ ဦးခင်မောင်ညိုနှင့် ဦးခင်မောင်ရွှေတို့က ဖတ်ကြားတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဥပဒေများကို ခေတ်စနစ်နှင့်ညီညွတ်စေရေး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်

နေပြည်တော် ဒီဇင်ဘာ ၈

**ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစီရင်ခံစာနှစ်ခု တင်သွင်းခြင်း၊ အစီရင်ခံစာနှစ်ခုအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းလေးခု တင်သွင်းခြင်း၊ ဥပဒေကြမ်းသုံးခုအား ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာသည်။

ထို့အတူ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက ဖတ်ကြားရာတွင် ကော်မတီအနေဖြင့် တိုင်းရင်းသားများအတွက် မဖြစ်မနေလိုအပ်လျက်ရှိသည့် တိုင်းရင်းသားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌ ကိုယ်တိုင်တင်သွင်းခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြဋ္ဌာန်းရာတွင် တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် ကော်မတီဝင်များက လွှတ်တော်တွင် ဆွေးနွေးတင်သွင်းခဲ့ပြီး ယခုအခါ တိုင်းရင်းသားများသည် မိမိတို့၏ ဘာသာ၊ စာပေများကို ကျောင်းများတွင် သင်ယူနိုင်သည့် အခွင့်အရေးရရှိကာ တိုင်းရင်းသားများ၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက် လာနိုင်ခဲ့ပါကြောင်း ဆွေးနွေးတင်ပြသည်။



အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ။

ထို့နောက် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက အစည်းအဝေး ၁၁ ရက်မြောက်နေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ကော်မတီအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သည့်ဥပဒေများကို ခေတ်စနစ်နှင့် ညီညွတ်စေရေးအတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဥပဒေနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နောင်လာမည့် လွှတ်တော်အသစ်သက်တမ်းတွင် အုပ်ချုပ်ရေးအပိုင်းမှ ပူးပေါင်းဆောင်ရွက်လာစေရန် ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူးက အဆိုတင်သွင်းကာ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

အလားတူ အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် လွှတ်တော်သို့ အဆိုတင်သွင်းကာ အတည်ပြုချက် ရယူသည်။



ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်သို့ တင်သွင်းခဲ့ပြီး အဆိုပါဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းကာ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာများအား ခုံအဖွဲ့ ဖွဲ့၍ တိကျမှန်ကန်စွာစစ်ဆေးဆုံးဖြတ်ရန်စီစဉ်ထားရှိမှု ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ သီရိလင်္ကာသမ္မတဟောင်း မစ္စ ချန်ဒါရီကာ ကုမာရတွန်ဂါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွှတ်တော်(၃)ရပ်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပေးမှု၊ ရွေးကောက်ပွဲတွင် မဲပေးမှုရာခိုင်နှုန်းနှင့် ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာပေးခဲ့မှုနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာများအား ခုံအဖွဲ့ဖွဲ့၍ နှစ်ဖက်ရှေ့နေ၊ သက်သေများရှေ့မှောက်တွင် Open Court ဖြင့် တိကျမှန်ကန်စွာ စစ်ဆေးဆုံးဖြတ်ရန် စီစဉ်ထားရှိမှုတို့အား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မစ္စ ချန်ဒါရီကာ ကုမာရတွန်ဂါက သီရိလင်္ကာနိုင်ငံ၌ သမ္မတတာဝန်ထမ်းဆောင်စဉ် ရွေးကောက်ပွဲကော်မရှင်အပါအဝင် ကော်မရှင်များ ဖွဲ့စည်းခဲ့မှုနှင့် စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိရေးဆောင်ရွက်ခဲ့မှုများအား ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်သည့် ယဉ်ကျေးမှုထွန်းကားလာပြီး ရရှိခံစားလာစေရန် အားလုံးပူးပေါင်းပါဝင်ရန်လို

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ ပါရှိသောအချက်များကို ထည့်သွင်းပြဌာန်းထားပြီး လူ့အခွင့်အရေးလေးစားရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တွင် လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်သည့် ယဉ်ကျေးမှုထွန်းကားလာပြီး ပြည်သူအများ လူ့အခွင့်အရေးရရှိခံစားလာနိုင်စေရန်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်အတူ အားလုံးပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် လူ့အခွင့်အရေးနေ့အကြိုအထိမ်းအမှတ်အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါထုတ်ပြန်ခဲ့သည့်ရက်ကို နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းတွင် လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ပြီး အခမ်းအနားများကျင်းပခဲ့ကြောင်း သိရသည်။

"လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ စကားတွေအားလုံး အပြင်မှာ တရားဝင်ထုတ်ပြောလာကြပြီ။ နိုင်ငံသားတွေခံစားခွင့်ရအောင် လုပ်ဖို့ လမ်းဆုံတစ်ခုကို ရောက်လာတယ်လို့ ခံစားရတယ်။ မသန်စွမ်းသူတစ်ယောက်အနေနဲ့ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေပိုပြီး အကာအကွယ်ရဖို့၊ အများနဲ့တန်းတူ အခွင့်အရေးရဖို့၊ အခွင့်အရေးတွေ ပိုမိုမြင့်တင်လာဖို့၊ တာဝန်သိတဲ့ နိုင်ငံသားတွေဆက်ပြီးပါဝင်ကြဖို့ တွန်းအားတွေဖြစ်လာတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် ကော်မရှင်အဖွဲ့ဝင် ၁၁ ဦးပါသည့် လွတ်လပ်သော အဖွဲ့အစည်းအဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ သက်တမ်းအားဖြင့် နုနယ်သေးသည့် ကော်မရှင်အနေဖြင့် ကောင်းမွန်သောရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြက ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တစ်ဦးပါဝင်ပြီး ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းပြီး ကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြက "အမျိုးသမီးတွေရဲ့အခွင့်အရေးဟာလည်း လူ့အခွင့်အရေးတစ်ရပ်ပါ။ အမျိုးသမီးတွေရဲ့အခွင့်အရေးဆုံးရှုံးမှု မရှိစေရေးအတွက် လူ့အဖွဲ့အစည်းတွေမှာ လူ့အခွင့်အရေးပြည့်ပြည့်ဝဝရဖို့ ကာကွယ်ပေးတယ်။ ပညာပေးတယ်။ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးတယ်။ တချို့ကိစ္စတွေမှာ သွယ်ဝိုက်သောနည်းနဲ့ စောင့်ရှောက်ပေးနေတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အမျိုးသမီးတစ်ဦးတစ်ယောက်အနေဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ အကျဉ်းထောင်များမှ ပြစ်ဒဏ်ကျခံပြီး လွတ်မြောက်သွားပါက ပြင်ပတွင် ရပ်တည်နိုင်ရန် အကျဉ်းထောင်အတွင်း အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် သင်တန်းများ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။

လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO များ၊ CSO များ၊ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူ့အခွင့်အရေးနေ့ စာစီစာကုံးပြိုင်ပွဲဆုရရှိသူကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၆ နှင့်ပတ်သက်သည့် ရုပ်သံဇာတ်လမ်းတိုကို ပြသသည်။ **သတင်း-မင်းသစ်**

**ဓာတ်ပုံ-ဇော်မင်းလတ်**



၂၀၁၅ ခုနှစ် လူ့အခွင့်အရေးနေ့အကြို အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

◆ *ကျောဖုံးမှ*

ဆောက်လုပ်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း မန္တလေးနည်းပညာတက္ကသိုလ်မှ ဒေါက်တာဒေါ်အေးမြချိုက ပြောကြားခဲ့သည်။

"မှန်ကန်တဲ့နည်းပညာရပ်တွေနဲ့ ဆောက်လုပ်ဖို့ ကုန်ကျမယ့် စရိတ်ကို ချွေတာပြီး ဖြစ်သလို ဆောက်လို့ ပြိုကျသွားမယ့် ဆုံးရှုံးမှုနဲ့နှိုင်းယှဉ်ရင် ပြောပလောက်တဲ့ ကုန်ကျမှုမဟုတ်ပါဘူး။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျသွားခဲ့ရင်လည်း မိမိ မိသားစုတစ်ဦးတည်းထိခိုက်မှာ မဟုတ်ဘဲမိမိပတ်ဝန်းကျင်ကိုပါထိခိုက် နစ်နာမှုတွေ ဖြစ်သွားနိုင်တယ်ဆိုတာ စဉ်းစားသင့်ပါတယ်။ ဒါကြောင့် နည်းပညာရပ်တွေ တိုးတက်နေတဲ့ခေတ်မှာ မှန်ကန်တဲ့နည်းစနစ်နဲ့ အရည်အသွေးပြည့်မီတဲ့ ပစ္စည်းတွေကိုအသုံးပြု ဆောက်လုပ်ဖို့လိုအပ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် လက်ရှိလှုပ်ခတ်ပြီးခဲ့သည့်ငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍လည်း လေ့လာတွေ့ရှိချက်များအရ ဆောက်လုပ်ရေး အင်ဂျင်နီယာနည်းပညာရပ်များ၏အရေးပါမှုကိုလည်း မန္တလေးနည်းပညာတက္ကသိုလ်မှ သင်ကြားရေးဆိုင်ရာဆရာမတစ်ဦးဖြစ်သူ ဒေါ်မြတ်ခိုင်ခိုင်က ပြောကြားသည်။

"၁၉၇၅ ခုနှစ်မှာ လှုပ်သွားတဲ့ ပုဂံမြေငလျင်မှာပုဂံဘုရားတွေ အများစု ပြိုကျသွားပေမယ့် တချို့ဘုရားတွေ ပြိုကျမှုမရှိခဲ့ဘူး။ ပြိုကျမှုမရှိခဲ့တဲ့ ဓမ္မရံကြီးဘုရားရဲ့ ဆောက်လုပ်မှုကို လေ့လာရင်အဆောက်အအုံရဲ့အရေးကြီးတဲ့နေရာတွေကို အုတ်အစားပိုမိုခိုင်မာတဲ့ သဲကျောက်ကို အသုံးပြုထားတဲ့အပြင် အုတ်တွေရဲ့တွဲစပ်မှုလက်ရာကလည်း ကောင်းမွန်တဲ့အတွက်ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

သဘာဝဘေး အန္တရာယ်များ မကြာခဏ ဖြစ်ပေါ်ကျရောက်လေ့ရှိသော ယနေ့အချိန်အခါတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ခေတ်နှင့်အညီ ထည့်သွင်းရေးဆွဲသတ်မှတ်၍ ဆောက်လုပ်ခွင့်များချထားပေးပြီး သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မန္တလေးနည်းပညာတက္ကသိုလ်မှ ကျောင်းသူတစ်ဦးက ပြောသည်။

"အဆောက်အအုံမဆောက်ခင် မြေအနေအထားကို တိုင်းတာရမယ်။ ပြိုကျမှုဖြစ်ခဲ့ရင်လည်း ဘေးမှာရှိတဲ့ အဆောက်အအုံတွေ မထိခိုက်အောင် အကွာအဝေးတွေ သတ်မှတ်ထားပေးတယ်။ အခုအချိန်မှာ အာစီအဆောက်အအုံအစား ကုန်ကျမှုနဲ့ အချိန်ကို သက်သာစေတဲ့ Steel structure များကို ပိုပြီး ဆောက်လုပ်လာတဲ့အတွက် ဒီလိုအဆောက်အအုံတွေမှာ Fire resistance တွေကိုလည်း ထည့်သွင်းအသုံးပြုဖို့ စဉ်းစားရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ယခင်က ငလျင်လှုပ်ခြင်းကို အာရုံစိုက်မှုနည်းပါးပြီး ပျက်စီးဆုံးရှုံးထိခိုက်မှုမှာ ပြောပလောက်သည့် အနေအထားမရှိခဲ့သော်လည်း ယခုနောက်ပိုင်းဖြစ်ပေါ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများစွာ ကမ္ဘာအနှံ့အပြားကြုံတွေ့နေရသည့် အပြင်နှစ် ၅၀ အတွင်း တစ်ကြိမ်လှုပ်ခတ်တတ်သော မှတ်တမ်းရှိသည့် စစ်ကိုင်းငလျင် ပြတ်ရွေ့ကြောနှင့် နီးကပ်စွာတည်ရှိနေသော မန္တလေးမြို့အနေဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့် ပြင်ဆင်ဆောက်လုပ်ထားရန် လိုအပ်ပြီး ငလျင်လှုပ်ခတ်မှုပမာဏမှာ ရစ်ချ်တာစကေး ၁ မှ ၈ ဒသမ ၅ အထိရှိ၍ ရစ်ချ်တာစကေး ခုနစ်ကျော်လျှင် ပျက်စီးဆုံးရှုံးမှုပြင်းထန်စွာ ဖြစ်ပေါ်နိုင်ပြီး ငလျင်လှုပ်ခတ်မှုကို ကြိုတင်မသိရှိနိုင်သော်လည်း လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေးပမာဏအား Seismometer ဖြင့် တိုင်းတာ၍ ရနိုင်ကြောင်း သိရသည်။

# ဥပဒေပြဋ္ဌာန်းပြီးရင် ကုန်သွယ်လုပ်ငန်းခွန်ဟာ အခွန်မကျသင့်တဲ့ကုန်စည်နဲ့ ၅ ရာခိုင်နှုန်းကျသင့်တဲ့ ကုန်စည်နှစ်မျိုးသာရှိမှာဖြစ်ပါတယ်

**အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်၏ ပြောကြားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**ဦးမင်းထွဋ် ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန**



ဦးမင်းထွဋ် ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန

### အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှု

ကျွန်တော်တို့ရဲ့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အကျဉ်းချုပ်ပြောကြားရရင် လက်ရှိအစိုးရအဖွဲ့တာဝန်စတင်ယူတဲ့အချိန်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ IMF, World Bank, ADB စတဲ့ အဖွဲ့အစည်းတွေဟာ ကျွန်တော်တို့နိုင်ငံကိုလာပြီးတော့ ကျွန်တော်တို့ရဲ့အခွန်စနစ်တွေ၊ ဝန်ထမ်းတွေ၊ အခွန်ထမ်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ UMFCCI၊ မြန်မာနိုင်ငံစာရင်းကောင်စီတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့အခွန်ကောက်ခံရရှိမှုကို လေ့လာကြည့်တဲ့အခါမှာ အခွန်နဲ့ GDP (Gross Domestic Product) အချိုးအစားဟာ ၃ ရာခိုင်နှုန်းလောက်ပဲရှိနေပါတယ်။ အာဆီယံနိုင်ငံတွေ အနေနဲ့ကြည့်မယ်ဆိုရင် ၁၀ ရာခိုင်နှုန်းအထက်မှာရှိပါ တယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနဲ့ အမိန့်ညွှန်ကြားချက်တွေဟာ out dated ဖြစ်နေတာကြောင့် **အခွန်ဆိုင်ရာမူဝါဒနဲ့ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်**တွေကို ပြုပြင်သင့်တယ်လို့ အကြံပြုခဲ့ပါတယ်။

အဲဒီအကြံပြုခဲ့တဲ့အချက်ကို သဘောတူတဲ့အတွက် ပြုပြင်ဖို့အစီအစဉ်ရေးဆွဲခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်တွင်းအခွန်များ ဦးစီးဌာနတစ်ခုလုံးကို တစ်ကြိမ်တည်းပြောင်းလဲဖို့ အခက်အခဲရှိပါတယ်။ ဒီအတွက် နိုင်ငံတကာနည်းတူ အခွန်အများဆုံးရမယ့် အခွန်လိုက်နာဆောင်ရွက်မှုအကောင်းဆုံးဖြစ်တဲ့ကုမ္ပဏီကြီး ၄၈၀ ခန့်နဲ့ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဖွဲ့စည်းသင့်တယ်လို့ အကြံပြုခဲ့ပါတယ်။ အဲဒီနောက်မှာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတွေဖွင့်သင့်တယ်။ နောက်ပိုင်းမှာမြို့နယ်အခွန်ရုံးတွေကို အခွန်ထမ်းငယ်များဆိုင်ရာအခွန်ရုံးတွေဖွင့်သင့်တယ်လို့ အကြံပြုခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ရဲ့သွယ်ဝိုက်ခွန်ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ကို ကမ္ဘာ့နိုင်ငံတွေမှာကဲ့သို့ သွယ်ဝိုက်ခွန်စနစ်ဖြစ်တဲ့ Value Added Tax (VAT) (သို့မဟုတ်) Goods and Services Tax(GST) ကို ပြောင်းဖို့အကြံပြုခဲ့ပါတယ်။ အဲဒီအကြံပြုချက်နဲ့အညီ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီရုံးမှာ ကျင့်သုံးတဲ့စနစ်ကလည်း SAS (Self Assessment System) လို့ခေါ်တဲ့ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်တဲ့စနစ်ဖြစ်ပါတယ်။

ရှေ့လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)ကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကဲ့သို့ SAS စနစ်နဲ့ ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတွေ၊ အခွန်ထမ်းငယ်များဆိုင်ရာအခွန်ရုံးတွေကိုလည်း SAS စနစ်နဲ့ ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ရဲ့သွယ်ဝိုက်ခွန်ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်ကို VAT, GST စနစ်ပြောင်းလဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ကုန်သွယ်လုပ်ငန်းခွန်မှာ အထူးကုန်စည်ဆိုပြီးတော့ ကုန်စည် ၁၆ မျိုးပါတယ်။ ဥပမာ- အရက်၊ စီးကရက်၊ ဘီယာ၊ မော်တော်ယာဉ်စသဖြင့်ပေါ့။ ဒီကုန်စည်တွေကို နိုင်ငံတကာနည်းတူ အထူးကုန်စည်ခွန်ဆိုပြီး ဥပဒေသီးခြားပြဋ္ဌာန်းပြီး ဆောင်ရွက်ဖို့ ပြင်ဆင်ပြီးဖြစ်ပါတယ်။ အခုကျင်းပနေတဲ့ လွှတ်တော်မှာတင်ပြပြီး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးရင် ကျွန်တော်တို့ရဲ့ ကုန်သွယ်လုပ်ငန်းခွန်ဟာ အခွန်မကျသင့်တဲ့ကုန်စည်နဲ့ ၅ ရာခိုင်နှုန်းကျသင့်တဲ့ ကုန်စည်နှစ်မျိုးသာရှိမှာဖြစ်ပါတယ်။ ဒါဆိုရင် VAT,GST နဲ့ အတော်နီးသွားပါပြီ။ ဒါကို သတ်မှတ်ချိန်အတွင်း မှာ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ရဲ့အခွန်ဆိုင်ရာလုပ်ငန်းတွေ ပိုမိုကောင်းမွန်ဖို့အတွက် Data Center တည်ထောင်ဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေ၊ အထောက်အပံ့နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။

နောက်တစ်ခုက နိုင်ငံတကာနည်းတူ အခွန်ဝန်ဆောင်မှုတွေ ကောင်းမွန်စွာဆောင်ရွက်နိုင်ဖို့အတွက်ကို Revenue Management Software ကို ဝယ်ယူတပ်ဆင်ဖို့ ရှိပါတယ်။ ပထမအဆင့်အနေနဲ့ ကမ္ဘာ့ဘဏ်ရဲ့ Website ထဲမှာ International ICT Expert ကို ပဏာမရွေးချယ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ ICT Expert ကို ငှားရမ်းပြီးတဲ့အခါမှာ သူ့ရဲ့အကူအညီနဲ့ ဆက်လက်ပြီးတော့ အပြည့်ပြည့်ဆိုင်ရာ Softwareကို ဝယ်ယူသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်တဲ့ အကျဉ်းချုပ်တင်ပြမှာဖြစ်ပါတယ်။

### အခွန်ကောက်ခံရရှိမှု

နှစ်အလိုက် အခွန်ကောက်ခံရရှိမှုနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့ရဲ့ ပထမဆုံးဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ကောက်ခံရရှိတဲ့အခွန်မှာ ကျပ် ၁၅၀၀ ဘီလီယံကျော်ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ဒုတိယနှစ်ဖြစ်တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၂၇၁၀ ဘီလီယံရရှိခဲ့ပါတယ်။ တတိယနှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ မှာကျပ် ၃၅၈၂ ဘီလီယံရရှိခဲ့ပါတယ်။ စတုတ္ထနှစ်ဖြစ်တဲ့ ၂၀၁၄-၂၀၁၅ မှာကျပ် ၄၄၁၁ ဘီလီယံရရှိခဲ့ပါတယ်။ နောက်ဆုံးနှစ်မှာ ကျွန်တော်တို့ လျာထားချက်က ကျပ် ၄၆၀၀ ဘီလီယံဖြစ်တာကြောင့် ပြည့်မီကျော်လွန်အောင် ကောက်ခံရရှိဖို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အခွန်နဲ့ GDP အချိုးကို ကြည့်မယ်ဆိုရင် အစိုးရသစ်လက်ထက် ပထမဆုံးနှစ်မှာ ၃ ဒသမ ၆ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒုတိယနှစ်ရောက်တဲ့အချိန်မှာ ၆ ဒသမ ၆ ရာခိုင်နှုန်း ရရှိပါတယ်။ တတိယနှစ်မှာတော့ ၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၂၀၁၄-၂၀၁၅ စတုတ္ထနှစ်မှာ ၉ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။

### အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပယ်ဖျက်ပေးမှု

ဆက်လက်ပြီး အပြည့်ပြည့်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုပ်တဲ့ကိစ္စမှာ ကျွန်တော်တို့ဌာနအနေနဲ့ ဖြေလျှော့ခဲ့တာတွေကို ရှင်းလင်းတင်ပြရမယ်ဆိုရင် ပထမဆုံးပုံစံ (၁၉)ပါ။ ပုံစံ(၁၉) ဆိုတာကတော့ ပြည်ပမထွက်ခွာမီအခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပယ်ဖျက်ပေးလိုက်ပါတယ်။ အရင်တုန်းကဆိုရင် နိုင်ငံခြားသွားရောက်မယ့်သူတွေ ပတ်စပို့စ်လာလျှောက်တဲ့အချိန်မှာ အဆင့်တွေအများကြီးရှိခဲ့ပါတယ်။ ပုံစံ(၁၉)ရပြီးမှ သွားရပါတယ်။ အခုအခါမှာ ဒါကိုဖြေလျှော့ပေးတဲ့အတွက် ပတ်စပို့စ်တွေထုတ်တဲ့အခါမှာ လွယ်လွယ်ကူကူဖြစ်သွားပါတယ်။

### ကြိုတင်ဝင်ငွေခွန်ကောက်ခံမှုနဲ့ အခွန်ပေးဆောင်မှုမှတ်တမ်း

နောက်တစ်ခုက ၂ ရာခိုင်နှုန်း ဝင်ငွေခွန် ကြိုတင်ခွန်ကောက်တာဖြစ်ပါတယ်။ ဒါဟာလည်း တချို့သော ကုမ္ပဏီတွေက ကုမ္ပဏီဖွဲ့တယ်၊ Export, Import တွေ လုပ်တယ်။ ပြီးမှ သူတို့ပျောက်သွားတယ်။ ဒီလို ပျောက်ကွယ်သွားတဲ့အခါ အခွန်ပေးဆောင်တဲ့ ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ မယှဉ်ပြိုင်နိုင်တဲ့ အခြေအနေတွေရှိနေပါတယ်။ ဒါကြောင့်မို့ UMFCCI နဲ့ ညီနောင် အဖွဲ့အစည်းတွေက အကြံပြုပါတယ်။ Export, Import တွေလုပ်တဲ့အခါမှာ ကြိုတင်ခွန်ကောက်ပေးပါ။ ဒီလို ကောက်ပေးမှသာလျှင် သူတို့အနေနဲ့ ယှဉ်ပြိုင်ရတာ မျှတမှုဖြစ်ပါမယ်ဆိုပြီး အကြံပြုပါတယ်။ အဲ့ဒီအကြံပြုချက်နဲ့အညီ ကျွန်တော်တို့က ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ကောက်ခံခဲ့ပါတယ်။ ဒါကြောင့် အခွန်တိမ်းရှောင်မှုတွေ လျော့နည်းခဲ့ပါတယ်။ နောက်ဆောင်ရွက်ချက်တစ်ခုကတော့ အခွန်ပေးဆောင်မှုမှတ်တမ်းဖြစ်ပါတယ်။ အခွန်ပေးဆောင်မှုမှတ်တမ်းတွေကိုလည်း တစ်ဦးချင်း ပုဂ္ဂိုလ်တွေနဲ့ ပုဂ္ဂိုလ်စုတွေကို ပြုလုပ်ပေးထားပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေအကုန်လုံးကလည်း အခွန်ပေးဆောင်ကြပါတယ်။

### အိမ်ခြံမြေဆိုင်ရာ စံနှုန်းသတ်မှတ်ချက်နဲ့ အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု

နောက်တစ်ခုကတော့ အိမ်ခြံမြေနဲ့ပတ်သက်လို့ စံနှုန်းသတ်မှတ်ချက်ပေါ့။ အရင်တုန်းက အိမ်ခြံမြေဈေးနှုန်းသတ်မှတ်ချက်တွေမရှိတဲ့အတွက် အခွန်ပေးဆောင်တဲ့ အခွန်ထမ်းတွေအနေနဲ့ အနည်းငယ်အခက်အခဲရှိပါတယ်။ အခုချိန်မှာတော့ ကျွန်တော်တို့ကအဖွဲ့နဲ့ မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လမ်းမကြီး၊ လမ်းသွယ်စသဖြင့် တန်ဖိုးဖြတ်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေကို တင်ပြပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရရဲ့သဘောတူညီချက်နဲ့ ပြည်သူတွေပွင့်လင်းမြင်သာမှုရှိစေဖို့ ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက စားသောက်ဆိုင်လုပ်ငန်းတွေ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းတွေမှာ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို လွတ်ကင်းမှုမရှိစေရေးအတွက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။

### အခွန်တိမ်းရှောင်မှု

အခွန်တိမ်းရှောင်မှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ တည်ဆဲဥပဒေတွေမှာ အသေးစိတ်ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့အခွန်ထမ်းပြည်သူတွေဟာ အခွန်နဲ့ပတ်သက်လို့ အခွန်ယဉ်ကျေးမှုနည်းပါးနေသေးတာ တွေ့ရှိရပါတယ်။ အခွန်ယဉ်ကျေးမှုပိုမိုဖြစ်ထွန်းပေါ်ပေါက်ဖို့ လိုပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က တည်ဆဲဥပဒေတွေမှာပါထားသော်လည်း ဒဏ်ရိုက်တဲ့အဆင့်ပဲ လက်ရှိအချိန်မှာ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ အသေးစိတ်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောင်မှာတော့ အခွန်တိမ်းရှောင်မှုတွေကို တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ဘဏ္ဍာရေးမူဝါဒ

ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဘဏ္ဍာရေးမူဝါဒမှာ ရငွေနဲ့သုံးငွေဆိုပြီးတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ရငွေပိုင်းကိုကြည့်မယ်ဆိုရင် အခွန်အကောက်ရငွေတွေရှိမယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ထည့်ဝင်ငွေတွေရှိမယ်။ ပြည်တွင်းပြည်ပ ချေးငွေမှရရှိတာရှိပါတယ်။ ရငွေပိုမိုရရှိအောင်ဆောင်ရွက်ရသလို သုံးငွေအပိုင်းမှာလည်း မလိုအပ်တဲ့နေရာတွေမှာ မသုံးစွဲဖို့ အလေအလွင့်တွေမရှိစေဖို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်အနာဂတ်မှာတော့ နိုင်ငံတကာနည်းတူ ရငွေပိုင်းမှာ အခွန်အကောက်ရငွေနဲ့ရပ်တည်ဖို့အတွက်ကို ဝန်ကြီးဌာနနဲ့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အထူးကြိုးစားဆောင်ရွက်နေပါတယ်။

### အကြံပြုတင်ပြချက်

ကျွန်တော့်အနေနဲ့ အကြံပြုဖြေကြားလိုတာကတော့ အခွန်ဝန်ထမ်းမိဘပြည်သူတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမယ့်အခွန်အကောက်တွေကို ပေးဆောင်ဖို့တာဝန်ရှိတာနဲ့အညီ ပေးဆောင်သင့်၊ ပေးဆောင်ထိုက်တဲ့အခွန်ငွေတွေပေးဆောင်ကြဖို့ အကြံပြုပြောကြားလိုပါတယ်။ မိဘပြည်သူတွေအနေနဲ့လည်း နိုင်ငံတော်ကိုကူညီတဲ့အနေနဲ့ နိုင်ငံတော်ရဲ့ရငွေတွေ ပိုမိုရရှိစေဖို့ အခွန်တိမ်းရှောင်မှု၊ အခွန်လျော့နည်းမှုမဖြစ်ပေါ်စေဖို့ ဝိုင်းဝန်းကြပ်မတ်ကူညီဆောင်ရွက်ပေးကြပါလို့ ပြောကြားလိုပါတယ်။

---

## မြန်မာဘာသာအခြေခံသင်တန်းနှင့် ကျွမ်းကျင်တတ်မြောက်မှုဒီပလိုမာသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၈**

နိုင်ငံခြားသားများအတွက် မြန်မာဘာသာအခြေခံသင်တန်းနှင့် မြန်မာဘာသာကျွမ်းကျင်တတ်မြောက်မှု ဒီပလိုမာ (DMLPE) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာအောင်မြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာဖြူဖြူငြိမ်းသွယ်က သင်တန်းပို့ချမည့် ဆရာ ဆရာမများနှင့် မိတ်ဆက်စကားပြောကြားသည်။

အဆိုပါ မြန်မာဘာသာအခြေခံသင်တန်းကို ၁၄ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး မြန်မာဘာသာ ကျွမ်းကျင်တတ်မြောက်မှု ဒီပလိုမာ (DMLPE) သင်တန်းကို ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် တစ်ခုစီလျှင် ၁၇ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

---

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၈

**မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့၌ ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့၌ ၆ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။**

**မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကျိုင်းတုံမြို့၌ ၀ ဒသမ ၁၆ လက်မဖြစ်သည်။** (မိုး/ဇလ)

---

## ဖျာပုံမြို့၌ ကလေးငယ်များခိုးယူခံရမှု ကောလာဟလနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**ဖျာပုံ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ယခုရက်ပိုင်းအတွင်း ကလေးခိုးခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကောလာဟလသတင်းများထွက်ပေါ်နေခြင်းအပေါ် ဖျာပုံခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့က ပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လွင်မောင်သိန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာနှင့် ပတ်သက်၍ ပြည်သူများသိထားသင့်သည့် အချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဖျာပုံမြို့ပေါ်၌ ဒီဇင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့သည့် ကလေးခိုးမှု၊ ဒီဇင်ဘာ ၇ ရက်က ဖြစ်ပွားသည့် ကလေးငယ်တစ်ဦးအား အမျိုးသမီးတစ်ဦးက ခေါ်ဆောင်သွားစဉ် ဖမ်းဆီးရမိမှုဖြစ်စဉ်နှင့်ကလေးများ ပျောက်ဆုံးနေသည်ဟူသော ကောလာဟလဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြရာတွင် ဒီဇင်ဘာ ၅ ရက် ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူဟု ယူဆရသူအား ဖျာပုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း၊ ဒုတိယဖြစ်စဉ် ဒီဇင်ဘာ ၇ ရက် ဖျာပုံကားဝင်းအတွင်းဖြစ်ပွားသည့် ဖြစ်စဉ်၌ ကလေးငယ်အား ခေါ်ဆောင်သူ အမျိုးသမီးသည် လက်ရှိအခြေအနေတွင် စိတ်ဝေဒနာသည်ဟု ယူဆရသဖြင့် ဖျာပုံမြို့မရဲစခန်းမှ ရန်ကုန်မြို့ စိတ်ရောဂါ အထူးကုဆေးရုံသို့ ပို့ဆောင်ထားရကြောင်း၊ ကလေးငယ်များပျောက်ဆုံးနေသည် ဟူသော သတင်းသည် ကောလာဟလသတင်းများထွက်ပေါ်နေခြင်းသာ ဖြစ်ကြောင်း တာဝန်ရှိသူများက အသိပေးရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ထောက်အဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် တက်ရောက်လာသူများက မရှင်းလင်းသည်တို့ကို မေးမြန်းခြင်း၊ ဆွေးနွေးအကြံပြုခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ပုဂ္ဂလိကပိုင် စိုက်ခင်းများမှသည် မြန်မာ့ကျွန်းသစ်မူရင်းဒေသထိန်းသိမ်းမည်

ရှင်မင်း

**ကောက်ကောက်ကွေ့ကွေ့ တောင်ဆင်းတောင်တက်ပေါ်များလှသော ပဲခူးရိုးမဖြတ်လမ်းပေါ်မှသည် သစ်တောသစ်ပင်ကြီးများနှင့်အတူ ဝါဖန့်ဖန့် ရော်ရွက်ဝါများဖြင့် ရတနာတန်းဝင်ကျွန်းပင်တောများကို တွေ့မြင်ရပြီး ဝါဖန့်ဖန့်ကျွန်းရွက်များသည် အရွက်စားပိုးကျချိန်ကြောင့် ဖြစ်သည်ဟုလည်း သိရှိရသည်။**

ရိုးမတောတွင်း သဘာဝမြင်ကွင်းများနှင့်အတူ “တောင်ခုတ်ကပြောင်၊ မိုးကခေါင်၊ ဖိုးတောင်သူတဲ၊ ပြိုကာလဲ၊ တောတောင်ကစိမ်း၊ မိုးကခြိမ်း၊ နွဲ့ယိမ်းစပါး၊ ထွက်တိုးများ”၊ “ဥတုရာသီတောကိုမှီ”၊ “စက်ရုံလွှင့်ထုတ်လေညစ်ပုပ်၊ တောတွင်းသစ်ပင် အကုန်စုပ်၊ တို့တွေရှူသွင်း လေသန့်ရှင်း၊ မခြွင်းရမှာ တောကသာ” စသဖြင့် သစ်တောဦးစီးဌာန၏ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး အသိပေးလမ်းညွှန်ဆိုင်းဘုတ်များကို တွေ့မြင်ရသည်။

ပဲခူးရိုးမသည် ရတနာတန်းဝင် မြန်မာ့ကျွန်းသစ်ရတနာ ပေါက်ရောက်ရာ မူရင်းဒေသဖြစ်ပြီး ရိုးမဖြတ်လမ်းတစ်လျှောက်တွင် ကျွန်းသစ်တောများပါဝင်သည့် သဘာဝကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတည်ရှိပြီး သစ်တောဦးစီးဌာနပိုင် ကျွန်းအထူးစိုက်ခင်းများ၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းများကိုလည်း တည်ထောင်စိုက်ပျိုးထားသည်။

နိုင်ငံတော်အစိုးရက ၂၀၀၆ ခုနှစ်တွင် ပုဂ္ဂလိကသစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ တည်ထောင်ခွင့်ပြုခဲ့ရာ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၁၁၈၀၅၉ ဧက တည်ထောင်ပြီးဖြစ်ပြီး နိုင်ငံပိုင်ကျွန်းစိုက်ခင်းအနေဖြင့် ၁၈၉၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ဧက ၉၁၂၅၀၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ၈၆၆၂၆ ဧက၊ ၁၉၈၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၉၄၆၃၉၅ ဧက တည်ထောင်ပြီးဖြစ်သည်။

“အရင်က သစ်တောစိုက်ခင်းအားလုံးကို နိုင်ငံတော်ကပဲ စိုက်ပျိုးခဲ့တယ်။ ၁၉၈၅-၈၆ ခုနှစ်လောက်အထိ တစ်နှစ်ကို ဧက ၈၀၀၀၀ အထိ စိုက်ပျိုးခဲ့တယ်။ ဒါပေမယ့် ရှိတဲ့ဝန်ထမ်းအင်အားနဲ့ စိုက်ခင်းပမာဏဟာ မနိုင်ဝန်ထမ်းသလို ဖြစ်ခဲ့တယ်။ ဈေးကွက်စီးပွားရေးဖွင့်လိုက်တဲ့အချိန်မှာ နိုင်ငံတော်ရဲ့ သစ်တောစိုက်ခင်းတွေ တည်ထောင်ခြင်းကို ပုဂ္ဂလိကကဏ္ဍအား ရင်းနှီးမြှုပ်နှံဖို့ ဖော်ထုတ်ပေးရင် နိုင်ငံတော်အတွက်ရော၊ ပုဂ္ဂလိကအတွက်ပါ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါကြောင့် ၂၀၀၆ ခုနှစ်မှာ ပုဂ္ဂလိက ကျွန်း၊ သစ်မာနဲ့စက်မှုကုန်ကြမ်းသီးနှံဆိုပြီး အုပ်စုသုံးခု စတင်ခွင့်ပြုခဲ့ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ကျွန်းဆိုရင် ဧက ၅၀၀၊ သစ်မာဆိုရင် ဧက ၁၀၀နဲ့ စက်မှုကုန်ကြမ်းသီးနှံဆိုရင် ဧက ၂၀၀ ဆိုပြီး သတ်မှတ်လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ တစ်ဧက၊ နှစ်ဧကလုပ်ကိုင်လိုရင်လည်း လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်”ဟု သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က ပြောသည်။



ပဲခူးရိုးမအတွင်းရှိ ကျွန်းစိုက်ခင်းများကို တွေ့ရစဉ်။

“နိုင်ငံတော်ပိုင်မြေဧက ၁၆၇ သန်းရှိပါတယ်။ ဒီထဲက ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနဲ့ သဘာဝနယ်မြေစတဲ့ သစ်တောမြေတွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ မြေဧရိယာဧက ၄၆ သန်းရှိပါတယ်။ ဒီအပေါ်မှာ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ချင်တယ်ဆိုရင် ခွင့်ပြုဆောင်ရွက်ပေးနေပါတယ်။ ဒါမှမဟုတ် ဥပမာအနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲတဲ့ နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်မြေရိုင်းပေါ်မှာ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ချင်တယ်ဆိုရင်တော့ သက်ဆိုင်တဲ့ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူရပါမယ်။ သက်ဆိုင်တဲ့ ဝန်ကြီးဌာနကလည်း သစ်တောဦးစီးဌာနရဲ့ သဘောထားမှတ်ချက် တောင်းခံပါတယ်။ မြေလွတ်မြေလပ်မြေရိုင်းမှာ တောပျက်ပြီး စိုက်ခင်းပြန်လည်ထူထောင်သင့်တဲ့နေရာမျိုးဆိုရင် ခွင့်ပြုပေးနေပါတယ်”ဟု ၎င်းကရှင်းပြသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍလုပ်ကိုင်ခွင့်ပြုသည့်အခါ သတ်မှတ်ဆောင်ရွက်မှုအပေါ် “လုပ်ကိုင်ခွင့်ပြုလိုက်တဲ့အခါ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာငွေ၊ နည်းပညာရော တတ်နိုင်တဲ့လုပ်ငန်းရှင်တွေ ငွေကြေးတတ်နိုင်ပေမယ့် နည်းပညာပိုင်းချို့ယွင်းချက်ရှိတဲ့ လုပ်ငန်းရှင်တွေ တွေ့ရပါတယ်။ နောက်ပြီး မြေဦးဖို့သက်သက်နဲ့ စိုက်ခင်းအတွက် ဘာမျှမဆောင်ရွက်တဲ့ လုပ်ငန်းရှင်တွေလည်း တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် မေလသတင်းစာထဲမှာ မစိုက်ပျိုးနိုင်တဲ့မြေတွေကို ပြန်သိမ်းပါ့မယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဧက ငါးသိန်းကျော် ပြန်လည်သိမ်းခဲ့ပါတယ်။ ပြီးတော့ အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ပြီးတော့ စက်ရုံတွေတည်ထောင်လုပ်ကိုင်တဲ့အထိ လုပ်ကိုင်ချင်တဲ့သူတွေလည်း ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်ကနေစပြီး အိတ်ဖွင့်တင်ဒါစနစ် (Open Tender) ကို ၂၀၁၅-၂၀၁၆ နှစ်နှစ်သက်တမ်း၊ ဧကတစ်ထောင်နဲ့ အထက်အကွက်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်ကနေ ခွင့်ပြုဆောင်ရွက်ခဲ့တဲ့ သစ်တောမြေဌားရမ်းခကို နိုင်ငံသားအားလုံး ရင်းနှီးမြှုပ်နှံ စိုက်ပျိုးနိုင်အောင် ဈေးနည်းနည်းနဲ့ သတ်မှတ်ခဲ့ပါတယ်။ တင်ဒါစနစ်မှာတော့ ဈေးယှဉ်ပြိုင်တာအပြင် နည်းပညာပိုင်းနဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧက ၄၆ သန်းမှာ ကြိုးဝိုင်းကျူးကျော်နေထိုင်လုပ်ကိုင်သူ ၁ ဒသမ ၈ သန်းရှိပါတယ်။ ဒီလူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းနဲ့ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့သူတွေကို ရွေးချယ်ပါတယ်”ဟု ပြောကြားသည်။

ကျွန်းစိုက်ခင်းများတည်ထောင်ရာတွင် မြေဧရိယာရွေးချယ်တိုင်းတာ၍ ယာခုတ်ခြင်း၊ ယာမီးရှို့ခြင်း၊ ကျွန်းခွေခြင်း၊ ပန္နက်ရိုက်ခြင်း၊ သစ်စေ့စုဆောင်းပျိုးထောင်ခြင်း၊ သစ်စေ့၊ ပျိုးပင်၊ငုတ်တက်စိုက်ပျိုးခြင်း၊ စစ်ဆေးလမ်းဖောက်လုပ်ခြင်း၊ သေပင်ရှင်ပင်ဖာထေးခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ရှင်ပင်ရေတွက်ခြင်း၊ မီးကာကွယ်ခြင်း၊ ပင်ပူးခွာကိုင်းချိုင်ခြင်း၊ ပင်ကျပ်နုတ်ခြင်း စသည့် သစ်တောလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကသစ်မာစိုက်ခင်း ဧက ၁၇၅၄၉ ဒသမ ၆၀ ၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းဧက ၈၃၃၅၅ ဧက၊ ပုဂ္ဂလိကရော်ဘာ၊ ဆီအုန်းနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းဧက ၂၆၇၀၄ ဒသမ ၆၃ဧကကို တည်ထောင်ထားရှိပြီးဖြစ်ပြီး သစ်တောဦးစီးဌာနက ၁၉၈၁ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ကျွန်းစိုက်ခင်း ၃၆၉၄၇၇ ဧကကို တည်ထောင်စိုက်ပျိုးထားရှိကာ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ သစ်စေ့ထုတ်ဧရိယာ ၁၁ ခုမှ မျိုးသန့်ကျွန်းစေ့များ ဖြန့်ဝေပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မျိုးရိုးဗီဇကောင်းမွန်သော ကျွန်းမျိုးပင်များ ရရှိစေရန် ပဲခူးရိုးမဖြတ်လမ်းပေါ်ရှိ လက်ပံခုံသစ်တောသုတေသနစခန်း၌ စိုက်ခင်းများတည်ထောင်ကာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သုတေသနပြုဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သစ်တောသုတေသနဌာနမှ ဒေါက်တာရာဇာမင်းက “လက်ပံခုံစခန်းမှာ ကျွန်းမျိုးနဲ့ပတ်သက်တဲ့ သုတေသနစမ်းသပ်မှုတွေ ဆောင်ရွက်နေပါတယ်။ ဒီစခန်းမှာ မျိုးကောင်းမျိုးသန့် ရှာဖွေခြင်း၊ သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင်းတွေ ဆောင်ရွက်နေပါတယ်။

ဒီစခန်းမှာ သဘာဝတောတွေ၊ စိုက်ခင်းတွေထဲကနေ ပင်စည်ဖြောင့်တန်းတဲ့၊ လုံးဝိုင်းတဲ့၊ အောင်လွန်ကောင်းမွန်နေတဲ့ မျိုးသန့်ကျွန်းပင်တွေ ရှာဖွေပါတယ်။ ဒီလို မျိုးရိုးဗီဇကောင်းမွန်တဲ့ မိခင်အပင် (mother tree) တွေကနေ ကိုင်းယူပြီးတော့ ခန္ဓာပိုင်းမျိုးပွားခြင်းနဲ့ ကိုင်းဆက်စိုက်ပျိုးတာရှိပါတယ်။



ပြည်ကြိုးဝိုင်းအတွင်းရှိ လုံးပတ် ၁၅ ပေ ၈ လက်မရှိသည့် အကြီးဆုံးကျွန်းပင်ကို သစ်တောဦးစီးဌာနမှ တိုင်းတာပြသစဉ်။

နောက်တစ်မျိုးကတော့ သဘာဝတောထဲက၊ ကျွန်းစိုက်ခင်းတွေထဲက အောင်လွန်ကောင်းမွန်တဲ့ ကျွန်းပင်ကနေ သစ်စေ့ယူစိုက်ပျိုးခြင်းပါ။ ပြီးတော့ အညွှန့်မျိုးပွားခြင်းနဲ့ စိုက်ပျိုးတာရှိပါတယ်။ ကျွန်းတစ်ရှူး မျိုးပွားတာလည်း သုတေသနပြုလုပ်နေတာရှိသလို မျိုးပွားခြင်းအမျိုးမျိုးနဲ့ စမ်းသပ်ကွက်တွေကိုလည်း တည်ထောင်ပြီး စမ်းသပ်နေပါတယ်။

အဓိကကတော့ တစ်နေရာတည်းကနေ မျိုးကောင်းမျိုးသန့် ကျွန်းမျိုးတွေ ရရှိအောင်ဆောင်ရွက်တာနဲ့ မျိုးရိုးဗီဇကောင်းမွန်တဲ့ ကျွန်းသုတေသနပြုစိုက်ပျိုးတာဖြစ်ပါတယ်”ဟု ပြောပြသည်။

လက်ပံခုံသုတေသနစခန်းကို ၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ကာ စခန်းဧရိယာ ၂၀၄ ဒသမ ၂၈ ဧကရှိပြီး အဆိုပါစခန်းမှ မျိုးကောင်းမျိုးသန့် ကျွန်းပျိုးပင်များကို ဖြန့်ဝေပေးသည့် လူထုဖြန့်ပျိုးဥယျာဉ်ပါ တည်ထောင်ထားရှိသည်။

ကျွန်းသစ်သည် သစ်မျှင်ဖြောင့်တန်း၍ အရောင်အသွေးလှပခြင်း၊ ခိုင်ခံ့ပေါ့ပါး၍ ရာသီဥတုဒဏ်ခံနိုင်ခြင်းနှင့် အဆောက်အအုံ၊ ပရိဘောဂအတွက် အသုံးပြုရာတွင် လိုရာပုံသွင်းနိုင်ပြီး အသုံးပြုရလွယ်ကူသည့်အတွက် ထူးခြားသောဂုဏ်သတ္တိများပြည့်စုံကာ အခြားသစ်များထက် ပိုမိုအရည်အသွေးကောင်းမွန်သည့်အတွက် ၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားကြီးများက တော်ဝင်သစ်အဖြစ် သတ်မှတ်ခဲ့သည်။

၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားပြီးသည့်နောက် မြန်မာနိုင်ငံ သစ်တောဧရိယာ၏ သုံးပုံတစ်ပုံ ကျယ်ဝန်းသော ပဲခူးရိုးမ ကျွန်းတောများသည် အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိခဲ့ပြီး ၁၈၅၅ ခုနှစ် အင်္ဂလိပ်အစိုးရသည် ဂျာမန်ရုက္ခဗေဒပညာရှင် ဒေါက်တာဘရန်းဒစ်ကို ခေါ်ယူ၍ တောင်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် သိပ္ပံနည်းကျသစ်တောစီမံအုပ်ချုပ်မှုများကို ပဲခူးရိုးမကျွန်းတောများတွင် စတင်ကျင့်သုံးဆောင်ရွက်ခဲ့သည်။

၁၈၅၇ ခုနှစ်တွင် ဒေါက်တာဘရန်းဒစ် တောင်ယာစနစ်ဖြင့် စတင်စိုက်ပျိုးခဲ့သည့် ကျွန်းစိုက်ခင်းဧက ၂၄ ဧကသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်ကျွန်းကြိုးဝိုင်းအတွင်းတည်ရှိပြီး အဆိုပါကြိုးဝိုင်းနှင့်စပ်လျဉ်း၍ “ဒီကြိုးဝိုင်းရဲ့ထူးခြားချက်က သဘာဝတောကို ကြိုးဝိုင်းတောဖွဲ့စည်းတာမဟုတ်ဘဲ ၁၈၅၇ ခုနှစ်ကနေ ၁၉၆၀ ပြည့်နှစ်အထိ တည်ထောင်ထားတဲ့ ကျွန်းစိုက်ခင်း ၇၈ ဧကကို ကြိုးဝိုင်းတောဖွဲ့စည်းထားတာပါ။

ပြည်ကြိုးဝိုင်းထဲမှာ ကျွန်းပင်ပေါင်း ၃၅၀၅ ပင်နဲ့ တစ်ဧက ပျမ်းမျှကျွန်းပင် ၄၅ ပင်ရှိပါတယ်။ ဒီကြိုးဝိုင်းထဲက အကြီးဆုံးကျွန်းပင်ရဲ့ လုံးပတ်က ၁၅ ပေ ၈ လက်မရှိပြီးတော့ ကျွန်းပင်အများစုက ၄ ပေ ၈ လက်မ ရှိပါတယ်။ ဒီကြိုးဝိုင်းက မြန်မာနိုင်ငံရဲ့ ပထမဆုံး သစ်တောစိုက်ခင်းဖြစ်တဲ့ ဒေါက်တာဘရန်းဒစ်ရဲ့ ကျွန်းစိုက်ခင်း ၂၄ ဧကလည်း ပါဝင်နေတဲ့အတွက် သက်တမ်းရှည် သစ်တောစိုက်ခင်းဖြစ်ပါတယ်။ ဒါကြောင့် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်နေပါတယ်”ဟု ပြည်မြို့ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ရှင်းလင်းပြောပြသည်။

ပြည်-ပေါက်ခေါင်း-အုတ်တွင်း ရိုးမဖြတ်လမ်းရှိ ပုဂ္ဂလိကစိုက်ခင်းများ၊ သစ်တောဦးစီးဌာနပိုင် စိုက်ခင်းများအပါအဝင် သစ်တောစိုက်ခင်းတည်ထောင်သင့်သည့် ဧရိယာအားလုံးကို စိုက်ခင်းတည်ထောင်ထားရှိပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရှိရသည်။

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီက စတင်ကျင်းပသည်။

မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၁၃၄၅ ဦး တက်ရောက်လျက်ရှိပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကာ သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းအဆိုပြုလွှာများကို အပြိုင်အဆိုင်ထည့်သွင်းကြသည်။



ယခုကျင်းပသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ၌ အလေးချိန် ၈၂၅၇ ကီလိုဂရမ်ရှိ ကျောက်စိမ်းအသားကျောက်အပါအဝင် ကျောက်စိမ်းတွဲပေါင်း ၆၈၂၆ တွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကန့်ဘလူ၌ ဆည်တမံများအတွင်း ငါးသားပေါက်အကောင်ရေနှစ်သိန်း ငါးမျိုးစိုက်ထည့်

**ကန့်ဘလူ ဒီဇင်ဘာ ၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းကို ကန့်ဘလူမြို့နယ် သိန်ရင်ဆည်နှင့် လင်ပန်းဆည်တို့၌ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်၍ ငါးမြစ်ချင်း၊ ငါးသန်ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ **(အောက်ပုံ)**

ကန့်ဘလူမြို့ သိန်ရင်ဆည်တွင် ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ တစ်သိန်းနှင့် လင်ပန်းဆည်၌ ငါးမျိုးတစ်သိန်းတို့ကို စိုက်ထည့်ကြသည်။ ယင်းသို့ စိုက်ထည့်ခြင်းအားဖြင့် ဆည်အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ ငါးစားသုံးမှုတိုးတက်လာပြီး အပိုဝင်ငွေများလည်းရရှိလာစေမည်ဖြစ်သည်။

သိန်ရင်ဆည်အတွင်းမှ နေ့စဉ် ငါးပိဿာ ၁၀၀ ကျော်ကို ဖမ်းဆီးထုတ်လုပ်လျက်ရှိပြီး ငါးမျိုးစိုက်ထည့်ခြင်းဖြင့် ငါးထွက်နှုန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငါးမျိုးများစိုက်ထည့်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားသည့် ငါးမဖမ်းဆီးရသည့် အချိန်ကာလတွင် ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့ခ်တိုက်ခြင်းများကို မပြုလုပ်ကြရန်လိုအပ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ငါးသယံဇာတ ပေါများစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးမျိုးများစိုက်ထည့်ပေးသည့်အတွက် ဆည်ပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ ငါးဖမ်းယူစားသောက်မှု ဖူလုံစေသည့်အပြင် ပိုလျှံသည့် ငါးများကိုလည်း အခြားဒေသများသို့ပါ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေသခံရေလုပ်သားတစ်ဦးထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဒီဇင်ဘာ ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၀၀၀၀ | အသစ် |
| ၃။ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်၊ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၉၀၀ | ရှယ်၊လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၂၈၅၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၅၀ မှ ၃၅၂၀ | ထူး၊၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၇၅၀ | A1,OK,S1,S2 |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၅၀၀ | |
| ၁၄။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ | |
| ၁၅။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ | အချဉ် |
| ၁၇။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၅၀၀ | |
| ၁၈။ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀၀ မှ ၆၀၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

# မဲခေါင်စာပေဆုချီးမြှင့်ပွဲ တက်ရောက်ရန် မြန်မာနိုင်ငံစာရေးဆရာအဖွဲ့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်း မြို့တော်တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် မဲခေါင်ခြောက်နိုင်ငံ စာပေဆုချီးမြှင့်ပွဲသို့တက်ရောက်ရန် ဒီဇင်ဘာ ၈ ရက် နံနက် ၆ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်းနှင့် အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကျော်စိုး(မောင်ကျေးဇူး)နှင့် မဲခေါင်စာပေဆုကလေးကဗျာစာပေဆုရှင် ဦးရွှေမင်း(မင်းရွှေမင်း-အင်းစိန်)တို့ လိုက်ပါသွားကြောင်း သိရသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# ကျောက်မျက်ရတနာရောင်းဝယ်ရေးပြပွဲ၌ ကျောက်တွဲစောင့်အဖြစ် အလုပ်အကိုင်ရသဖြင့် အဆင်ပြေ

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ကျောက်မျက်ရတနာရောင်းဝယ်ရေးပြပွဲတိုင်းတွင် ကျောက်မျက်ရတနာကုမ္ပဏီများက ဒေသခံများကို ကျောက်တွဲအစောင့်များအဖြစ် ပြပွဲအတွင်း ဝင်ရောက်လုပ်ကိုင်စေသောကြောင့် ဝင်ရောက်လုပ်ကိုင်သူ ကျောက်အစောင့်များ အဆင်ပြေသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

ကျောက်မျက်ကုမ္ပဏီများသည် ပြပွဲအတွင်းရောင်းချသော ကျောက်မျက်အတွဲများကို ကြည့်ရှုစောင့်ရှောက်ရန် အလုပ်သမားများလိုအပ်မှုကြောင့် နီးစပ်ရာဒေသခံများအား ငှားရမ်းအသုံးပြုကြသည်။ ငှားရမ်းရာတွင် အလုပ်သမား ကျား/မ တစ်ဦးကို တစ်ရက် ငွေကျပ် ၅၀၀၀-၇၀၀၀- ၁၀၀၀၀ နှုန်းစသည်ဖြင့် စရိတ်ငြိမ်းဖြင့်လည်းကောင်း၊ မိမိစရိတ်နှင့်မိမိဖြင့်လည်းကောင်း၊ လုပ်ငန်းကျွမ်းကျင်နားလည်မှုအရသော်လည်းကောင်း၊ ကုမ္ပဏီအလိုက် ကွာခြားမှုရှိကြသည်။ "ကျွန်တော်က ဆိုင်ကယ်ကယ်ရီမောင်းတယ် ကုမ္ပဏီကအလုပ်သမားလိုရင် လူရှာပေးရတယ်၊ အခုကိုယ်တိုင်ဝင်စောင့်တယ်၊ တစ်ရက် ငွေကျပ် ၅၀၀၀ ၊ ကုမ္ပဏီက စားစရိတ်ပေးတယ်၊ စောင့်ရတဲ့ရက်များရင် ပိုအဆင်ပြေပါတယ်" ဟု ဒေသခံ ဆိုင်ကယ်ကယ်ရီတစ်ဦးက ပြောသည်။

"လင်မယား နှစ်ယောက်လုံးလာစောင့်တယ်၊ သူငယ်ချင်းအဆက်အသွယ်နဲ့ တစ်ယောက် ငွေကျပ် ၇၀၀၀ ဆိုတော့ တစ်နေ့ကို ငွေကျပ် ၁၄၀၀၀ ပါ။ ဒါပေမယ့် ကိုယ့်စရိတ်နဲ့ကိုယ်ဆိုတော့ ထမင်းချိုင့်ယူလာရတယ်" ဟု ရွှေကြာပင်ရပ်ကွက် တဲကြီးကုန်းကျေးရွာတွင်နေထိုင်သူ ဦးသန်းဝင်းက ပြောသည်။

ကျောက်မျက်ပြပွဲသို့လာရောက်၍ ကျောက်စောင့်သူ ဒေသခံပြည်သူများသည် ပြပွဲအတွင်းရရှိငွေ မတူညီကြသော်လည်း တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၅၀၀၀၀ အထိ ရရှိကြကြောင်း သိရှိရသည့်အပြင် ၂၀၁၆ ခုနှစ် မတ်လအတွင်း၌ နိုင်ငံခြားငွေဖြင့်ရောင်းချမည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည် ။

**ခွန်(ဝင်းပ)**



# ညှော်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်လှစ်မည့်ရက် ထပ်မံသတင်းရရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ်(၅၀)ကို ၁-၂-၂၀၁၆ နေ့မှ ၂၅-၃-၂၀၁၆ နေ့အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ အမှတ် ၄၅၈/၄၆၀ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်စာမေးပွဲကို ၃-၁-၂၀၁၆ ရက်နေ့(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အထက(၆) ဗိုလ်တထောင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်းတပ်မြို့နယ်ရှိ တီဘီရောဂါသည်များ၏ကုန်ကျစရိတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကွင်းဆင်းလေ့လာ

**မင်းတပ် ဒီဇင်ဘာ ၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ပေါင်း ၄၀ ကို မဲနှိုက်၍ တီဘီရောဂါသည်များ၏ ကုန်ကျစရိတ်ကို ကွင်းဆင်းလေ့လာရာ ချင်းပြည်နယ် တစ်ပြည်နယ်လုံးကိုယ်စား မင်းတပ်မြို့တွင် တီဘီရောဂါသည်များကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ပထမဆုံးအကြိမ် စစ်တမ်းကောက်ယူခဲ့သည်။

အဆိုပါ တီဘီရောဂါသည်များ၏ ကုန်ကျစရိတ်စစ်တမ်းကောက်ယူမှုတွင် WHO မှ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တောင်ပိုင်း တာဝန်ခံ ဒေါက်တာခင်မောင်စီ (အမျိုးသားတီဘီရောဂါဆိုင်ရာ ကျွမ်းကျင်ဆရာဝန်ကြီး) က မင်းတပ်မြို့ရှိ တီဘီရောဂါသည်ပေါင်း ၂၅ ဦးကို ကွင်းဆင်းလေ့လာ၍ စစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။ "၂၀၁၅ ခုနှစ်အတွင်း တီဘီရောဂါသည် လူနာများ လျော့နည်းကျဆင်းရေးခေါင်းစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစ၍ တီဘီရောဂါ အဆုံးသတ်နိုင်ရေးအတွက် ဆောင်ရွက်သွားကြမှာပါ" ဟု ဒေါက်တာခင်မောင်စီက ပြောသည်။ **(ခရိုင် ပြန်/ဆက်)**



# ရေတိုက်စားမှုကာကွယ်ရန် ထီးလင်း၌ လမ်းသစ်ဖောက်

**ထီးလင်း ဒီဇင်ဘာ ၈**

ထီးလင်းမြို့ အမှတ်(၂) ရပ်ကွက် စည်ပင်သာယာရပ်၊ မြောက်ကုန်းရပ်နှင့် ထလင်းကျေးရွာသွား လမ်းတို့မှာ ရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့သည်။

ယခုအခါ စည်ပင်သာယာရပ်နှင့် မြောက်ကုန်းရပ်တို့မှ ပြည်သူများစုပေါင်း၍ ရေစီးအားကြောင့် ကမ်းပါးပြိုကျမှုများ မဖြစ်ပေါ်စေရန်အတွက် ရေတားနံရံများ တည်ဆောက်ခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲဖောက်လုပ်ခြင်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသည်။

ယခင်က ကမ်းပါးများပြိုကျမှုကြောင့် ထီးလင်းကျေးရွာနှင့် စည်ပင်သာယာရပ်ကွက်တို့မှာ သွား လာရန် ခက်ခဲခဲ့ပြီး ဒီဇင်ဘာ ၇ ရက်က ယန္တရားများအကူအညီဖြင့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘီလူးချောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**လှိုင်ကော် ဒီဇင်ဘာ ၈**

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘီလူးချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးခြင်းမှကာကွယ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ ဒေါတချားရေထိန်းတံခါးအထက်ဘက်ရှိ ကျွန်းမြေများဖယ်ရှားခြင်းလုပ်ငန်း၊ ချောင်းတစ်လျှောက်ရှိ ချုံနွယ်များနှင့်သဲသောင်များဖယ်ရှားခြင်းလုပ်ငန်း၊ သီရိမင်္ဂလာတံတားနှင့် ဂျပန်တံတားအကြား သောင်တူးခြင်းလုပ်ငန်း ၊ သီရိမင်္ဂလာတံတားအထက်ဘက် မုံ့ပြာကျေးရွာအထိ သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း အရှည် ပေ ၁၀၂၀၀ ကိုဂျပန်တံတားမှစပြီး သီရိမင်္ဂလာတံတားအထိ ဆောင်ရွက်နေသည့်လုပ်ငန်း၊ ဒေါတချားရေထိန်းတံခါးအထက်ဘက်ရှိ ကျွန်းမြေ ၁၃ မွာဖြစ်ထွန်းနေမှုကြောင့် ရေစီးရေလာအတွက် အဟန့်အတားဖြစ်စေခြင်းကြောင့် ကျွန်းမြေ ၁၃ မြွာမှ မြေကြီးကျင်း ၄၂၅၄၅ ကျင်း ဖယ်ရှားခြင်းလုပ်ငန်းနှင့် ဥတ္တရာရုံ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလပထမပတ်က ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့သည်။

ယခုအခါ လုပ်ငန်းများဆောင်ရွက်နေမှုမှာ လွိုင်ကော်မြို့နယ်အတွင်းရှိ မုံ့ပြာကျေးရွာမှစ၍ ဒေါတချား ရေထိန်းတံခါးအထိ ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေကျပ် သန်းပေါင်း ၂၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

# လာအိုအနုပညာပွဲတော်သို့ မြန်မာ့ရုပ်သေးပညာရှင်များ သွားရောက်ဖျော်ဖြေမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

လာမည့်နှစ် ဇန်နဝါရီလကုန်ပိုင်းတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် အနုပညာပွဲတော်သို့ မြန်မာရုပ်သေးပညာရှင်များအနေဖြင့် သွားရောက်ဖျော်ဖြေရန် စီစဉ်နေကြောင်း မြန်မာ့ရုပ်သေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မမနိုင်က ပြောကြားသည်။ အဆိုပါ အနုပညာပွဲတော်သို့ ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ အာဆီယံလေးနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အနုပညာရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာ့ရုပ်သေးအဖွဲ့အနေဖြင့် ဒီလိုအနုပညာပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ ဖိတ်ကြားခံရတာ ဒါက ပထမဆုံးအကြိမ်ဖြစ်ပါတယ်” ဟု ဒေါ်မမနိုင်က ပြောသည်။ မြန်မာ့ရုပ်သေးအဖွဲ့အနေဖြင့် အဆိုပါ အနုပညာပွဲတော်ကာလအတွင်း မြန်မာ့ရုပ်သေးအနုပညာများဖြင့် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ အနုပညာပွဲတော်မတိုင်မီ နှစ်ရက်ကြာပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တင်ဆက်မည့် အနုပညာရှင်များနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်သေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်မမနိုင်နှင့် အတူ သမီးဖြစ်သူ ဟံစုရင်၊ ဦးအောင်သန်း၊ ဦးသိန်းလွင်နှင့် တိုးတိုးတို့လိုက်ပါ၍ ဖျော်ဖြေမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာနိုင်ငံမှ လာအိုနိုင်ငံ ဗီယင်ကျန်းသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့ရုပ်စုံ ရုပ်သေးအဖွဲ့ကို ၂၀၁၄ ခုနှစ်ကတည်းက မန္တလေးမြို့တွင် အခြေစိုက်ထူထောင်ထားပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုကို မြှင့်တင်သွားရန် ပွဲတော်အများအပြားတွင် ဖျော်ဖြေပေးလျက်ရှိသည်။ **သက္က**

# စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှု အတတ်ပညာ ဒီပလိုမာ (DCWE)သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၈**

စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာ ဒီပလိုမာ (Diploma in Creative Writing and Editing)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက်က ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာအောင်မြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ပထမနှစ်ဝက်အဖြစ် စာပေအမျိုးအစား၊ စာပေသဘောတရား၊ စာပေဖန်တီးရေးသားခြင်း၊ စာပေတည်းဖြတ်ခြင်း၊ စာပေပုံနှိပ်ထုတ်ဝေခြင်း ဘာသာရပ်များကို သင်ကြားမည်ဖြစ်ပြီး ဒုတိယနှစ်ဝက်တွင် စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ ရသပညာနှင့် စာပေဖန်တီးရေးသားခြင်း ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှု အတတ်ပညာ ဒီပလိုမာသင်တန်းကို တစ်နှစ်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒက္ခိဏခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၇၀**

ညွှန်ကြားရေးမှူး **နှင့်** ၁။ ဦးခွန်စည်သူသွင်
ဦးအေးဇော် ၂။ ဦးထက်အောင်
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ၃။ ဒေါ်ဝတ်ရည်လင်း
သတ္တုတွင်းဝန်ကြီးဌာန၊နေပြည်တော် ၄။ ဦးကျော်သက်လှိုင်
**တရားလို** **တရားပြိုင်များ**

(၂)တရားပြိုင် ဦးထက်အောင် အမှတ် ၄၂၂၊ ပထမထပ်၊ မောင်းတန်းလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုဦးအေးဇော်(ညွှန်ကြားရေးရေးမှူး)၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်က နိုင်ငံတော်သို့ ပေးသွင်းရန် ရွှေကြွေးကျန်(၂၃.၁၃)ကျပ်သား၊ တန်ဖိုးအားဖြင့် ငွေ(၁၇၁၀၆၉၄ရိ/-) ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ဖိတ်ကြားလွှာ

(၁၅-၁၂-၂၀၁၅) ရက်တွင် ကျရောက်သော “(၄၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား”ကို ရခိုင်တိုင်းရင်းသားများအသင်း (နေပြည်တော်)မှ “စတုတ္ထအကြိမ်မြောက်”အဖြစ် နေပြည်တော်တွင် ရခိုင်ရိုးရာယိမ်းအက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဧည့်ပရိသတ်များအနေဖြင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်-

**“အခမ်းအနားအစီအစဉ်”**

**ကျင်းပမည့်ရက်** - ၁၃-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈း၀၀ နာရီ
**ကျင်းပမည့်နေရာ** - “အေးမြရွှေပြည်ကျောင်းတိုက်”မင်္ဂလာသိဒ္ဓိရပ်ကွက်၊ အထက (၆)နှင့် သဇင် (၁)ကြား၊ နေပြည်တော်

**ဆက်သွယ်ရန်**
**ဦးထွန်းမောင် ဖုန်း-၀၉-၄၉၂၀၂၆၄၀၊ ဦးထွန်းဝင်းနိုင် ဖုန်း-၀၉-၄၄၈၅၃၆၆၅၄**
**ဦးထွန်းထွန်းအောင် ဖုန်း-၀၉-၄၉၂၀၇၂၃၄၊ ဦးစိန်ရွှေမောင်**
**ဖုန်း-၀၉-၄၄၈၅၄၄၄၀၃၊ ဦးမောင်မောင်သန်း ဖုန်း-၀၉-၄၄၈၀၄၀၅၅၄**

## (၄၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး ရခိုင်အသင်းအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် ရခိုင်ပြည်နယ်နေ့အကြို ပျော်ပွဲရွှင်ပွဲအဖြစ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ၁၂-၁၂-၂၀၁၅ ရက်နှင့် ၁၃-၁၂-၂၀၁၅ ရက်များတွင် ရခိုင်ရိုးရာကျင်ကိုင်ပွဲနှင့် ခေါင်းအုံးသတ်ပွဲများ ပြုလုပ်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ၁၅-၁၂-၂၀၁၅ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

**(၄၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကျင်းပရေးကော်မတီ**

**ဆက်သွယ်ရန်**
**ဦးအေးမောင်(မြောက်ဦး) ဖုန်း-၀၉-၅၀၂၄၇၃၃**
**ဦးအေးမောင်(ကျောက်မြောင်း) ဖုန်း-၀၉-၇၃၀၄၃၅၂၆၊ ၀၉-၇၉၃၅၆၉၃၃၀**
**ဦးစိန်လှိုင်(မင်္ဂလာဒုံ)ဖုန်း-၀၉-၃၁၀၅၀၅၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈A (တိုးချဲ့)၊ မြေကွက်အမှတ် ဇရိယာ ဝဒသမဝ၆၄၊ မြေကွက်တည်နေရာအမှတ် (၀၁၁-က+ခ)၊ ဘူတာရုံလမ်း၊ ချစ်တီးကုန်းကွက်သစ်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြေကွက်သည် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့စီမံကိန်း၊ ဂျုံးဖြူလှော်ကား ရေပိုက်လိုင်း ပြောင်းရွှေ့တပ်ဆင်ရာတွင် မလွတ်ကင်းသောအိမ်များအား မြေကွက်အစားထိုးချထားပေးသော ချစ်တီးကုန်း (၁/က) ရပ်ကွက် ဂရန်ပေးရေးစီမံချက်ငယ်စာရင်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိသော်လည်း မြေကွက်အစားထိုးချထားပေးစဉ်က မြေကွက်အမှတ် (၁၁၁/က)အား ဦးဌေးဟန်အမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် (၁၁၁/ခ)မြေကွက်အား ဦးကျော်ညွန့်အမည်ဖြင့်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ချထားပေးသည်မှာ မှန်ကန်ကြောင်း လွန်ခဲ့သော ၁၅ နှစ်မှစတင်၍ မြေပေါ်တွင် နေထိုင်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ အရပ်ကတိအရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဦးသီဟကျော် ၁၂/မဂတ(နိုင်)၀၇၄၄၃၆မှ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ် ၆၀ မြေငှား စာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄မအအက်စ်ဥ၂)၊ မြေကွက်အမှတ်(၂၀)၊မြေကွက်တည်နေရာအမှတ်(၃၈)၊ မြန်မာ့ဂုဏ်ရောင်လမ်းနတ်ချောင်းရပ်ကွက်(ဦးသိန်းမြင့်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား၊ အမည်ပေါက် ဦးသိန်းမြင့် ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား၊ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး၊ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူပြု/ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ် [illegible] မြင့်မူလထုတ်ပေးထားသည့် ဦးသိန်းမြင့်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ တောင်၊ မြေကွက်အမှတ် ၁၄၇၀/က၊ မြေကွက်တည်နေရာအမှတ် ၁၄၇၀/က၊ ၇ ဈေးလမ်းမ၊ ၁၀ တောင်တိုးချဲ့၊ ၁၄ ရပ်ကွက်၊ သာကေတမြို့နယ် (ဦးခွက်ကြီး)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခွက်ကြီး (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ငယ် ၁၂/သကတ(နိုင်)၀၅၆၇၀၇ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၅၃၈/၂၀၁၄)ရသူ ဒေါ်ဝင်းဝင်းမြင့်၈/ရနခ(နိုင်)၀၈၈၅၃၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# တန်ဖိုးငွေကျပ် ၁၁၂၅၈ သိန်းရှိ စိတ်ကြွရူးသွပ်ဆေးပြားများ လှိုင်မြစ်ကမ်းစပ်မှ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၈**

လှိုင်သာယာမြို့နယ် ငွေပင်လယ်စက်မှုဇုန်အနီး လှိုင်မြစ်ကမ်းစပ်မှ ကာလတန်ဖိုးငွေကျပ် ၁၁၂၅၈ သိန်းရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနှစ်သောင်းကျော်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က အဆိုပါမြို့နယ် ငွေပင်လယ်စက်မှုဇုန် ဆိပ်ကမ်းသာလမ်းရှိ RINWA ကွန်ကရစ်ဖျော်စက်ရုံ မန်နေဂျာ ဦးဇော်မွန်ဦးသည် ၎င်း၏ကွန်ကရစ်ဖျော်စက်ရုံနောက်ကျော လှိုင်မြစ်ကမ်းစပ်တွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ်ကိုတွေ့ရှိခဲ့၍ သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့သဖြင့် နယ်မြေခံရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၄၀)ခေတ္တတပ်ဖွဲ့စုမှူးတို့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အစိမ်းရောင်နှင့် အဖြူရောင် ဆာလာအိတ်နှစ်ထပ်အတွင်း အညိုရောင်မှိုင်းကိုင်စက္ကူများဖြင့် ပတ်ထုပ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ စီပါ အထုပ် ၂၀ **(အောက်ပုံ)**၊ ပလတ်စတစ်အကြည်များဖြင့် ပတ်ထားသည့် ဆေးပြား ၁၀၀၀၀ စီပါ နှစ်ထုပ်၊ အညိုရောင်မှိုင်းကိုင်စက္ကူနှင့် ပလတ်စတစ်အကြည်များဖြင့် ပတ်ထုပ်ထားသည့် ဆေးပြား ၂၀၀၀ စီပါ နှစ်ထုပ်၊ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ငယ်များဖြင့်ထည့်လျက် ဆေးပြား ၂၀၀ စီပါ ငါးထုပ်၊ ဆေးပြား ၁၆၀ ပါ တစ်ထုပ်၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅၁၆၀၊



**သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

၂၂ ဒသမ ၅၁၆ ကီလိုဂရမ်ခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၂၅၈ သိန်းခန့်ကို ပိုင်ရှင်မဲ့ (စုံစမ်းဆဲ)ကို တွေ့ရှိခဲ့သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

"ဒီစိတ်ကြွရူးသွပ်ဆေးပြားတွေက မြစ်ထဲကနေမျောလာပြီး ကမ်းစပ်မှာ လာကပ်နေတာလို့ယူဆရတယ်။ ရေအတက်အကျရှိတော့ ဘယ်ဘက်ကနေမျော



လာမှန်းတော့ မသိရသေးပါဘူး။ အနီးဝန်းကျင်ကနေ လာရောက်ပစ်တာမျိုးလည်း ရှိနိုင်သလို သင်္ဘောတွေပေါ်က ချသွားတာမျိုးလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စုံစမ်းမှုတွေလုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ထူးခြားမှုရှိရင် အကြောင်းကြားပေးစေချင်တယ်။ အရှေ့ပိုင်းမှာဆိုရင်လည်း သာကေတနဲ့ မရမ်းကုန်းမြို့နယ်မှာ ပိုင်ရှင်မဲ့တွေ တွေ့ခဲ့တယ်။ ပြည်သူတွေဘက်ကလည်း မသင်္ကာတာ တွေ့ရှိခဲ့ရင် စိုးရိမ်စိတ်မထားဘဲ သက်ဆိုင်ရာကို အချိန်မီ အကြောင်းကြားဖို့လိုပါတယ်"ဟု မူးယစ်တပ်ဖွဲ့စု(၄၀)ခေတ္တတပ်ဖွဲ့စုမှူးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းမှ အမှုဖွင့်လှစ်၍ တရားခံအားဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေဆုံး

**ဇန်းမောက် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် သရက်ကုန်းရွာအနီး ယာဉ်တစ်စီးတိမ်းမှောက်သွားရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၇ ရက် ည ၁၁ နာရီခွဲခန့်က ကံကုန်းကျေးရွာမှ သရက်ကုန်းရွာဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်အမှတ် Fs/---- လီဖန်းခေါင်းတိုယာဉ်မှာ သရက်ကုန်းရွာအနီး တောင် အတက်တွင် ရုတ်တရက်ဂီယာပြုတ်၍ နောက်ပြန်လျှောကာ ပေပင်ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါရှိသည့် ခရီးသည်ခုနစ်ဦးအနက် မမြင့်မြင့်ဦးမှာ ယာဉ်ပေါ်မှ ချောင်းအတွင်းပြုတ်ကျကာ ကားဘော်ဒီနှင့်ပိမိပြီး ဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၎င်းယာဉ်မောင်းကို သက်ဆိုင်ရာရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရားမဝင်ကျွန်းခွဲသားများ ဖမ်းဆီးရမိ

**စစ်ကိုင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စကျင်ကျေးရွာအနီးတွင် ဒီဇင်ဘာ ၅ ရက်က တရားမဝင် ကျွန်းခွဲသား ၃ ဒသမ ၃၀၀၄ တန်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်မြို့ဘက်သို့ သွားရောက်ရန် မောင်းနှင်လာသော စစ်ကိုင်းမြို့ အမှတ်(၂)ရဲစခန်းမှ ရဲအုပ်မင်းလွင်ထွန်းနှင့်ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် ည ၈ နာရီက မိုင်တိုင်အမှတ် ၃/၂ ရှိ စကျင်ကျေးရွာအနီး လမ်းအသုံးပြုခကောက်ခံရေးဂိတ်စခန်းတွင် ယာဉ်အမှတ် ၁ခ/---- ဗန်းမော်-မန်းမှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်ကျွန်းခွဲသားဆိုက်စုံ ၁၇၉ ချောင်း ၃ ဒသမ ၃၀၀၄ တန် တွေ့ရှိဖမ်းဆီးသိမ်းဆည်းရကြောင်း၊ အဆိုပါယာဉ်မောင်း ဦးအေးမင်းမှာ စစ်ဆေးနေစဉ် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ယာဉ်ပေါ်လိုက်ပါလာသူ ဗန်းမော်မြို့ ခွန်သာရပ်ကွက်နေ ဦးမျိုးမင်းထွန်းနှင့်ဇနီး ဒေါ်သီတာခင်တို့နှစ်ဦးကို စစ်ဆေးလျက်ရှိကာ ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ထီးလှိုင်ကျေးရွာ အလက(ခွဲ)ကျောင်းတွင် ကျောင်းသားငယ်နှစ်ဦး အိမ်သာကျင်းထဲပြုတ်ကျ

**ရမည်းသင်း ဒီဇင်ဘာ ၈**

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ကျောင်းသားငယ်နှစ်ဦး ကျောင်းအိမ်သာနောက်ဘက်ရှိ အိမ်သာအဖုံးပေါ်တက်၍ အပေါ့သွားစဉ် ဆွေးမြည့်နေသော အိမ်သာဖုံးကိုနင်းမိသဖြင့် ကလေးငယ်နှစ်ဦး အိမ်သာကျင်းထဲ ပြုတ်ကျသွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၉ နာရီခန့်တွင် ထီးလှိုင်ရွာနေ ကလေးငယ်နှစ်ဦးတို့သည် မြေဖို့ထားသော အိမ်သာကျင်းပေါ်တက်ကာ အပေါ့သွားစဉ် ကျင်းထဲပြုတ်ကျခဲ့ရာ အိမ်သာတက်နေသည့် ဆရာမတစ်ဦးက အနီးရှိလူများအား အကူအညီတောင်းသဖြင့် အိမ်သာကျင်းတွင်ဖုံးထားသော ဘိလပ်မြေအိတ်ကို လှမ်းဆွဲခဲ့သည့် ကလေးငယ်တစ်ဦးမှာ အောက်သို့ကျမသွားဘဲ ကျန်တစ်ဦးမှာ အောက်သို့ကျသွားခဲ့သည်။

တွင်းထဲကျသွားသောကလေးငယ်ကို ရွာသား အောင်ဇော်မင်းက တွင်းထဲသို့ သုံးကြိမ်ရေငုပ်ပြီး ရှာဖွေခဲ့ရာမှ ရေအောက်သမံတလင်းကြမ်းပြင်တွင် သေဆုံးလျက်ဆယ်ယူရရှိသည်။ အဆိုပါ အိမ်သာကျင်းမှာ ရှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး တွင်းအနက် ရှစ်တောင် (၁၂ ပေ) ခန့်ရှိကြောင်း၊ သေဆုံးမှုမရှိသော ကျောင်းသားငယ်မှာ ထီးလှိုင်တိုက်နယ်တွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ညွန့်ရွှေ**










## ❍ ကျောဖုံးမှ

မိုရီ၊ ဂွန်စတုန်းနှင့် **ကိုး**-တင်ဟောင်း ဝပ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည် ပဲလေ့စ်အသင်းသည် ၄-၃-၃ ပုံစံဖြင့် တိုက်စစ်အတွဲကို ပန်ချွန်၊ ဝစ်ခ်ဟမ်း၊ ဘိုလာဆီ၊ ကွင်းလယ်တွင် ကာဘာရီ၊ ဂျက်ဒီနက်စ်၊ မက်စ်အာသာ၊ **နောက်တန်း**တွင် ဒီလာနေး၊ စကော့ဒန်း၊ ဂျိုရယ်ဝပ်၊ ပါပီနှင့် **ကိုး**-ဝိန်းဟန်နက်စ်စီတို့ ပွဲထွက်ခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်း ၇၆ မိနစ်တွင် နောက်တန်းကစားသမား စကော့ဒန်းခေါင်းတိုက်ဂိုးဖြင့် ပဲလေ့စ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၈၁ မိနစ်တွင် ဘာရီ ဖန်တီးပေး၍ တိုက်စစ်မှူးလူကာကူက အဲဗာတန်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်အဲဗာတန် ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့ပြီး ၁၄ ကြိမ် ကန်သွင်းခွင့်ရခဲ့ရာ ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ပဲလေ့စ်အသင်းမှာ ၁၁ ကြိမ် ကန်သွင်းခွင့်ရပြီး ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ပွဲပြီးချိန်တွင် သရေတစ်မှတ်စီသာ ကျေနပ်ခဲ့ရသည်။ အဲဗာတန်အသင်းသည် ရမှတ် ၂၂ မှတ်ဖြင့် အဆင့်ကိုးတွင် ရှိနေပြီး ပဲလေ့စ်မှာ ရမှတ် ၂၃ မှတ်ဖြင့် အဆင့်ခြောက်တွင် ရပ်တည်နေသည်။

ဥရောပထိပ်သီးလိဂ် ငါးလိဂ်မှ လိဂ်အလိုက် ယခုနှစ်ရာသီ သွင်းဂိုးအများဆုံးသွင်းယူထားသော ကစားသမားများမှာ ပရီမီယာလိဂ် လက်စတာအသင်းမှ ဂျမီးဗာဒီ ၁၄ ဂိုး၊ လာလီဂါ ဘာစီလိုနာမှ နေမာ ၁၄ ဂိုး၊ စီးရီးအေ နာပိုလီအသင်းမှ ဟီဂူအင် ၁၄ ဂိုး၊ ဘွန်ဒက်စ်လီဂါ ဒေါ့မွန်အသင်းမှ အူဘာမီယန်း ၁၇ ဂိုး၊ လီဂူး ပီအက်စ်ဂျီအသင်းမှ အီဗရာဟီမိုဗစ် ၁၂ ဂိုးတို့ သွင်းယူထားကြသည်။ **သီဟ**

## ● ကျောဖုံးမှ

မြန်မာစစ်တုရင်အဖွဲ့မှာလည်း ရွှေတစ်ဆု၊ ငွေနှစ်ဆု ထပ်မံရရှိခဲ့ပြီး အမျိုးသား အသင်းလိုက် Rapid BI ပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် B2/B3 ပြိုင်ပွဲ၌ ငွေဆုများ ရယူနိုင်ခဲ့သည်။

အမျိုးသမီး Goal ball ပြိုင်ပွဲတွင် မြန်မာအသင်းက ကြေးဆုရရှိခဲ့သည်။ ဒီဇင်ဘာ ၈ ရက် ညနေပိုင်း ပွဲစဉ်များအပြီးအထိ မြန်မာအားကစားအဖွဲ့က ရွှေ ၁၅ ခု၊ ငွေ ၁၆ ခု၊ ကြေး ၂၇ ခု ရယူထားနိုင်ကြောင်း သိရသည်။



# စိုးလျှပ်စစ်ဖောင်ဒေးရှင်းဖလားဆုရ ရွာကောက်ရပ်ကွက် ဘောလုံးအသင်းအားဂုဏ်ပြု

**ပျဉ်းမနား ဒီဇင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါင်းလောင်းပြည်သူ့ အားကစားကွင်း၌ကျင်းပခဲ့သော စိုးလျှပ်စစ်ဖောင်ဒေးရှင်းဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ရွာကောက်ရပ်ကွက် ဘောလုံးအသင်းအားဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၇ ရက် ည ၇ နာရီက ရွာကောက်-ပန်းခင်းရပ်ရှိ ရွှေကမ္ဘာခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက ရပ်ကွက်အဆင့်မှ နိုင်ငံလက်ရွေးစင်အဆင့်ထိ အဆင့်ဆင့်တိုးတက်အောင်ကြိုးစားရန် အမှာစကားပြောကြားပြီး စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ ပထမဆုရ ရွာကောက်ရပ်ကွက် ဘောလုံးအသင်းသို့ချီးမြှင့်သည့် ဆုဖလားကို အသင်းအုပ်ချုပ်သူ ဦးကျော်သူရ၊ နည်းပြချုပ် ဦးခင်မောင်မြင့်၊ ကစားသမားများက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဆေးဝါးတု တိုက်ဖျက်ရေး အစည်းအဝေးကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၈**

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (INTERPOL) အတွင်းရေးမှူးချုပ်ရုံးမှ ဦးဆောင်၍ “ဆေးဝါးတုတိုက်ဖျက်ရေး” အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး၊ ရဲမှူးချုပ် မြဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ သိင်္ဂီဇင် တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အစည်းအဝေးတွင် အင်တာပိုလ်မှတာဝန်ရှိသူများက နိုင်ငံတကာ၌တွေ့ကြုံနေရသည့် ဆေးဝါးတုမှုခင်းများဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆေးဝါးတုများတိုက်ဖျက်ရေးအတွက် ၎င်းတို့၏အတွေ့အကြုံများ၊ အင်တာနက်ပေါ်တွင်ရောင်းဝယ်နေသည့်ကိစ္စရပ်များ၊ ဗဟုသုတများနှင့် တားဆီးဆောင်ရွက်မည့်နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆေးဝါးတုများတိုက်ဖျက်ရေး အစည်းအဝေးကို ယနေ့မှ ဒီဇင်ဘာ ၉ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးတုများတိုက်ဖျက်ရေး သရုပ်ပြရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို အာရှပစိဖိတ်ဒေသနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့နေရသည့် ဆေးဝါးတုတိုက်ဖျက်ရေးအခက်အခဲများကို အကူအညီပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အင်တာပိုလ်သည် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံဖြတ်ကျော်မှုခင်းများကို ကိုင်တွယ်ဖြေရှင်းပေးနေသည့် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံသည် ၁၉၅၄ ခုနှစ်တွင် အင်တာပိုလ် (INTERPOL) အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ယနေ့ နံနက် ၉ နာရီက (၂၁) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနားကို အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်းက တက်ရောက်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်သို့ အလှူငွေများလှူဒါန်းရာ တိုင်းဒေသကြီး အမျိုးသမီးအားကစားအောင်နိုင်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးနွယ်က ငွေကျပ် နှစ်သိန်း၊ ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒေါ်ငွေငွေခိုင်မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်းနှင့် Miss Universe Myanmar Organization မှ ဒေါ်စိုးယုဝေက အလှူငွေကျပ်သိန်း ၂၀ တို့အား ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်(လ်)ခွန်းရီနှင့် အတွင်းရေးမှူးအဖွဲ့က လက်ခံရယူခဲ့သည်။

ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသမီးအကြီးတန်း ကိုးယောက်တွဲပြိုင်ပွဲ၊ အငယ်တန်း ကိုးယောက်တွဲပြိုင်ပွဲများ ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ ချင်းပြည်နယ်မှအပ တိုင်းဒေသကြီးနှင့် ပြည်နယ်စုစုပေါင်း အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## (၁၉၆၄-၁၉၈၈) လူရည်ချွန်များနှင့် သင်္ချာလူရည်ချွန်များကို ဖိတ်ကြားခြင်း

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် ညစာစားပွဲကို ၂၇-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဆေး(၁) (ယခင်လိပ်ခုံး)ပြည်လမ်းတွင် အောက်ပါအတိုင်း ပြုလုပ်ပါမည်။

**နံနက်ပိုင်း** **“လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၏ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းအခမ်းအနား”**

**အချိန်** - ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

**နေရာ** - ဆေး(၁) စာသင်ခန်းမ၊ (ယခင်လိပ်ခုံး) ပြည်လမ်း၊ ရန်ကုန်။ (နံနက်စာနှင့် နေ့လယ်စာကျွေးပါမည်)

**ညနေပိုင်း** **“ညစာစားပွဲနှင့် ၂၀၁၅ ဘက်စုံပညာထူးချွန် လူငယ်(၁၀)ဦးအား ဆုချီးမြှင့်ပွဲအခမ်းအနား”**

**အချိန်** - ၁၈း၀၀ နာရီမှ ၂၁း၀၀ နာရီ

**နေရာ** - ဆေး(၁) (ယခင်လိပ်ခုံး)၊ မြက်ခင်းပြင်၊ ပြည်လမ်း၊ ရန်ကုန်။ (ညစာကို ရွှေဘဲစားသောက်ဆိုင်မှ စီစဉ်ပါသည်။)

(နံနက်ပွဲ ၅၀၀၀ ကျပ်) (ညနေပွဲ ၁၅၀၀၀ ကျပ်) လက်မှတ်များကို အဖွဲ့၏ရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။ အမှုဆောင်အဆိုပြုလွှာများကို ရုံးခန်းတွင်ထုတ်ယူ၍ ၂၀-၁၂-၂၀၁၅ရက် နောက်ဆုံးထားတင်သွင်းရမည်။ ၁၆-၁၂-၂၀၁၅ရက်မှစ၍ ဆေး(၁)၊ ပြည်လမ်းတွင် ယာယီရုံးခန်းဖွင့်ပါမည်။ အသေးစိတ်အချက်အလက်များ ရုံးခန်းတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့၊ ရုံးခန်း၊ အမှတ်(၃၃/၃၇)၊ အခန်း(၇)၊ လေးလွှာ၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၂၅၄၁၉၇၄၃၉၊ ၀၉-၇၃၁၆၁၃၁၃၊ ၀၉-၅၁၀၂၉၈၃၊ ၀၉-၂၅၀၁၇၇၅၃၆ (နီးစပ်ရာအမှုဆောင်များထံ စုံစမ်းနိုင်ပါသည်) (လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ကြည့်နိုင်သည်။) **အလုပ်အမှုဆောင်အဖွဲ့ လူရည်ချွန် (၁၉၆၄-၈၈)အဖွဲ့**

## နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး

● တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၄)ရက်။ ဆက်၍-လွိုင်ကော်တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။ ● ပြဝတီ၊ မဲဆောက်၊ ကျောက်ကလာပ်၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဘုရင့်ညီဂူ (၃)ရက်။ (မဲဆောက်ကားခနှင့် မြဝတီတည်းခိုပြီး) ● ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်(၄)ရက်။ ● ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ဆဲ(၅)ရက်-ဆက်၍-မြိတ်(ဘိတ်)ပါ (၇)ရက်။ ● မန္တလေး၊ စစ်ကိုင်းဘုရားစုံဖူးနှင့် ကျောက်စိမ်းစေတီ(၁)ညအိပ် (အပတ်စဉ်-သောကြာ) ● မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ဆဲ(၂)ရက်-ကျိုက်ထီးရိုးပါ(၃)ရက်။ ကျိုက်ထီးရိုး(နေ့စဉ်) 01-391577

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961

အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569

အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597



# ရန်ကုန်အများပိုင်ဘတ်စ်ကားများ စတင်ပြေးဆွဲချိန် မထသယာဉ်အားလုံး ညာဘက်ယာဉ်ကြောတစ်ခုသာ အသုံးပြုခွင့်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်အများပိုင်ဘတ်စ်ကားများ မကြာမီကာလအတွင်း ပြေးဆွဲတော့မည်ဖြစ်ရာ လက်ရှိပြေးဆွဲနေသော မ. ထ. သ မော်တော်ယာဉ်များအနေဖြင့် ယာဉ်ကြော၏ ညာဘက်ခြမ်းလမ်းကြောင်းတစ်ခုတည်းကိုသာ အသုံးပြုရတော့မည်ဖြစ်၍ ရန်ကုန် ခရီးသွားပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ရန်ကုန်အများပိုင်ဘတ်စ်ကားများပြေးဆွဲရေးက ပြည်သူအများရဲ့ တောင်းဆိုမှုနဲ့အတူ ၂၀၁၄ ခုနှစ် အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်က ငွေကျပ် ၁၀ ဘီလီယံထည့်ဝင်ပြီး စီစဉ်ဆောင်ရွက်ခဲ့ရာမှာ ကုမ္ပဏီလည်း ဖွဲ့စည်းပြီးပါပြီ။ ပြေးဆွဲမယ့်လမ်းကြောင်းတွေလည်း သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ပြေးဆွဲမယ့် မော်တော်ယာဉ်တွေလည်း မှာယူထားပြီးဖြစ်ပါတယ်။ ဒီလို အများပိုင်ဘတ်စ်ကားတွေ ပြေးဆွဲလာချိန်မှာတော့ လက်ရှိပြေးဆွဲနေတဲ့ မ. ထ. သ ယာဉ်တွေအနေနဲ့ ယာဉ်ကြောရဲ့ ညာဘက်ခြမ်းလမ်းကြောင်းတစ်ခုတည်းကိုသာ အသုံးပြုခွင့်ပေးမှာဖြစ်ပါတယ်။သတ်မှတ်ထားတဲ့ မျဉ်းဝါယာဉ်ကြောထဲကို အခြားယာဉ်တွေလည်း ဝင်ရောက် ခွင့်ရှိတော့မှာမဟုတ်တော့တဲ့အတွက် အများပိုင် ဘတ်စ်ကားတွေသာ မောင်းနှင်ခွင့်ပြုမှာဖြစ်လို့ ခရီးသွားပြည်သူတွေ သွားလာမှုလွယ်ကူချောမွေ့စေနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်အများပိုင်ဘတ်စ်ကားများကို စမ်းသပ်ကာလအဖြစ် အဓိကလမ်းကြောင်းနှစ်ခုဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ပထမလမ်းကြောင်းမှာ ပြည်လမ်းမှ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ဘုန်းကြီးလမ်းထောင့်မှ ဗိုလ်ချုပ်လမ်းအတိုင်း ဆက်လက်ထွက်ခွာပြီး ဆူးလေဘုရားလမ်းအရောက်တွင် ဘယ်ဘက်သို့ချိုးကွေ့ကာ ချိုးဖြူလမ်းအတိုင်း ကမ္ဘာအေးဘုရားလမ်း၊ ယင်းမှတစ်ဆင့် ရှစ်မိုင်လမ်းဆုံသို့ရောက်ရှိကာ ထောက်ကြံ့တွင် ဂိတ်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယလမ်းကြောင်းမှာ ထောက်ကြံ့မှ စတင်ထွက်ခွာပြီး ထောက်ကြံ့ရှစ်မိုင်လမ်းဆုံ-ကမ္ဘာအေးဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ယင်းမှတစ်ဆင့် ဗိုလ်ချုပ်လမ်းအတိုင်း ဗိုလ်တထောင်ဘုရားလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ကမ်းနားလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းမှတစ်ဆင့် ထောက်ကြံ့သို့ ပြန်လည်ဝင်ရောက်ရန် လမ်းကြောင်းသတ်မှတ်ထားသည်။ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ကို စုစုပေါင်းထည့်ဝင်ရင်းနှီးငွေကျပ် ၂၅ ဘီလီယံဖြစ်ပြီး နိုင်ငံတော်မှ ၄၀ ရာခိုင်နှုန်း (ကျပ် ၁၀ ဘီလီယံ) အများပြည်သူ ၆၀ ရာခိုင်နှုန်း(ကျပ် ၁၅ ဘီလီယံ) ထည့်ဝင်ကြမည်ဖြစ်ကာ နိုဝင်ဘာ ၃ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အထိ အစုရှယ်ယာတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အစု ၁၀၀၀ အထိ ရောင်းချ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ကြံတိုင်းအောင်**

# ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆုများအတွက် စာမူပေးပို့ရက်တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် စာမူများကို ဒီဇင်ဘာ ၁၃ ရက်တွင် နောက်ဆုံးပေးပို့ရန် မူလကသတ်မှတ်ထားသော်လည်း ယခုအခါ စာမူများကို ၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ယခင်သတ်မှတ်ထားသည့် ဘာသာရပ် ၁၃ မျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁) ၊ ကုန်သည် လမ်း စာပေဗိမာန်တွင်ရယူနိုင်ပြီးနယ်မှ စာမူတင်သွင်းလိုသူများသည် ငွေကျပ် ၁၂၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများမှာယူနိုင်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်ရာတွင် စာမူများကို စိစစ်ရွေးချယ်မှုပုံသဏ္ဌာန်ပြောင်းလဲလာခြင်း၊ ခေတ်စနစ်နှင့်လျော်ညီစွာ ဆုကြေးများ တိုးမြှင့်ပေးအပ်ခြင်းတို့ကြောင့် စိတ်ဝင်စားစွာ ယှဉ်ပြိုင်လိုသူများပြားလာနေ၍ ပါဝင်ယှဉ်ပြိုင်လိုသော ဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့် အနေဖြင့် ယခုကဲ့သို့ စာမူလက်ခံသည့်ရက်တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း စာပေဗိမာန်စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှု ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**(သတင်းစဉ်)**

## တိုက်ပြိုင်ပေးပို့ခြင်းမပြုပါရန် အသိပေးပန်ကြားခြင်း

မြန်မာ့အလင်းသတင်းစာတိုက်သို့ သတင်း၊ ဆောင်းပါး၊ ကာတွန်းများ ရေးသားပေးပို့ကြခြင်းအတွက် သတင်းထောက်များ၊ ဆောင်းပါးရှင်များနှင့် ကာတွန်းပညာရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။ သို့ရာတွင် အခြားသတင်းစာတိုက်များသို့ပါ တိုက်ပြိုင်ပေးပို့ခြင်း မပြုကြပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**စာတည်းအဖွဲ့**

## အမျိုးသားနေ့ အခမ်းအနားကျင်းပ

**မုဒုံ ဒီဇင်ဘာ ၈**

(၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က ဖတ်ကြားသည်။ယင်းနောက် အမျိုးသားနေ့အထိမ်းအမှတ် အထက်တန်းနှင့်အလယ်တန်းဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်

**ကိုချစ်**

## သတင်းတို

# ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် ထိုးနှံခြင်း ကျင်းပ

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအသစ် (ပိုလီယိုကာကွယ်ဆေး) စတင်ထည့်သွင်းထိုးနှံခြင်း အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က မြိတ်မြို့ အခြေခံပညာမူလတန်းကျောင်း(မြစ်ငယ်)ကျောင်း၌ ကျင်းပရာ ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လွင်လွင်မွန်က ပြည်သူများအား ပိုလီယိုကာကွယ်ဆေးအသစ်ထိုးနှံခြင်းကို အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



**တောင်ကြီး**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) အသစ် IPV စတင်ထိုးနှံခြင်းလုပ်ငန်းဖွင့်ပွဲကို ဒီဇင်ဘာလပထမပတ်က ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး သုံးထပ်ဆောင်အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အထူးရောဂါနှိမ်နင်းရေးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာနှင်းအိဖြူက ပိုလီယိုရောဂါအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

**မြဝတီ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ပထမပတ်က ကျင်းပသည်။ ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်က ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့အကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ ၊ စာစီစာကုံး ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသော မူလတန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင် . . .

**ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-**

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၈၄၆၂၇၁ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးဌေးကို | ၀၉-၇၃၀၇၆၀၀၁ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မို | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးဉာဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သယ်္ဃန်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၉-၇၉၉၆၅၇၁၄၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဖေ | ၀၉-၃၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၅၁၅၇၀၃၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ဌေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးခင်မောင်အေး | ၀၉-၂၆၃၉၉၈၈၂၃ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပြည်ကျော်ဈေး၊ ဘီလူးမညောင်ပင်၊ ခြင်္သေ့ကြီးနှစ်ကောင်နှင့် မိကျောင်းတံတားနိဂုံး

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

ညြော်. . . ကျွန်တော်တို့ကို မိုးပေါ်က သိကြားမင်း အောက်မေ့နေကြလေသလားမသိ။

မိကျောင်းတံတားလမ်းသည် ပြည်ကျော်ဈေးကျော်ကျော်ချင်း ဒီဘိုးလမ်းနှင့်တွေ့သည်။ ဒီဘိုးလမ်းတစ်လျှောက်ကလည်း ပွဲရုံတွေရှိသောကြောင့် စည်ကားကာ ယာဉ်အသွားအလာထူထပ်သည်။ ဒီဘိုးလမ်းအကျော်မိကျောင်းတံတားလမ်း၏ ညာဘက်မှာ ဓမ္မာရုံတစ်လုံးကိုတွေ့ရမည်။ ဓမ္မာရုံသည် မိတ္တာအရုဏ်တော်အသင်းဓမ္မာရုံဖြစ်သည်။ မိတ္တာအရုဏ်တော်အသင်းကို ကောဇာသက္ကရာဇ် ၁၂၇၇ ခုနှစ်က တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ၁၃၇၇ ခုနှစ်တွင် ဤအရုဏ်တော်အသင်းကြီးလည်း နှစ် ၁၀၀ ပြည့်ပြီ။

မန္တလေးမှာ ယခင်က အရုဏ်တော်အသင်းကြီးများ ရပ်ကွက်တချို့တွင်ရှိခဲ့ဖူးသည်။ အစောဆုံး အရုဏ်တော်အသင်းကြီးကတော့ မြောက်ပြင်က "မီးပြအရုဏ်တော်" ကြီးဖြစ်မှာပေါ့။ "မီးပြအရုဏ်တော်"က မဟာမုနိဘုရားကြီး အမရပူရမြို့သို့ ရခိုင်ပြည်နယ်မှ သယ်ယူပင့်ဆောင်သောအခါ ရှေ့ပြေး "မီးပြ" ပေးရသောအသင်းအဖွဲ့ဖြစ်သည်ဟု ဆို၏။

မန္တလေးမှာ ဥပုသ်တော်ရပ်အရုဏ်တော်၊ မီးပြအရုဏ်တော်၊ ရွှေလုံအရုဏ်တော်၊ မိတ္တာအရုဏ်တော်၊ ပေါက်ပေါက်တန်းအရုဏ်တော်များစသည်ဖြင့် ရှိခဲ့ဖူးပါသည်။ ယခု မိကျောင်းတံတားလမ်းပေါ်က မိတ္တာအရုဏ်တော်အသင်းကြီးကတော့ ယနေ့ထက်တိုင် တည်မြဲရှင်သန်နေဆဲဖြစ်ပါသည်။

အရုဏ်တော်အသင်းအဖွဲ့များသည် ရှေးမြန်မာရှင်ဘုရင်များ ထွက်တော်မူသည့်အခါ ပါဝင်မည့် ကျိုင်း၊ သိုင်း၊ တံခွန်၊ အလံ၊ ရွှေယပ်၊ ငွေယပ်၊ ကွမ်းတောင်၊ ပန်းတောင်စသည့် အဆောင်အယောင်များ အတိုင်း စနစ်တကျ အစီအစဉ်အတိုင်းထည့်သွင်းကာ ကြေးစည်၊ ထိုးနရီ၊ မောင်း၊ စည် စသည့်တူရိယာပစ္စည်းများလည်း ပါဝင်၏။ ထို့ပြင် ဆိုင်းထမ်းကြီးများဖြင့် ရွှေဆွမ်းအုပ်၊ ငွေဆွမ်းအုပ်၊ မြသပိတ်၊ ရေတော်၊ ပန်းတော်များလည်း ပါရှိသည်။

အရုဏ်တော်အဖွဲ့များသည် ဝါတွင်းကာလရောက်သောအခါ ပထမဆုံးဥပုသ်နေ့ဖြစ်သော ဝါဆိုလပြည့်နေ့ကို မဟာမုနိ၊ ဒုတိယဥပုသ်ဝါဆိုလပြည့်ကျော် ၈ ရက်ကို ရွှေကျီးမြင်၊ တတိယဥပုသ်ဝါဆိုလကွယ်အိမ်တော်ရာစသည်ဖြင့် ဥပုသ်နေ့တိုင်း အစီအစဉ်ဆွဲထားသည့်ဘုရားစေတီများသို့ နံနက်အရုဏ်မတက်မီ ၃ နာရီခွဲလောက်မှစ၍ ဆီမီးတထိန်ထိန်၊ ကြေးစည်သံတဝေဝေ၊ ထိုးနရီသံ မောင်းသံတဒူဒူဖြင့် တံခွန်ကုက္ကား၊ ကျိုင်း၊ သိုင်း၊ အောင်လံများလွှင့်ထူကာ အရုဏ်ဆွမ်းကပ်ကြ၊ ဝတ်တက်ကြသည်။ နံနက် ၆ နာရီခန့်တွင် ဝတ်တက်ပြီးသောအခါ ထွက်လာစဉ်က အစီအစဉ်အတိုင်း အရုဏ်တော်အဖွဲ့ကြီး ပြန်လာကြသည်။

မြို့သူမြို့သား၊ ရပ်ကွက်သူ ရပ်ကွက်သားတွေက ဆွမ်းကပ်ပြန်လာသော အရုဏ်တော်အဖွဲ့ကြီး နံနက်စောစောတွင် ကျက်သရေရှိစွာ လှည့်လည်လာသည်ကို ကြိုဆိုစောင့်ကြည့်ကြ၏။ အရုဏ်တော်အဖွဲ့တံဆိပ်နှင့် စာတန်းပါ ကတ္တီပါဆိုင်းဘုတ်ကြီးကို ဝတ်ဖြူစင်ကြယ် ဝတ်လူငယ်နှစ်ဦးကကိုင်ဆောင်ပြီး ၄င်းနောက်သာသနာ့အောင်လံများ၊ ရောင်စုံတံခွန်အလံများ၊ ယင်းနောက် အရုဏ်တော်အဖွဲ့ နိဗ္ဗာန်ဆော်၊ ၄င်းနောက်အသင်းလူကြီးများက ရွှေစလွယ်၊ ငွေစလွယ်များဖြင့် မြသပိတ်၊ ရွှေဖလား၊ ငွေဖလားများပိုက်လျက် ယင်းနောက် ထမ်းစင်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓရုပ်ပွားတော်၊ ယင်းနောက် ကျိုင်းကိုင်၊ သိုင်းကိုင်၊ ရေတော်၊ ကွမ်းတောင်ကိုင်များ၊ ယင်းနောက် ကြေးစည်၊ ထိုးနရီ၊ ရွှေမောင်းငွေမောင်းများ၊ ယင်းနောက် ပန်းကိုင် အရုဏ်တော်အဖွဲ့သားများ ဤသို့ဖြင့် စနစ်တကျ လှည့်လည်ကြခြင်းဖြစ်ပါသည်။

မိတ္တာအရုဏ်တော်အသင်းကြီးကတော့ ထိုကဲ့သို့ မင်းခမ်းမင်းနားများအပြင် နောက်ဆုံးမှ လိုက်ပါလာသည့် တီးဝိုင်းအဖွဲ့က နာမည်ကြီးလှပါသည်။ ထိုအသင်း တည်ရှိရာအရပ်မှာ ဂီတလုလင်တီးဝိုင်း၊ မြို့မတီးဝိုင်း၊ သင်္ဂဟ၊ သီရိမွန်စသော တီးဝိုင်းများတွင် ပါဝင်ကြသည့်အသင်းသားများ နေထိုင်ကြပါသည်။ သူတို့က သူတို့လက်စွဲ လေမှုတ်ကိရိယာများကိုကိုင်ဆောင်ပြီး တီးဝိုင်းမှာလိုက်ပါလာကြသည်။



ထို့ပြင် မန္တလေးမြို့မှ နာမည်ကျော်စိန်မောင်ကို၊ စိန်နက်ကြီးစသော ဆိုင်းအဖွဲ့များတွင် ပါဝင်သူများလည်း ၄င်းအရပ်မှာရှိသောကြောင့် ဒိုးချောင်ကလည်း မြူးမြူးသွက်သွက်၊ မောင်းဆိုင်းကလည်း လက်ကွက်စိပ်စိပ်။

နောက်တော့သူတို့နှင့် တွဲဖက်တီးခတ်ရတာများသောကြောင့် ရပ်ကွက်သားလူငယ်လေးများကလည်း သူတို့လိုနင်လား ငါလား။ ထို့ကြောင့် မိတ္တာအရုဏ်တော်အသင်းတီးဝိုင်းအဖွဲ့သည် နန်းတော်ရှေ့ဆရာတင်သီချင်း၊ မြို့မငြိမ်းသီချင်း၊ လေဘာတီမမြရင်သီချင်းများကို အပိုင်တီးမှုတ်နိုင် လေသည်။

"ဂီတတေးချင်းများကို ဘုရားတောင်ပယ်တော်မမူ
ပုပ္ဖာရုံကျောင်းအစ်မ သူပြုရတဲ့ကုသလကြည်ဖြူ
ဗိုက်ကိုပင် ဗျောအမှတ်နဲ့သီကာရွှင်ပျော်
အတောမသတ်ပေါင် လောကဤဇမ္ဗူ. . ."

ဟူသောနန်းတော်ရှေ့ဆရာတင်၏"ပဥ္စသိခ်"သီချင်းကို နံနက်စောစော မိတ္တာအရုဏ်တော်အသင်းမှတီးမှုတ်သံကြားလိုက်ရလျှင် ကြက်သီးထမျှ ကြည်နူးပီတိဖြစ်ရသည်။ တီးမှုတ်သူများကလည်း လမ်းလျှောက်ရင်းတီးမှုတ်ရပေမင့် မြူးကြွသွက်လက်နေကြသည်။ ဒိုးတီးဆရာကလည်း ဒိုးချက်လှလှသွက်သွက်များဖြင့် ခုန်ပျံလုမတတ် တီးခတ်လာ၏။

အရုဏ်တော်အဖွဲ့ကြီးအပြန်လမ်းတစ်လျှောက် တီးမှုတ်လာတော့အချို့လမ်းထောင့်များ၊ အိမ်များရှေ့တွင် အလှူငွေများ ထည့်၍ပင် ရပ်ဆိုင်းကာတီးမှုတ်ခိုင်းနေသောကြောင့် လူအုပ်ကြီးများဝိုင်းကာ နားထောင်ကြ၏။

မိတ္တာအရုဏ်တော်တီးဝိုင်းအဖွဲ့ကြီးတွင် ကျွန်တော်အံ့အားသင့်သဘောကျသောအချက်တစ်ချက်မှာ သီချင်းသီဆိုသူများထဲမှ ကိုချစ်ဆွေဆိုသူဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ် ၂၀ နီးပါးကပင် ကိုချစ်ဆွေဆိုသူမှာ အသက် ၄၀ အရွယ်ရှိရောပေါ့။ အရပ်မနိမ့်မမြင့်၊ ပိန်ပိန်ပါးပါး၊ အသားညိုက မည်းသည့်ဘက်လုကာ ဆံပင်ကောက်ကောက်၊ မျက်လုံးပြူးပြူး၊ နှာတံချွန်ချွန်နှင့် မန္တလေးအခေါ် "ဇေဒပါရီ"ရုပ်မျိုးဖြစ်သည်။ သူသီဆိုသမျှသီချင်းများကိုလည်း ပိုင်နိုင်စွာရှိလှ၏။ စာပေါင်ပွဲ့ပွဲ့၊ လျှာကိုက်နာနာဟုဆိုရပေမည်။ ကိုချစ်ဆွေကတီးဝိုင်းတွင် အုပ်စုံလည်းတီးသည်။ အုပ်စုံဆိုသည်မှာ စည်တိုသုံးလေးလုံးနှင့်အတူ လင်းကွင်းသေး၊ လင်းကွင်းကြီး၊ စည်းဝါးများတီးခတ်ရသူဖြစ်၏။ သူကအုပ်စုံတီးရင်း သီချင်းဆိုရသူဖြစ်သည်။

နောက်တော့မိတ္တာအရုဏ်တော်တီးဝိုင်းလှည့်လည်လာသောအခါ သီချင်းတစ်ပုဒ်သီဆိုမည်ဖြစ်ကြောင်း ကြေညာသောအခါ "ယခု ဆက်လက်ဖျော်ဖြေမှာကတော့ နန်းမြို့တော်ဆိုတဲ့သီချင်းဖြစ်ပါတယ်။ ဒီသီချင်းကို သီဆိုမည့်သူကတော့ မိတ္တာအရုဏ်တော် တီးဝိုင်းအဖွဲ့ရဲ့အဆိုနည်းပြချုပ် ကိုချစ်ဆွေဖြစ်ပါတယ်"ဟူ၍ဖြစ်၏။

အဆိုနည်းပြချုပ်ဟူသောရာထူးကို ကျွန်တော်သဘောကျနေသည်။ သဘောကျတာက မကြားဖူးသည့်အပြင် တီးဝိုင်းအဖွဲ့လေးမို့ ရယ်သွမ်းသွေးလိုတာမဟုတ်၊ သူနှင့်တကယ့်ကိုလိုက်ဖက်သောရာထူးမို့ ကျေကျေနပ်နပ်ကြီးသဘောကျနေခြင်းဖြစ်ပါသည်။

ဝါသနာအလျောက် အပျော်တမ်းလုပ်ကိုင်ရသောအလုပ်ပေမင့် စနစ်တကျလေးလေးနက်နက်လုပ်ကိုင်သော သဘောသရုပ်ကို တွေ့ရလို့ဖြစ်သည်။ အဆိုနည်းပြချုပ် ဦးချစ်ဆွေထံတွင်စနစ်တကျလေ့လာသင်ယူနေသော တပည့်ကောင်းများလည်းရှိနေမှာသေချာ၏။

မိတ္တာအရုဏ်တော်အသင်းကြီးသည် ယနေ့ထက်တိုင်ဝါတွင်း၌ အရုဏ်အဖွဲ့က မန္တလေးရှိ ဘုရားပုထိုးများအား အရုဏ်ဆွမ်းကပ်ခြင်း၊ တန်ဆောင်မုန်းလ၌ ကထိန်ခင်းခြင်းများကို မပျက်မကွက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ဂုဏ်ယူဖွယ်အသင်းကြီး ဖြစ်ပါ၏။

မိတ္တာအရုဏ်တော်အသင်းကြီး၏ တောင်ဘက်၊ မိကျောင်းတံတားလမ်းညာဘက်မှာပဲ ဘီလူးမညောင်ပင်ရှိပါသည်။ ကြီးမားသော ညောင်ပင်ကြီးမှာ ပေ ၃၀ ခန့်ရှိ အုတ်ခုံကြီးရှိသည်။ ညောင်ပင်၏ တောင်ဘက် မြောက်ဘက်တွင် ဘီလူးမရုပ်နှစ်ရုပ် ရှိပါသည်။ ကျွန်တော်တို့ငယ်စဉ်က အုတ်ခုံကလည်း ဒီလောက်မသပ်ရပ်၊ ဘီလူးမရုပ်များကလည်း မထင်မရှား မဲမဲသည်းသည်း။ ဘီလူးမရုပ်များရှေ့မှာပင် တဲငယ်လေးတွေရှိခဲ့သည်ဟု ထင်၏။ အခုတော့ အုတ်ခုံက သပ်သပ်ရပ်ရပ်။ ညောင်ပင်အခြေ အုတ်ပလ္လင်ကိုလည်း ပြင်ဆင်ထားကာ ဆေးရောင်စုံ ခြယ်ထားသည်။ ထို့ပြင် ဘီလူးမနှစ်ရုပ်ကိုလည်း ဆေးရောင်စုံခြယ်သထားပြန်၏။ ရုပ်တုတွေက သားနားလာတော့ ဘာမှန်းမသိ ပူဇော်ပသမှုတွေ ရှိလာပုံရသည်။ အနားမှာ အုန်းပွဲ၊ ငှက်ပျောပွဲရောင်းသူများကလည်း အဆင်သင့်။

ထိုအရပ်ကိုလည်း ဘီလူးမညောင်ပင်အရပ်ဟု ခေါ်ပါသည်။ ဘီလူးမညောင်ပင်၏ တောင်ဘက် မိကျောင်းတံတား၏ အနောက်ဘက်အရပ်မှာ ပုဏ္ဏားစုဖြစ်ပါသည်။ မန္တလေးမြို့တည်ကတည်းက ရှိခဲ့သော ပုဏ္ဏားရွာများအနက် ရွာတစ်ရွာဖြစ်ပါသည်။ အခုတော့ သမီးတော်ဈေးပုဏ္ဏားစုဟု ခေါ်သလို ပဲဝင်းပုဏ္ဏားစုဟုလည်း ခေါ်ကြ၏။ ပုဏ္ဏားစု၏ အနောက်ဘက်က အရပ်ကိုတော့ ပဲဝင်းခေါ်ပြီး တောင်ဘက်အရပ်ကို ပဲလှော်ချောင် ခေါ်ပါသည်။ မန္တလေး အစားအသောက်များတွင် မနက်လင်းလျှင်လင်းချင်း စားတော်ပဲပြုတ်နှင့် နံပြားလို၊ ထမင်းလို တွဲဖက် စားကြသည်။ ပဲပြုတ်နှင့် ကောက်ညှင်းပေါင်း၊ ပဲပြုတ်နှင့် ဇချိတ်ပေါင်းစသည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ခင်းပေး၍ ဒေသခံပြည်သူများအဆင်ပြေ

**ညောင်လေးပင် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်အတွင်းရှိ ငှက်ပျောတော-ဇီးကုန်းကြီး၊ ဇီးကုန်းကြီး-ကျဘန်း ကျေးလက်လမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဇီးကုန်းကြီး-ကျဘန်း လမ်းအရှည်(၂/၄)မိုင်ကို ငွေကျပ်သန်း ၁၃၀ဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငှက်ပျောတော-ဇီးကုန်းကြီး လမ်းအရှည်(၃/၄)မိုင်ကို ငွေကျပ်သန်း ၃၅၆ ဒသမ ၃၉ ဖြင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို Metal Dragon Co., Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်လုပ်ငန်းများ အရည်အသွေးပြည့်မီ၍ အချိန်မီပြီးစီးနိုင်ရန်အတွက် ဒီဇင်ဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းလွင်နှင့် အဖွဲ့က ကွင်းဆင်းကာ ကုမ္ပဏီမှတာဝန်ခံ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကျောက်ချောခင်းခြင်း လုပ်ငန်းများကို အသေးစိတ်စစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် တွေ့ရှိချက်များကို ရှင်းလင်းမှာကြားခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# လမ်းခင်းကျောက်များ ယခင်ကရှားပြေးတောင်မှ လိုသလောက်ရခဲ့သော်လည်း ယခုမရတော့၍ ထုံးဘိုမှမှာယူနေရ

**မုံရွာ ဒီဇင်ဘာ ၈**

ရထားလမ်းအင်ဂျင်နီယာအဖွဲ့က သံလမ်းပိုင်းတစ်လျှောက် လမ်းကြံ့ခိုင်မှုရှိစေရန် ကွန်ကရစ်ဇလီဖားများနှင့် လမ်းခင်းကျောက်များကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိရာ မုံရွာခရိုင် ရှားပြေးတောင်မှ လမ်းခင်းကျောက်များ ထွက်ရှိမှုနည်းလာပြီဖြစ်သောကြောင့် ပြင်ဦးလွင်သွားလမ်းရှိ ထုံးဘိုရွာမှမှာယူရရှိကြောင်း မုံရွာဘူတာအခြေစိုက် အင်ဂျင်နီယာတစ်ဦးထံမှ သိရသည်။

မြန်မာ့မီးရထားက နေ့စဉ်ပြေးဆွဲခုတ်မောင်းနေသော ညောင်ပင်ဝန်းရွာမှ မုံရွာမြို့ကိုဖြတ်၍ ဘုတလင်မြို့အထိ ၆၃ မိုင်ရှည်သော ရထားသံလမ်း ဇလီဖားတုံးများကို ယခင်သစ်သားဇလီဖားများအစား ကွန်ကရစ်ဇလီဖားများကို ရထားလမ်းကွေ့များတွင် ဖြည့်သွင်းတပ်ဆင်ရာမှ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် လမ်းအဖြောင့်များပါ ထည့်သွင်းတပ်ဆင်အသုံးပြုလျက်ရှိရာ ၂၀၁၂ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ ကွန်ကရစ်ဇလီဖားတုံး ၄၆၀၀၀ ကျော်ကိုအစားထိုးလဲလှယ်တပ်ဆင်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများပြား၍ အလုပ်သမားရှားပါးမှုရှိ

**ရမည်းသင်း ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်း မြို့နယ်အတွင်းရှိ ကျေးရွာတချို့တွင် အခြားဒေသများသို့ သွားရောက်ကာ လုပ်ငန်းလုပ်ကိုင်ကြသူများ များပြားသောကြောင့် သီးနှံများပေါ်ချိန်တွင် အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့ရကြောင်း သိရသည်။

ထို့ကြောင့် ယင်းဒေသများတွင် ငရုတ်ဆွတ်ချိန်၊ လယ်ရိတ်ချိန်၊ မြေပဲနုတ်ချိန် တောင်သူအလုပ်လုပ်ချိန်များ သီးနှံပေါ်ချိန်များ၌ အလုပ်သမားရှားပါးသောကြောင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ အလုပ်သမားများ ငှားရမ်းရသည်ဟု သိရသည်။ ဒေသပေါက်ဈေးထက် အလုပ်သမားတစ်ဦးလျှင် ၅၀၀ ကျပ် ပိုပေးရသည့်အပြင် အသွားအပြန် အကြိုအပို့ကိုလည်း ငှားရမ်းသူက စီစဉ်ပေးရကြောင်း သိရသည်။

"တောင်သူ လုပ်ငန်းဆိုတာက လည်း ရာသီဥတုအပေါ်မူတည်ပြီး အချိန်လုလုပ်ရတယ်။ တစ်ရက်စောစောသလို အကျိုးရှိတယ်။ ရွာမှာက လည်း လူငယ်တော်တော်များများက အခြားဒေသတွေမှာ သွားပြီးအလုပ်လုပ်နေကြတော့ အလုပ်သမားရှားတယ်၊ ဘေးရွာက အလုပ်သမားခေါ်တော့ ငွေပိုပေးရတယ်။ ခုနှစ်သီးနှံထွက်နှုန်းနည်းတော့ တောင်သူတော်တော်များများ စိုက်ပျိုးစရိတ်ရှုံးတယ်။ အဓိကကတော့ အလုပ်သမား ရှားတော့ အချိန်မီအလုပ်မလုပ်နိုင်တဲ့အတွက် ဆုံးရှုံးမှုရှိတယ်" ဟု ရမည်းသင်းမြို့နယ် ဝါးရုံတောအုပ်စုအတွင်း နေထိုင်သော တောင်သူတစ်ဦးက ပြောသည်။

**အတ်ကလေး (ရမည်းသင်း)**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်စီးပွားရေး ဆန်းစစ်မှုပညာသင်တန်းဖွင့်

**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်ဂျာမနီအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ပူးပေါင်း၍ စွန့်ဦးတီထွင်လုပ်ငန်းရှင် စီးပွားရေး ဆန်းစစ်မှုပညာ ရက်တိုသင်တန်းကို ဒီဇင်ဘာ ၃ ရက်က မြိတ်မြို့ကန်ဖျားရပ်ကြံတောလမ်း J&J ဟိုတယ်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်စက်မှုလက်မှု ဝန်ကြီး ဦးဝင်းဆွေက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးတင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်အထိဖွင့်လှစ်ပြီး စီးပွားရေး စွမ်းဆောင်နိုင်မှုအား ဖော်ထုတ်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုအား စနစ်တကျဆန်းစစ်သုံးသပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုလမ်းစဉ်များ စနစ်တကျဆန်းစစ်သုံးသပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုလမ်းစဉ်များပြင်ဆင်ခြင်းတို့ကို အဓိကထားသင်ကြားပေးခဲ့ကြောင်း၊ သင်တန်းသားများထဲတွင် စိတ်ပါဝင်စားသူများနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများပါဝင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**သစ်တောသစ်ပင်တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

## သတင်းတိုများ

### လူမှောင်ခိုလူကုန်ကူးမှုနှင့် အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေး

ကလေးသူငယ်နှင့်အမျိုးသား အမျိုးသားသမီးများအားလုံး လူမှောင်ခိုနှင့်လူကုန်ကူးမှုတို့မှ ကင်းဝေးရှောင်ရှားစေရန်ရည်ရွယ်ပြီး ကချင်ပြည်နယ် တနိုင်းမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ဒီဇင်ဘာလ ပထမပတ်က ဆင်မ်ဆာ့ရပ်ကွက် အထကကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက အမှာစကားပြောကြားပြီး အဖွဲ့ဝင်ဒေါ်သန်းသန်းအေးက လူမှောင်ခိုလူကုန်ကူးမှုနှင့် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးများဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

### ပိုလီယိုရောဂါ ကာကွယ်ဆေး (IPV) စတင်ထိုးနှံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ပြည်သူ့ကျန်းမာရေးစခန်း၌ ပိုလီယိုရောဂါကာကွယ်ဆေးအသစ် (IPV) ထိုးနှံခြင်း အခမ်းအနားကို ဒီဇင်ဘာလ ပထမပတ်က ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ပြည့်ဖြိုးကိုကိုက ပိုလီယို ရောဂါကာကွယ်ဆေး (IPV) ထိုးနှံရခြင်းအကြောင်း ရှင်းလင်းသည်။ ဆက်လက်၍ အသက်လေးလနှင့် တစ်နှစ်အတွင်းရှိ ကလေးငယ် ၃၀ ကို (IPV) ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး ကလေးငယ်များအား အရုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သဲစုမိုး**

### ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ပထမပတ်က သာကေတမြို့နယ် အထူးကုဆေးရုံ(သာကေတ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထူးကုဆေးရုံ(သာကေတ) ကလေး အထူးကုဆရာဝန် ဒေါက်တာ မျိုးခိုင်က ခုခံအားကျဆင်းမှုရောဂါနှင့် ဆက်နွယ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **အောင်အောင်**

### ငွေးဂုဏ်ကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငွေးဂုဏ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဒီဇင်ဘာလပထမပတ်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ငွေးဂုဏ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ၁၁ ကေဗွီလိုင်းကို ၁၀ မီတာ ကွန်ကရစ်တိုင် ၂၆၅ တိုင်ဖြင့် ခြောက်မိုင်ခန့် တည်ဆောက်ခဲ့ရပြီး ၄၀၀ ဗို့လိုင်း လေးမိုင်ခန့်ကို ကိုးမီတာ ကွန်ကရစ်တိုင် ၁၉၅ တိုင်ဖြင့် တည်ဆောက်ခဲ့ရကြောင်းနှင့် အိမ်ခြေ ၅၁၃ အိမ်အနက် အိမ်ခြေ ၂၀၀ နှင့် လမ်းမီးများအားလုံး မီးလင်းနေပြီဖြစ်ကြောင်း ဒေသခံပြည်သူများ ဝမ်းသာနေကြကြောင်း သိရသည်။ **ဖေထွဏ်းဇော် (ရေစကြို)**

### အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်း (၁/၂၀၁၅) ကို ဒီဇင်ဘာလ ပထမပတ်က မြို့နယ်စာကြည့်တိုက်ရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင် ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက်ပညာစီမံ ခန့်ခွဲခြင်းလုပ်ငန်း၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စာအုပ်များမှတ်ပုံတင်ခြင်းလုပ်ငန်းအကြောင်းတို့ ကို သင်ကြားပို့ချကြခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



**နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သာဝတ္တိကျေးရွာရှိ ဒေသခံများအား ဒီဇင်ဘာလပထမပတ်က နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဦးစီးဌာနမှူး ဦးချိုထွန်းက ဒေသခံတစ်ဦးထံ ပေးအပ်စဉ်။** ကိုကိုရှူပ

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ကောက်သစ်လှူပွဲ၏အနှစ်သာရ

**သတင်းဆောင်းပါး-စိုင်းသာလှိုင်(လိဗ္ဗော်မြေ)**
**ဓာတ်ပုံ-စိုင်း(သီပေါ)**



ဆောင်းဦးလေညင်းတွင် စပါးပင်ပျိုတို့ ယိမ်းကနေသည်။ မြန်မာနိုင်ငံ လယ်မြေအနှံ့တွင် ကောက်လျှင်စပါးများ သင်းပျံ့ကြိုင်လှိုင်လေပြီ။ စုပေါင်း ကောက်ရိတ်သိမ်းရေးအတွက် တောင်သူဦးကြီးတို့ ပြင်ဆင်ကြချေပြီ။ ကောက်ရိတ်ဦး ကောက်သစ်ကို စုပေါင်းလှူဒါန်းကြသော ကောက်သစ်လှူပွဲတော်ကို ရှမ်းတိုင်းရင်းသားတို့ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ တပျော်တပါး ဆင်နွှဲကြပေတော့မည်။

အခြားတိုင်းရင်းသားလူမျိုးများနည်းတူ ရှမ်းတိုင်းရင်းသားများ ပြုလုပ်လေ့ရှိသော ရှမ်းရိုးရာပွဲတော်များအနက် ကောက်သစ်လှူပွဲတော်မှာ အထူးထင်ရှားလှပေသည်။ ယင်းပွဲတော်များအနက် ရှမ်းနှစ်သစ်ကူးပွဲတော်မှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာရခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် နတ်တော်လဆန်းတစ်ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများ နေထိုင်ရာ ဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှ ရှမ်းသက္ကရာဇ်စတင်ခဲ့သည်ဟု ဆိုသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာသာသနာကို အလေးအမြတ်ပြုသည့်အနေဖြင့် နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ်သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ကြပေသည်။ ရှမ်းနှစ်သစ်ကူးနေ့အရ နတ်တော်လကို ရှမ်းဘာသာဖြင့် "လိန်လိန်ကျိန်" မြန်မာဘာသာဖြင့် ပထမ၊ ပြာသိုလကို "လိန်ကမ်" ဒုတိယလနှင့်တပို့တွဲလကို တတိယလ၊ တပေါင်းလကို စတုတ္ထလစသည်ဖြင့် တန်ဆောင်မုန်းလကို နှစ်၏နောက်ဆုံး ၁၂ လဟု သတ်မှတ်ခေါ်ဝေါ်ကြပေသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို တန်ဆောင်မုန်းလကွယ်နေ့ည ၁၂ နာရီတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ကောက်သစ် ကောက်ညှင်းဆန်ဖြင့်ပြုလုပ်သောကောက်ညှင်းချွန်ထုပ်၊ ကောက်ညှင်းကျည်တောက်၊ ကောက်ညှင်းပေါင်းများ ဝေငှကျွေးမွေးခြင်းနှင့် ရိုးရာယဉ်ကျေးမှု အဆို၊ အတီး၊ အကများဖြင့် ချမ်းအေးသော နှင်းမှုန်များအောက်တွင် မီးပုံပွဲကျင်းပကာ သာယာနာပျော်ဖွယ် ရှမ်းအိုးစည်သံများနှင့် ရှမ်းနှစ်သစ်မင်္ဂလာအခါသမယကို စည်ကားသိုက်မြိုက်စွာ ကြိုဆိုလေ့ရှိကြပေသည်။

အဆိုပါ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့်အတူ ကောက်သစ်လှူပွဲအခမ်းအနားကိုပါ ပူးတွဲကျင်းပရာ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား" ရှေးဆိုရိုးစကားနှင့်အညီ ၎င်းတို့လယ်မြေများမှ ထွက်ရှိသော ကောက်သစ်များဖြင့် ဘုရားအမှူးပြုသော ရဟန်းသံဃာတော်အရှင်သူမြတ်များကို ဦးဦးဖျားဖျားဆွမ်းကပ်လှူဒါန်းသမှုပြုပြီး နှစ်သစ်ချိန်ခါသမယတွင် ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများအား ဖိတ်ကြားလျက် ကောက်သစ်ဖြင့် ချက်ပြုတ်ထားသော ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေး၍ မိတ်ဆုံစားပွဲကျင်းပနိုင်ရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန်၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြကြောင်း သိရသည်။

ကောက်သစ်လှူပွဲနေ့တွင် ကိုယ်စီသယ်ဆောင်လာသော ပေါ်ဦးပေါ်ဖျား သစ်သီးဝလံများကို ဘုန်းတော်ကြီးကျောင်းနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။ ထိုသို့ ပူဇော်ကန်တော့ခြင်းဖြင့် သီးနှံများအထွက်ပိုလာသည်ဟု အယူရှိကြသည်။ ထို့အပြင် တောင်သူလယ်သမားများ၏ ကျေးဇူးရှင်သဖွယ် သတ်မှတ်ခြင်းခံရသော ကျွဲ၊ နွားများကိုလည်း ကျွေးမွေးကြသည်။

ကောက်သစ်လှူပွဲ၏ အဓိကရည်ရွယ်ချက်မှာ ရိုးရာယဉ်ကျေးမှု အစဉ်အလာ ထိန်းသိမ်းခြင်းနှင့် လယ်ယာ တောင်ယာသမားချင်း အတွေ့အကြုံဖလှယ်ကြခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ကောက်သစ်လှူပွဲသည် မိသားစုထမင်းဝိုင်းအသွင်ကိုဆောင်စေသည်။ ကောက်သစ်လှူပွဲတော်တွင် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ပလောင် တောင်သူလီဆူ၊ ဗမာ စသည့် ညီနောင်နွယ်ဖွား တိုင်းရင်းသားများ ထမင်းလက်ဆုံစားကြသည်။ အပြုံးချင်းဖလှယ်ကြသည်။ အသိချင်းနှီးနှော၍ မေတ္တာစကားဆိုကြသည်။

ပွဲတော်သို့ ရောက်ရှိလာသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကိုလည်း ထမင်းထုပ်များ ဝေငှကာ တပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြသည်။ ရှမ်းတိုင်းရင်းသားများသည် မိမိတို့ စုပေါင်းကျင်းပသည့် ကောက်သစ်လှူပွဲကို ရွှင်လန်းချမ်းမြေ့ဖွယ်ဖြစ်အောင် အကျွေးအမွေးရက်ရောမှု စေတနာဖြင့် အလှူဆင်သည်သာမက ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့်လည်း ဧည့်ခံဖျော်ဖြေကြသည်။

ကောက်သစ်လှူပွဲတော်ညတွင် မောင်းသံ၊ လင်းကွင်းသံ၊ ရှမ်းအိုးစည်သံများ၊ ရိုးရာလေမှုတ်တူရိယာသံများနှင့် တီးကွက်လှလှ၊ စည်းချက်ကျကျဖြင့် ကပြသော ရှမ်းရိုးရာကိန္နရီ၊ ကိန္နရာ၊ တိုးနယား၊ ခြား၊ တုတ်သိုင်းအကနှင့် ပဒေသာအကများကိုပါ ရှုစားနိုင်ကြသည်။ ယင်းအကများ ထဲတွင် လယ်ယာလုပ်ငန်းခွင်နှင့် ပတ်သက်သော အကများလည်း ပါရှိလေရာ ရှမ်းတိုင်းရင်းသားများသည် မိမိတို့၏ အသက်သွေးကြောတောင်ယာလုပ်ငန်းကို အလေးအနက်ထားကြောင်း သိနိုင်ပေသည်။

၎င်းတို့သည် တောင်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အလေးအနက်ထားကြပြီး တောင်ယာကိုချစ်ခင်ကြသည်။ တောင်ပေါ်ဒေသ စိုက်ပျိုးရေးလုပ်ငန်းသည် မြေပြန့်မှ လယ်ယာစိုက်ပျိုးရေးထက် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရပေသည်။ တစ်နှစ်ပတ်လုံး နေပူမိုးရွာမရှောင် ချွေးနှင့်ရင်း၍ စိုက်ပျိုးရသော စပါးခင်းများမှ စပါးများ ရင့်မှည့်ချိန်ရောက်လျှင် သူတို့အမောပြေရသည်။ ပင်ပန်းသမျှ ရွှင်လန်းရသည်။ ကောက်သစ်ကောက်ဦးပေါ်ချိန်တွင် ခံစားရသော ပီတိအဟုန်ကား အနှိုင်းအဆမရှိတော့ပါပြီ။

ကောက်သစ်လှူပွဲကျင်းပခြင်းကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် "ပွဲလှူခေါက်မိုင်တိုင်းတိုင်း" ဟု ခေါ်သည်။ ရှမ်းတိုင်းရင်းသားတို့ ပျော်ရွှင်မဆုံး ပီတိဖုံးချိန်သည် "ပွဲလှူခေါက်တိုင်း" ရာသီစပါးပေါ်ချိန်ပင် ဖြစ်သည်။

စပါးပေါ်ချိန်တွင် တစ်ဦးချင်းတစ်ကိုယ်ရေဝမ်းသာပျော်ရွှင်ရရုံဖြင့် အားမရနိုင်ဘဲ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ခေါ်ကာ ကောက်သစ်လှူပွဲ ကျင်းပပြီး ဝမ်းမြောက်အနုမောဒနာတရားကို မျှဝေခံစားစေခြင်းမှာ တိုင်းရင်းသားများ၏ ရိုးသားဖြူစင်သည့် အလေ့အထများဖြစ်သလို ယခုနှစ်တွင်လည်း ကောက်သစ်လှူပွဲ၏ အနှစ်သာရမှာ ပိုမိုပီပြင်လာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

## တောင်ပေါ်စပါးပေါ်ချိန် ကြက်တူရွေး ဖမ်းသူများပြား

**ပြင်ဦးလွင် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျေးရွာများနှင့် ပြင်ဦးလွင်ဒေသရှိ တောင်ပေါ် ကျေးရွာများတွင် ဆောင်းဦးပေါက် တောင်ယာစပါးပေါ်ချိန်၌ စပါးခင်းများအတွင်းသို့ လာရောက် စားသောက်လျက်ရှိသော ကြက်တူရွေးများကို ဖမ်းဆီးရောင်းချသူများပြားလျက်ရှိကြောင်း သိရသည်။

ကြက်တူရွေးများသည် သဘာဝအလျောက် တောတောင်များတွင် နေထိုင် ကျက်စားလျက်ရှိကြပြီး တောင်ယာစပါးပေါ်ချိန်မှသာ စပါးခင်းများသို့ လာရောက်ကြသောကြောင့် ယခုကဲ့သို့ ကြက်တူရွေးဖမ်းသူ များပြားကြောင်း သိရသည်။



"ကြက်တူရွေးဖမ်းတာ စားသောက်ဖို့မဟုတ်ပါဘူး။ ပြန်ရောင်းဖို့ ဖမ်းတာပါ။ အခုလို တောင်ယာ စပါးပေါ်ချိန်ရောက်မှပဲ ကြက်တူရွေးတွေကို ဖမ်းလို့ရတယ်။ တစ်ခါတစ်ခါ ဖမ်းလို့ရရင် အကောင် ၂၀ ကနေ ၃၀ ကျော်အထိ ဖမ်းလို့ရတယ်။ ဖမ်းမိတဲ့ကြက်တူရွေးတွေကို လူနေများတဲ့ ပြင်ဦးလွင်မြို့ပေါ်နဲ့ ဘုရားကြီး၊ ရေတံခွန်၊ ကန်တော်ကြီးစတဲ့ နေရာတွေမှာ သွားပြန်ရောင်းပါတယ်။ ဝယ်တဲ့လူတွေကလည်း အိမ်မှာ အလှမွေးရုံသက်သက် ဝယ်ယူကြတာပါ။ တစ်ကောင်ကို ငွေကျပ် ၃၅၀၀ ကျပ်နဲ့ ရောင်းရတာဆိုတော့ ဘာပဲဖြစ်ဖြစ် အပိုဝင်ငွေရတဲ့ လုပ်ငန်းတစ်ခုလို့ ပြောလို့ရပါတယ်" ဟု ကြက်တူရွေးဖမ်းဆီးရောင်းချသူ တစ်ဦးက ပြောသည်။

ယခုအချိန်တွင် ပြင်ဦးလွင်ဒေသ၌ ကြက်တူရွေးဖမ်းဆီးရောင်းချနေသူများကို နေ့စဉ်တွေ့ရှိနေရပြီး သစ်တောဥပဒေအရသော် လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် တခြားသောဥပဒေများ နှင့် တားမြစ်အရေးယူမှု တစ်စုံတစ်ရာ မရှိသေးဘဲ လွတ်လွတ်လပ်လပ် ဖမ်းဆီးရောင်းချလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အကောင် အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၅ ရွာမှ တုံစင့်၊ ရွာသစ်၊ ပန်စောက်မိန်း၊ ဆွတ်လန်း၊ စံဖိတ်၊ နားခဲကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးခိုင်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့ပြီး စာရင်းဇယားပုံစံများ ပြည့်စုံစွာရေးသွင်းရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေး

**ကြံခင်း ဒီဇင်ဘာ ၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့်ကျေးလက်ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ဆောင်ရွက်လျက်ရှိရာ ကြံခင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလပထမပတ်က ဧရာဦးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးကျော်ဝင်းနိုင်က အမှာစကားပြောကြားသည်။

ယင်းစီမံကိန်းကို မြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၃၀ရှိ ကျေးရွာပေါင်း ၂၅၅ ရွာတွင် အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်ဒေသများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များအပြင် လူ့စွမ်းအားအရင်းမြစ်များ၊ စွမ်းဆောင်ရည်မြှင့်တင်မှုများကိုပါ အကျိုးခံစားခွင့် ရရှိကြမည်ဖြစ်သည်။ **(ဝ၆၉)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ကစားသမားကောင်းတွေကို ပွဲမထုတ်နိုင်ခဲ့တဲ့ ဗန်ဟားလ်

မန်ယူအသင်းအနေနဲ့ သရေပွဲများ ဆက်တိုက်ကြုံတွေ့နေရခြင်းဟာ နည်းပြ ဗန်ဟားလ်ရဲ့ အပြစ်လို့ပြောဆိုနေကြပါပြီ။ ဗန်ဟားလ်အနေနဲ့ ကစားသမားကောင်းတွေရှိပါလျက်နဲ့ ပွဲထုတ်ကစားပေးနိုင်ခဲ့ခြင်းမရှိဘူးလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်(၁၅)မှာ မန်ယူတို့ ကံကောင်းနေလို့သာ ဝက်စ်ဟမ်းကို မရှုံးခဲ့တာပါ။ ဗန်ဟားလ်ရဲ့ ကစားကွက်ပုံစံက တိုက်စစ်အားကောင်းတာတော့ အမှန်ပါပဲ။ သို့ပေမယ့် ဂိုးသွင်းသေချာတဲ့ ရွှန်းနေနဲ့ ဒီပေးတို့လို ကစားသမားတွေကို ပွဲထုတ်ကစားနိုင်ခဲ့ခြင်းမရှိဘူးလို့ ဆိုပါတယ်။ မန်ယူကစားသမားအချို့ဟာ ဗန်ဟားလ်ရဲ့ နောက်ကွယ်မှာ ဝှက်ထားခြင်းခံရတယ်လို့ ဆိုပါတယ်။ ယခုနှစ်ပရီမီယာလိဂ်မှာ နာမည်ကြီး ဝိန်းရွှန်းနေလည်း ကောင်းကောင်းခြေစွမ်းပြဂိုးတွေ မသွင်းနိုင်ပါဘူး။ မာရှယ်လည်း ထင်သလောက်ခြေစွမ်းမပြနိုင်ပါဘူး။ ပေါင် ၂၅ သန်းပေးခေါ်ခဲ့တဲ့ ဒီပေးဆိုတာလည်း နှစ်ဂိုးသာသွင်းပေးနိုင်ပါသေးတယ်။ ဗန်ဟားလ်အနေနဲ့ ဝှက်ထားတဲ့ ကစားသမားတွေကို မှန်မှန်ကန်ကန်ပွဲထုတ်ကစားနိုင်မှသာ ဖလားရနိုင်မယ်လို့ ဆိုပါတယ်။



## ဗလင်စီယာနည်းပြဖြစ်လာနိုင်တဲ့ ဘယ်လာမီ

မန်ယူနောက်တန်းကစားသမားဟောင်း ဂယ်ရီနဗီးလ်ဟာ ဗလင်စီယာနည်းပြဖြစ်လာဖို့ စကိုင်းစပေ့ါမှ နုတ်ထွက်ခဲ့ရပါတယ်။ ဘယ်လာမီယာဟာ ဆယ်စုနှစ် နှစ်ခုကြာ ဘောလုံးလောကမှာ အောင်မြင်ခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ် မေလက ဘောလုံးကစားခြင်းမှ အနားယူခဲ့တာပါ။ လက်ရှိအချိန်မှာ ၁၇ နှစ်အောက် ဝေလအသင်းရဲ့ နည်းပြအဖြစ်တာဝန်ယူထားတာပါ။ ဘယ်လာမီဟာ ဂယ်ရီနဗီးလ်ကိုင်တွယ်ခဲ့တဲ့ စကိုင်းစပေ့ါကို ကိုင်တွယ်ဖို့ တန်းစီထားပါတယ်။ ဂယ်ရီနဗီးလ်ဟာ လွန်ခဲ့တဲ့အပတ်က စကိုင်းစပေ့ါတာဝန်ကို အဆုံးသတ်ပြီး ဗလင်စီယာနဲ့ ခြောက်လစာချုပ်ထားပါတယ်။ ဂယ်ရီနဗီးလ်ကို ဗလင်စီယာက ကာလရှည်စာချုပ်ထားခြင်းမရှိသေးပါဘူး။ ဘယ်လာမီဟာ ဗလင်စီယာနည်းပြဖြစ်ဖို့ ဂယ်ရီနဗီးလ်ရဲ့ အဓိကပြိုင်ဘက်ဖြစ်လာပါတယ်။ ဂယ်ရီနဗီးလ်အနေနဲ့ ခြောက်လတာအတွင်းမှာ ဗလင်စီယာအသင်းကို အောင်မြင်တဲ့အသင်းဖြစ်အောင် မလုပ်ပေးနိုင်ဘူးဆိုရင် အသက် ၃၆ နှစ်အရွယ်သာရှိသေးတဲ့ ဘယ်လာမီဟာ ဗလင်စီယာနည်းပြဖြစ်လာနိုင်တဲ့ အနေအထားရှိပါတယ်။





# နောက်တစ်ဆင့်တက်မယ့် လီဗာပူးရဲ့ ယူရိုပါလိဂ်ပွဲစဉ်

***ဒီတစ်ပတ်ရဲ့ ကြားရက်မှာတော့ ယူရိုပါလိဂ်ပွဲစဉ်တွေကလည်း ပရိသတ်တွေအတွက် အသင့်စောင့်ကြိုနေပြန်ပါတယ်။ ဒီဇင်ဘာ ၁၁ ရက်မှာ ကစားမယ့် ပွဲစဉ်တွေအနက် လီဗာပူး၊ နာပိုလီ၊ ဒေါ့မွန်တို့ရဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ရင်ဆိုင်မှုတွေနဲ့ အသင်းငယ်တွေရဲ့ ရုန်းကန်အားထုတ်မှုတွေက ပြိုင်ပွဲရလဒ်ကို ပြောင်းလဲသွားစေမလားဆိုတာ ပရိသတ်တွေအဖြေညှိကြရဦးမှာဖြစ်ပါတယ်။***

**စီယွန်နှင့် လီဗာပူး**

အုပ်စု(B)မှာ လီဗာပူးက ငါးပွဲကစားပြီး ကိုးမှတ်နဲ့ထိပ်ဆုံးက ဦးဆောင်နေသလို စီယွန်တို့ကလည်း ရှစ်မှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဆွစ်ဇာလန်ကလပ် စီယွန်ဟာ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာမို့ လီဗာပူးတိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ဖြတ်ကျော်မှုကို ဟန့်တားရခက်ပါလိမ့်မယ်။ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကို လီဗာပူးတို့ နိုင်ပွဲနဲ့အဆုံးသတ်ပါလိမ့်မယ်။

**ဖီနာဘာချီနှင့် ဆဲလ်တစ်**

အုပ်စု(A)မှာ ဖီနာဘာချီက ငါးပွဲကစား၊ ရှစ်မှတ်ရရှိနေပြီး ဆဲလ်တစ်တို့ကတော့ နှစ်မှတ်သာရရှိထားပါတယ်။ မျှော်လင့်ချက်မရှိတော့တဲ့ ဆဲလ်တစ်တို့ ဒီပွဲမှာအားထည့်တော့မှာမဟုတ်ပေမယ့် ဖီနာဘာချီကတော့ နောက်တစ်ဆင့်တက်လှမ်းရေးသေချာအောင် အနိုင်ကစားပါလိမ့်မယ်။ ဖီနာဘာချီတို့ရဲ့ အိပ်မက်တွေအကောင်အထည်ဖော်မယ့် ညပါပဲ။

**နာပိုလီနှင့် လီဂါဝါဆော**

အုပ်စု(D)မှာ နာပိုလီတို့ ငါးပွဲကစား၊ ၁၅ မှတ်နဲ့ ထိပ်ဆုံးကဦးဆောင်နေပြီး ပိုလန်ကလပ် လီဂါဝါဆောတို့ကတော့ လေးမှတ်ပဲရရှိထားပါတယ်။ တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်ကျဆင်းနေတဲ့ လီဂါဝါဆောတို့အတွက် နာပိုလီကွင်းမှာ ခက်ခဲပါလိမ့်မယ်။ နာပိုလီဟာ ဒီနှစ်ယူရိုပါလိဂ်မှာ ရှုံးပွဲမရှိသေးတာမို့ အဲဒီမှတ်တမ်းကောင်းကို ဒီပွဲမှာလည်း ဆက်လက်ရေးထိုးပါလိမ့်မယ်။

**ဒေါ့မွန်နှင့် ဆလိုနီကာ**

အုပ်စု(C)မှာ ဒေါ့မွန်တို့ ငါးပွဲကစားပြီးချိန် ၁၀ မှတ်ရရှိထားလို့ နောက်တစ်ဆင့်တက်ရေး သေချာနေပြီဖြစ်ပါတယ်။ ဂရိကလပ် ဆလိုနီကာတို့ကတော့ လေးမှတ်ပဲရရှိထားတာမို့ နောက်တစ်ဆင့်တက်ရေး မျှော်မှန်းချက်ကုန်ဆုံးသွားပြီ ဖြစ်ပါတယ်။ အုပ်စုပထမနေရာရရှိရေးအတွက် ကြိုးစားလာမယ့် ဒေါ့မွန်တို့ ပထမအကျော့ တစ်ဂိုးစီသရေရလဒ်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ဆိုတာကို ခြယ်မှုန်းပါလိမ့်မယ်။

**ဘော်ဒိုးနှင့် ရူဘင်ကာဇန်**

အုပ်စု(B)မှာ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်မရှိတော့ပါဘူး။ ရုရှားကလပ် ရူဘင်ကာဇန်တို့ဟာ သာမန်ခြေစွမ်းသာရှိနေတာမို့ အခုပွဲအတွက် ဘော်ဒိုးကွင်းမှာ အနိုင်ရအောင် စွမ်းဆောင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ဘော်ဒိုးရဲ့ ခြေစွမ်းက မာကျောနေတာမို့ ဒီပွဲရလဒ်က သရေကိုလည်း ဦးတည်သွားနိုင်ပါတယ်။

**အေဂျက်နှင့် မိုလ်ဒီ**

အုပ်စု(A)မှာ မိုလ်ဒီတို့ ငါးပွဲကစားပြီး ၁၀ မှတ်ရကာ နောက်တစ်ဆင့်တက်လှမ်းဖို့ အသင့်ရှိနေပြီဖြစ်ပါတယ်။ နော်ဝေကလပ် မိုလ်ဒီတို့က ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် ခံစစ်ပိုင်း အမှားအယွင်းတွေရှိနေပါတယ်။ နောက်တစ်ဆင့်တက်ရောက်ရေးမျှော်မှန်းနိုင်ဖို့ အေဂျက်တို့က ဒီပွဲကို အနိုင်ကစားပြီး စောင့်စားမှာဖြစ်တာကြောင့် အခုပွဲမှာ အေဂျက်ဘက်က မျှော်လင့်ချင်စိတ်ဖြစ်နေမိပါတယ်။

**ပယ်လ်ဇန်နှင့် ဗီလာရီးရဲ**

ပထမအကျော့မှာ ဗီလာရီးရဲတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပြီး ၁၂ မှတ်နဲ့ အုပ်စု(E)မှာ ဦးဆောင်နေပါတယ်။ ချက်ကလပ် ပယ်လ်ဇန်တို့ကတော့ သုံးမှတ်သာရရှိထားပြီး နောက်တစ်ဆင့်တက်ဖို့ မလွယ်တော့ပါဘူး။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်မြင့်မားမှုနဲ့ ခံစစ်ပိုင်းကျစ်လျစ်မှုကြောင့် အခုပွဲမှာလည်း ဗီလာရီးရဲတို့ပဲ အောင်ပွဲခံပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

## နယူးကာဆယ်ကို လီဗာပူး ခရစ္စမတ်လက်ဆောင်ပေး

ပရီမီယာလိဂ်ပွဲစဉ်(၁၅)အဖြစ် နယူးကာဆယ်နဲ့ လီဗာပူးတို့ ကစားတဲ့ပွဲမှာ နယူးကာဆယ်က နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။ ဒီပွဲမှာ လီဗာပူးကစားသမား အယ်လ်ဘတ်တိုမော်ရင်နိုအနေနဲ့ အောက်ဆိုက်ဘောဖြစ်နေတဲ့ ဘောလုံးနဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိလို့ တစ်ဂိုးအချောင်ပေးလိုက်ရပါတယ်။ လီဗာပူးနည်းပြ ဂျာဂျင်ကလော့ကတော့ ဒီဂိုးကို လက်မခံခဲ့ပေမယ့် ကွင်းလယ်ဒိုင်လူကြီးက ဂိုးအဖြစ်သတ်မှတ်ခဲ့တဲ့အတွက် တစ်ဂိုးအချောင်ပေးလိုက်ရပါတယ်။ ဒီပွဲမှာ နယူးကာဆယ်လူငယ်ကစားသမား ဝစ်နယ်ဒွန်းက ခြေစွမ်းပြကစားပြီး နောက်ကျဂိုးတစ်ဂိုးထပ်မံသွင်းယူခဲ့တာပါ။ လီဗာပူးအသင်းရဲ့ ကစားသမားမော်ရင်နိုရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့တာဟာ ခရစ္စမတ်လက်ဆောင်ပေးခဲ့တာလို့ နည်းပြဂျာဂျင်ကလော့က ဆိုပါတယ်။ သို့ပေမယ့် နယူးကာဆယ်အသင်းရဲ့ အနိုင်ရမှုဟာ ထိုက်တန်တဲ့အနိုင်ရမှုလို့ လီဗာပူးနည်းပြက ဆိုပါတယ်။ လီဗာပူးနောက်ခံလူ မော်ရင်နိုရဲ့ ခေါင်းတိုက်ဂိုးကြောင့် ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလို ဖြစ်ခဲ့ရပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ပြည်ပမှအဝယ်နည်းသည့်အတွက် နှမ်းညိုနှင့် နှမ်းကြားများ အရောင်းအဝယ်အေးစက်နေ

**မန္တလေး ဒီဇင်ဘာ ၈**

နိုဝင်ဘာလကုန်နှင့် ဒီဇင်ဘာလဆန်းပိုင်းတွင် ကျောက်ဆည်မြို့နှင့် ပုသိမ်ကြီးမြို့နယ်များမှ စတင်ထွက်ရှိလာသော နှမ်းကြား(ဂျိုးလယ်ပြောက်)နှင့် နှမ်းညိုများ တရုတ်နိုင်ငံမှ အဝယ်နှေးကွေးနေသည့်အပြင် ပြည်တွင်းဆီစက်များမှလည်း နှမ်းဆီရောင်းအားကျဆင်းနေသဖြင့် နှမ်းဈေးကွက်မှာ အေးစက်လျက်ရှိကြောင်း သိရသည်။

"အထွက်နှုန်းကတော့ ပုံမှန်ပဲထွက်ပေမယ့် စမုံနက်နှမ်းကလွဲပြီး ကျန်နှမ်းတွေ အရောင်းအဝယ်အေးနေတယ်။ စက်တင်ဘာလကထွက်လာတဲ့ စမုံနက်နှမ်းကတော့ တရုတ်ကအဝယ်လိုက်တဲ့အတွက် ဈေးကောင်းနေပါတယ်"ဟု ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ပြည်ပမှ စားအုန်းဆီများ တင်သွင်းခွင့်ပြုခဲ့ရာမှစတင်၍ အကန့်အသတ်မရှိဝင်ရောက်လာသော စားအုန်းဆီများကြောင့် ပြည်တွင်းထွက်ကုန်ဖြစ်သော မြေပဲဆီနှင့် နှမ်းဆီများ ရောင်းအားကျဆင်းလာခဲ့ပြီး နှမ်းစိုက်တောင်သူနှင့် ဆီစက်လုပ်ငန်းရှင်များလည်း တဖြည်းဖြည်းလျော့နည်းလာခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"စားအုန်းဆီတွေက စားသုံးသူပြည်သူတွေရဲ့ကျန်းမာရေးကိုလည်း ထိခိုက်စေတယ်။ ပြည်တွင်းမှာရှိတဲ့ တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်စေတဲ့ ဒီစားအုန်းဆီတွေကြောင့် ဆီထွက်သီးနှံ နှမ်းစိုက်တဲ့သူလည်း နည်းလာပြီး ဆီစက်တွေလည်း ရပ်ကုန်ကြပြီလေ။ ဒီကြားထဲ ခေါင်းမြီးခြုံဝင်လာတဲ့ မြောင်းဆီတွေကိုလည်း သတိပြုရမယ်။ ဒီမြောင်းဆီတွေက ကျွန်တော်တို့ပြည်သူတွေရဲ့ ကျန်းမာရေးကို ဆိုးဆိုးရွားရွား အန္တရာယ်ပေးနိုင်တဲ့အတွက် အားလုံးပူးပေါင်းပြီး ဟန့်တားဖို့လိုပါတယ်"ဟု ၎င်းကဆိုသည်။

လက်ရှိ နှမ်းဈေးကွက်တွင် ရိုးရိုးနှမ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၉၀၀၀၊ ထောင်နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၈၂၀၀၀၊ နှမ်းကြား သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀နှင့် စမုံနက်နှမ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၀ နှုန်းရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့မှ နှမ်းပွဲရုံတစ်ရုံ။

# ကောလင်းမြို့နယ်၌ မိုးစပါးအထွက်နှုန်းလျော့သဖြင့် နွေစပါးကိုအားထားစိုက်ပျိုး

**ကောလင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် မိုးစပါးအထွက်နှုန်း လျော့နည်းခဲ့ရာ နွေစပါးကို အားထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရန် မူလလျာထားဧကထက်တိုး၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထားသော မိုးစပါး ၁၅ ဧကမှာ တစ်ဧကလျှင် ၅၅ တင်းနှုန်းသာထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်သာ ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံပြီးနောက် လယ်မြေများတွင် နုန်းမြေများတင်ကျန်ခဲ့သောကြောင့် နွေစပါးကို အားထားစိုက်ပျိုးပါက အထွက်နှုန်းများနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဆည်တိုကျေးရွာမှ တောင်သူဦးဝင်းမြင့်က ပြောသည်။ နွေစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် နိုဝင်ဘာလနောက်ဆုံးပတ်မှ စတင်ပျိုးထောင်ခဲ့ကြပြီး ယခုအချိန်တွင် ထွန်ယက်ခြင်းလုပ်ငန်းများလည်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကောလင်းမြို့နယ်၌ ရေကြီးရေလျှံမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သောကြောင့် မိုးစပါးအထွက်နှုန်း လျော့နည်းခဲ့သည့်အတွက် တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးမှုကို အားထားဆောင်ရွက်နေကြခြင်းဖြစ်ပြီး တစ်မြို့နယ်လုံး၌ ကျေးရွာအုပ်စု ၃၅ ခုတွင် နွေစပါးများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကောလင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် မူလလျာထားဧက ၃၂၅၁ ရှိပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော စိုက်ဧကများကို အစားထိုးနိုင်ရေးအတွက် ၁၈၃၈ ဧက ပိုမိုစိုက်ပျိုးနိုင်ရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# စက်လှေပေါ်မှဖမ်းဆီးရမိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို ဖျက်ဆီး

**မြိတ် ဒီဇင်ဘာ ၈**

အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့တို့က ဩဂုတ်လအတွင်း စက်လှေတစ်စင်းပေါ်မှ ဖမ်းဆီးရမိခဲ့သော တစ်ဖက်နိုင်ငံမှ တင်သွင်းလာသည့် တရားမဝင် အကောက်အခွန်မဲ့ ဘီယာများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အောင်သုခရပ်ကွက်ရှိ အရှေ့သိမ်ဘောလုံးကွင်း၌ ဒီဇင်ဘာ ၇ ရက်က ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။



ဖျက်ဆီးပစ်ခဲ့သော တရားမဝင် အကောက်အခွန်မဲ့ ကုန်ပစ္စည်းများမှာ ကာလတန်ဖိုး ကျပ်သိန်း ၈၀ ခန့်ရှိသော ဘီယာချန်း ပါကင် ၅၀၀ နှင့် စင်းဂါးဘီယာ ၅၀၀ တို့ဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ ဩဂုတ် ၂၁ ရက်က အောင်မြတ်စိန်စက်လှေပေါ်မှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အကောက်ခွန်မဲ့ ပစ္စည်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပစ္စည်းများ၏ အရည်အသွေး၊ အရေအတွက် ပြည့်စုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးခဲ့ပြီးနောက် လမ်းကြိတ်စက်ဖြင့် ကြိတ်ချေ ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖျက်ဆီးမှုကို ဒေသခံပြည်သူများရှေ့တွင် ဖျက်ဆီးခဲ့ပြီး ဖျက်ဆီးလိုက်သော ဘီယာဖာများမှ ထွက်ရှိသောအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် မီးသတ်ယာဉ်ဖြင့် ရေဖျန်း၍ သန့်ရှင်းရေးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မိုင်းကိုင်ဒေသထွက်လိမ္မော်သီးများကို မြို့ကြီးများသို့ လှည့်လည်ရောင်းချ

**လွိုင်လင် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာမှ လိမ္မော်သီးများ လှိုင်လှိုင်ပေါ်ထွက်သည့် ရာသီရောက်လာသဖြင့် လိမ္မော်ခြံပိုင်ရှင်များအနေဖြင့် ခြံထွက်လိမ္မော်သီးများကို လွိုင်လင်မြို့အပါအဝင် မြို့ကြီးများသို့ ကားများဖြင့် လိုက်လံရောင်းချနေကြပြီး စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

လွိုင်လင်မြို့သို့ ကိုယ်ပိုင်ယာဉ်များဖြင့် လာရောက်ရောင်းချသူများသည် အလုံးအသေး တစ်ပိဿာလျှင် ၁၀၀၀ ကျပ်နှင့် အလုံးကြီးများသည် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ အထိ ရောင်းချကြောင်း သိရသည်။ ဟမ်းငိုင်းကျေးရွာမှ လိမ္မော်သီးများ လာရောက်ရောင်းချသည့် စိုင်းမောင်လှက "ကျွန်တော် ဟမ်းငိုင်းကျေးရွာကပါ။ မနေ့က လာပါတယ်။ အချိန် ၂၀၀ လောက်ပါလာတာ။ အခုအချိန် ၁၀၀ လောက်ပဲ ကျန်ပါတယ်။ အပင် ၃၀၀စိုက်ထားတာ။ ဒီနှစ်မှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်း ရပါတယ်။ တစ်နှစ်ကိုအချိန် ၁၀၀၀ လောက်ထွက်ပါတယ်။ လက်လီလက်ကားလည်း ရောင်းချပါတယ်။ ကျွန်တော်တို့တစ်ရွာလုံး လိမ္မော်သီးစိုက်ကြပါတယ်။ အခုစပါးရိတ်ပြီးချိန်မှာ လိမ္မော်သီးပေါ်တဲ့အတွက် စီးပွားရေးအဆင်ပြေပါတယ်။ အခုလည်း ကိုယ်ပိုင်ကားနဲ့လိုက်ရောင်းတော့ ဗဟုသုတရသလို၊ မရောက်ဖူးသေးတဲ့မြို့တွေကို ရောက်ရပါတယ်။ တိုးချဲ့စိုက်ပျိုးဖို့က မြေနေရာ အခက်အခဲရှိပါတယ်။ လက်ရှိရောင်းချနေတာက အဘိုးအဘွား လက်ထက်ကတည်းက စိုက်ပျိုးထားတဲ့ အပင်တွေဖြစ်ပါတယ်" ဟု ပြောသည်။




မိုင်းကိုင်မြို့နယ်ဒေသတွင် လိမ္မော်သီးထွက်ရာသီ၌ လိမ္မော်သီးရောင်းချသူများက ကားကြီးကားငယ်များဖြင့် ခြံအရောက်လာဝယ်ကြပြီး လားရှိုး၊ မန္တလေးဘက်သို့ တင်ပို့ရောင်းချခြင်းဖြင့် လိမ္မော်ခြံပိုင်ရှင်များ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း၊ အလုံးသေးများကို တစ်ပိဿာလျှင် ကျပ်ရှစ်ရာမှ တစ်ထောင်အထိနှင့် အလုံးကြီး(လက်ရွေးစင်အသီး) များကို တစ်ပိဿာလျှင် ကျပ် ၁၅၀၀ အထိ ဈေးနှုန်းဖြင့် ရောင်းချရကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ခရိုင်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲ မြိတ်၌ကျင်းပ

**မြိတ် ဒီဇင်ဘာ ၈**

မြိတ်ခရိုင် ပညာရေးမှူးရုံးမှ ကြီးမှူး၍ ခရိုင်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာစာစွမ်းရည်ပြိုင်ပွဲတွင် အထက်တန်းအဆင့်ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့်ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ မူလတန်းအဆင့်ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများမှာ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များမှဖြစ်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းဒေသကြီးအဆင့်တွင် ဆက်လက်သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ပြည်ပရောက်မြန်မာနိုင်ငံသားများ ပြည်တွင်း၌ ပြန်လည်အခြေချလုပ်ကိုင်ရန် စိတ်ဝင်စားလာ

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်း၌ ပြန်လည်အခြေချလုပ်ကိုင်ရန် စိတ်ဝင်တစား မေးမြန်းမှုများရှိလာကြောင်း ပြည်တွင်းရှိ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် work.com.mm က ထုတ်ပြန်ခဲ့သည်။

work.com.mm ဝက်ဘ်ဆိုက်တွင် အနယ်နယ်အရပ်ရပ်မှ အလုပ်ရှာဖွေသူများနှင့် ဝင်ရောက်လေ့လာ အသုံးပြုသူများ ပိုမိုအဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ဝက်ဘ်ဆိုက်ကို အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့ပြီး တိုက်ရိုက်စကားပြောဆိုမေးမြန်းနိုင်သည့် Live chat ကဏ္ဍသစ်ကိုပါ ထည့်သွင်းပေးခဲ့ရာ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာပြည်တွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းအခြေအနေများကို ယင်း Live chat မှတစ်ဆင့် အများဆုံး ဝင်ရောက်မေးမြန်းကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရဲ့ ဝက်ဘ်ဆိုက်မှာ အသုံးပြုသူတွေ ပိုမိုအဆင်ပြေလွယ်ကူအောင်လို့ ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက ကဏ္ဍသစ်တွေနဲ့ အဆင့်မြှင့်တင်လိုက်ပြီး အသုံးပြုသူတွေ သိချင်တာမေးလို့ရအောင် Live chat ကိုပါ ထည့်သွင်းပေးခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှား၊ ဒူဘိုင်းစတဲ့ နိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ ပြည်ပရောက်နိုင်ငံသားတွေ အများဆုံးမေးမြန်းကြတာများတယ်။ ဥပမာပြောရရင် ကမ္ဘောဒီးယားနိုင်ငံက အင်တာနေရှင်နယ်ကျောင်းတစ်ခုမှာ Admin Supervisor လုပ်နေတဲ့ အစ်မတစ်ယောက်ဆိုဟိုမှာအလုပ်လုပ်နေတာ ခြောက်နှစ်လောက်ရှိပြီ။ အခုဆိုဒီမှာလည်း အပြောင်းအလဲတွေရှိလာပြီဆိုတော့ ဒီပြန်လာပြီး အခြေချလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းတွေရှိရင် ကူညီပြောပြပေးဖို့ဆိုပြီး လာဆွေးနွေးတာတွေလည်း ရှိပါတယ်"ဟု work.com.mm ၏ လူမှုဆက်ဆံရေးမန်နေဂျာ မဇင်မာသက်မွန်က ပြောသည်။

စင်ကာပူနိုင်ငံတွင် အင်ဂျင်နီယာအလုပ် သွားရောက်လုပ်ကိုင်နေသူများ ၊ ဒူဘိုင်းရှိ ဟိုတယ်နှင့် ဈေးဝယ်စင်တာများတွင် သွားရောက်လုပ်ကိုင်နေသူများနှင့် မလေးရှားနိုင်ငံရှိ စက်ရုံ အလုပ်ရုံများတွင် သွားရောက်လုပ်ကိုင်နေကြသူ အများစုမှာ ပြည်တွင်း၌ ပြန်လည်အခြေချလုပ်ကိုင်ရန် စိတ်ဝင်စားမှုအများဆုံးဖြစ်ကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် ပြည်ပအခြေစိုက်ကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းကြီးများ၊ NGO များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လိုမှုများကြောင်း သိရသည်။ အခြေခံလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေကြသူများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာကာ ပြည်တွင်းတွင် ပြန်လည်အခြေချနိုင်မည့် အခွင့်အလမ်းများကို မျှော်လင့်နေကြကြောင်း သိရသည်။

သို့သော် လက်ရှိတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုထူထောင်နိုင်မည့် အရင်းအနှီးစုဆောင်းနိုင်ရန်အတွက် အဓိကနေရကြောင်း၊ အများစုမှာ မိသားစုစားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်၊ အွန်လိုင်းရှော့ပင်း အစရှိသော လုပ်ငန်းငယ်လေးများ မိမိနိုင်ငံတွင်ထူထောင်ကာ ပြန်လည်အခြေချနိုင်မည့် နည်းလမ်းတစ်ခုအနေဖြင့် အားထားနေရကြောင်း သိရသည်။ work.com.mm ၌ အလုပ်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်ထောင်ခန့်ရှိပြီး စိတ်ခွန်အားဖြစ်စေသောစာများ၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်ဆိုင်ရာ အကြံပြုချက်များနှင့် ဗဟုသုတရရှိစေနိုင်သောဆောင်းပါးများ ဖတ်ရှုနိုင်သော အလုပ်ဂျာနယ်ကိုပါ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**မွန်းဦးနဒီ**

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲကျင်းပမည်

**မြင်းမူ ဒီဇင်ဘာ ၈**

မြင်းမူမြို့နယ်စာရေးဆရာအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြင်းမူ အထက(၁)ကျောင်း စာကြည့်တိုက်၌ ဒီဇင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြင်းမူမြို့နယ် ပညာရေးမှူး ဒေါ်မြသိန်းနှင့် မြင်းမူ အထက(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအဆင့် (၈၊ ၉၊ ၁၀)တန်း စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်းကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲများ ကျင်းပရေးတို့ကို ဆွေးနွေးခဲ့သည်။ စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်မျက်ရှင်(စစ်ကိုင်း)နှင့် ရေနံ့သာစိုးလှိုင်တို့ ကြွရောက်ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**(၀၇၉)**

## မြိတ်အကျဉ်းထောင်အတွင်း ဖွင့်လှစ်ခဲ့သော အသက်မွေးပညာသင်တန်းများ ဆင်းပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်အကျဉ်းထောင်တွင် အကျဉ်းကျနေသော အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်ကာလကုန်ဆုံး၍ လွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု တတ်မြောက်စေရန်နှင့် တတ်မြောက်ခဲ့သောပညာရပ်ဖြင့် ကောင်းမွန်စွာ အသက်မွေးဝမ်းကျောင်းနိုင်ရန် ရည်ရွယ်၍ အကျဉ်းဦးစီးဌာန မြိတ်အကျဉ်းထောင်မှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးပညာသင်တန်းများ၏ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

အကျဉ်းထောင်အတွင်း ဖွင့်လှစ်ခဲ့သော ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၁)၊ စက်ချုပ်သင်တန်း အမှတ်စဉ်(၂)နှင့် ဆံသသင်တန်း အမှတ်စဉ်(၂) တို့၏ သင်တန်းဆင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၁)ကို အကျဉ်းသား ၂၀ အား သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး စက်ချုပ်သင်တန်းအမှတ်စဉ်(၂)နှင့် ဆံသသင်တန်းအမှတ်စဉ်(၂) တို့ကို အကျဉ်းသား ၁၀ ဦးစီအား သင်တန်းကာလ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြိတ်အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက သင်တန်းဆင်း အကျဉ်းသား အကျဉ်းသူများအား ဆုံးမစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် မြိတ်အကျဉ်းထောင်တာဝန်ခံအရာရှိတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**




## မြင်းမူမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မြင်းမူ ဒီဇင်ဘာ ၈**

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်နန်းအေးအေးဆွေက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်မညိုက လူကုန်ကူးမှုဖြစ်စေနိုင်သော အကြောင်းအရာများ၊ စည်းရုံးသိမ်းသွင်းနိုင်သော နည်းလမ်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အမျိုးသမီးရေးရာအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဆွေးနွေးကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။




ဟောပြောပွဲအပြီးတွင် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ညောင်ရင်းကျေးရွာရှိ ပွင့်လင်းရောင်ခြည် စာကြည့်တိုက်သို့ ငွေပဒေသာပင် ကျပ်သုံးသောင်းနှင့် သုတ/ရသ စာအုပ်များကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေး

**ကျောင်းကုန်း ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၈ အုပ်စုမှ မျက်စိဝေဒနာရှင် ပြည်သူများအား ချယ်ရီမေတ္တာဖောင်ဒေးရှင်းက (၁၄)ကြိမ်မြောက် စက္ခုဒါနအလှူတော်ကြီးအဖြစ် ဒီဇင်ဘာ ၇ ရက်မှစ၍ အခမဲ့ စမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဓမ္မနန္ဒာဘုန်းကြီးကျောင်းဝင်းအတွင်း၌ အခမဲ့ စမ်းသပ်ကုသပေးခြင်းဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာကုသပေးသွားမည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် မျက်စိဝေဒနာရှင် ၅၀၀ ခန့်နှုန်းဖြင့် လေးရက်အတွင်း ဝေဒနာရှင် ၂၀၀၀ ခန့်စမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မျက်စိဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် မျက်စိစမ်းသပ်ဆရာဝန်ကြီး ဒေါက်တာသန်းစိုးနှင့် အဖွဲ့က လာရောက်စမ်းသပ်ကုသပေးခြင်းဖြစ်ပြီး ခွဲစိတ်ကုသရန် လိုအပ်သော မျက်စိဝေဒနာရှင်များကို မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကိုကိုတင်နှင့်အဖွဲ့က ခွဲစိတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိအတွင်း ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံတွင် မျက်စိဝေဒနာရှင် ၂၀၀ ခန့်ကို ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ ထိုသို့ စမ်းသပ်၊ ကုသခြင်းနှင့် မျက်မှန်လိုအပ်သူများအား မျက်မှန်များ တပ်ဆင်ပေးခြင်းတို့ကို အားလုံးအခမဲ့ဆောင်ရွက်ပေးမည့်အပြင် လာရောက်စမ်းသပ်ကုသသူ ဝေဒနာရှင်များအား နံနက်စာ ထမင်းကျွေးမည်ဖြစ်ကြောင်း ချယ်ရီမေတ္တာဖောင်ဒေးရှင်းတာဝန်ခံ ကိုကျော်မြင့်က ပြောသည်။

ချယ်ရီမေတ္တာဖောင်ဒေးရှင်းအဖွဲ့၏ (၁၄)ကြိမ်မြောက် စက္ခုဒါနအလှူအဖြစ် မျက်စိစမ်းသပ်ကုသပေးမှုတွင် ကျောင်းကုန်းမြို့ရှိ ပရဟိတလူငယ်အဖွဲ့နှင့် ဓမ္မနန္ဒာကျောင်း အကျိုးတော်ဆောင် ၁၀၀ ခန့်က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## သတင်းတို

### ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လေ့ကျင်းရပ်ကွက်ရှိ သဟာပုညကာရီ ဆွမ်းလောင်းအသင်း၏ (၁၀)နှစ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၇ ကျောင်းမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းများအပါအဝင် စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၀၀ ကျော်ရှိ ပဒေသာပင်များ၊ စာရေးတံမဲများ လောင်းလှူခဲ့သည်။ ညပိုင်းတွင် ရေစက်ချတရားပွဲကို ဆက်လက်ကျင်းပပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က တရားတော်များ ဟောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

## ဒီဇင်ဘာအားကစားလ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလ လှုပ်ရှားမှုအစီအစဉ်အရ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက်က မြို့မရပ်ကွက် အားကစားကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး လေးသင်း အုပ်စုပတ်လည်ဖြင့် ယှဉ်ပြိုင်စေခဲ့ကာ ပထမဆုရရှိသည့် ဘဲဥအသင်းကို စဉ့်ကိုင်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်စန်းစန်းအေးက ဆုငွေကျပ်ငါးသောင်းနှင့် ဒုတိယဆုရရှိသည့် ရန်နိုင်အသင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးထွန်းက ဆုငွေကျပ်သုံးသောင်း ချီးမြှင့်ခဲ့သည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ညောင်ဦး ရွှေစည်းခုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်မှ ရွှေဘိုဒေသထွက်စဉ့်မြေအိုးများ

**ညောင်ဦး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ပုဂံခေတ် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ယခုနှစ်တွင်လည်း နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးများ၏ အထူးတရားပွဲများ၊ အသံမစဲမဟာပဋ္ဌာန်းပွဲများ၊ ပျော်ရွှင်စရာအားကစားပြိုင်ပွဲများနှင့်အတူ ဗလာအငြိမ့်၊ ဇာတ်သဘင်ပွဲများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။

ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ (၁၂) ပွဲဈေးသည်များလည်း လာရောက်ရောင်းချကြပြီး ဈေးရောင်းသူ၊ ဈေးဝယ်သူများ စည်ကားစွာရောင်းဝယ်မှုပြုနေကြသည်မှာ မြန်မာနိုင်ငံ ဘုရားပွဲများတွင် တွေ့ရသော ပျော်ရွှင်စရာ ရိုးရာဓလေ့တစ်ခုဖြစ်သည်။ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ရောင်းချနေကြသည့် ၁၂ ပွဲ ဈေးသည်များ၊ ဈေးဆိုင်ခန်းများအနက် ရွှေဘိုဒေသထွက် စဉ့်မြေအိုးများကို လာရောက်ရောင်းချသည့် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူများပြားလျက်ရှိသည်ကို တွေ့ရပြီး ဆိုင်ရှင်များအနေဖြင့် ဈေးရောင်းကောင်းသောကြောင့် အဆင်ပြေလျက်ရှိကြောင်း စဉ့်မြေအိုးလာရောက်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများမှ တောင်သူများအနေဖြင့် သောက်သုံးရေထည့်အသုံးပြုနိုင်ရန်နှင့် မိမိတို့၏ တောင်သူလုပ်ငန်းခွင်မှရရှိသည့် သီးနှံများသိုလှောင်သိမ်းဆည်းရန်အတွက် ဘုရားပွဲတော်တွင် ရောင်းချနေသော ရွှေဘိုဒေသထွက် စဉ့်မြေအိုးများကို လာရောက်ဝယ်ယူကြကြောင်း၊ ဝယ်ယူအားပေးသူများပြား၍ စဉ့်မြေအိုးရောင်းချသူများ အဆင်ပြေနေကြကြောင်း သိရသည်။

စဉ့်မြေအိုးများမှာ အရွယ်အစားမျိုးစုံရှိပြီး စဉ့်မြေအိုး (အကြီး၊အသေး)တစ်လုံးလျှင် ကျပ် ၁၇၀၀၀မှ ၁၉၀၀၀ အထိရှိကာ အခြားပန်းအလှပင်စိုက်ပျိုးရန် အတွက် စဉ့်ပန်းအိုးများ၊ ပန်းကန်ခွက်ယောက်များထည့်သွင်းဆေးကြောနိုင်သည့် စဉ့်ခွက်များအပြင် ဘုရားပန်းအိုးများကိုလည်း ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ဒီပုဂံညောင်ဦးမြို့က ရွှေစည်းခုံဘုရားပွဲကို စဉ့်မြေအိုးတွေ လာရောက်ရောင်းချပါတယ်။ ဒီနှစ်တော့ စဉ့်မြေအိုးရောင်းချတဲ့သူ သိပ်မများဘူး။ လေးဆိုင်ပဲ ရောင်းချနေတာပါ။ စဉ့်မြေအိုးဆိုင်တစ်ဆိုင်ဆိုရင်လည်း အရင်နှစ်တွေကလို အများကြီးတင်မရောင်းနိုင်ကြတော့ဘူး။ ပစ္စည်းတွေက ကိုယ်ဝယ်ချင်သလောက် ဝယ်လို့မရတော့ တစ်ဆိုင်ဆိုရင် စဉ့်မြေအိုးအလုံးရေ ၂၀၀ လောက်ပဲ ရောင်းပေးနိုင်တယ်။ ဒါပေမယ့် ဒီနှစ်ဘုရားပွဲမှာ ကျွန်တော်တို့ စဉ့်မြေအိုးတွေကို ပုဂံညောင်ဦးမြို့နယ်မှာရှိတဲ့ ကျေးလက်တောရွာတွေက ပြည်သူတွေ တော်တော်များများ လာရောက်ဝယ်ယူအားပေးကြပါတယ်။ တချို့ဆို တစ်ဦးတည်းလေးလုံးငါးလုံးအထိ ဝယ်ယူကြပါတယ်"ဟု ပွဲတော်တွင် စဉ့်မြေအိုးများ လာရောက်ရောင်းချနေသည့် မြေအိုးလုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။



ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာ အသုံးအဆောင်တစ်ခုဖြစ်သော စဉ့်မြေအိုးများကိုသာမက အဝတ်အထည်ဆိုင်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံဆိုင်ခန်းများ၊ ကျေးလက်ဒေသများမှ တောင်သူများအတွက် အသုံးအဆောင်ပစ္စည်းဆိုင်ခန်းများ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံဆိုင်များကိုလည်း ၁၂ ပွဲဈေးသည်များက စီးပွားဖြစ် လာရောက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ဒေသခံတောင်သူများနှင့် ပြည်သူများအနေဖြင့် ပစ္စည်းအစုံအလင်ကို တစ်နေရာတည်းမှာ ဝယ်ယူရရှိနိုင်သကဲ့သို့ ဈေးရောင်းချသူများအနေဖြင့်လည်း ဝယ်သူအများအပြားကို တစ်နေရာတည်းတွင် ရရှိနိုင်သည့်အတွက် ဘုရားပွဲရက်အတွင်း နေ့စဉ်ဈေးရောင်း ဈေးဝယ်များဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် မော်တာစက်ချုပ်သင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့ စက်မှုလက်မှုသင်တန်းကျောင်း၌ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသနေ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် မော်တာအပ်ချုပ်စက်သင်တန်း အမှတ်စဉ် (၃/၂၀၁၅)ကို ဒီဇင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ယခုဖွင့်လှစ်သည့် သင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် အမျိုးသမီး အိမ်တွင်းမှုသင်တန်းဆင်း အတွေ့အကြုံရင့် သင်တန်းဆရာမ နှစ်ဦးက စက်နှင့်လေ့ကျင့်ခြင်း၊ အခြေခံစက်ချုပ်ရိုးများလေ့ကျင့်ခြင်း၊ ပေကြိုး၊ ပေတံ အခေါ်အဝေါ်ဖြင့် ကိုယ်တိုင်းနည်းများ၊ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ကလေးဝတ်ဂါဝန်၊ မိန်းမဝတ်အင်္ကျီချုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူ ၃၅ ဦးကို တစ်ဦးလျှင် မော်တာအပ်ချုပ်စက်တစ်လုံးစီဖြင့် သင်ကြားသွားမည်ဖြစ်ပြီး စားရိတ်ငြိမ်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နတ်တလင်းမြို့နယ်၌ တည်ဆောက်

**နတ်တလင်း ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း) ချဉ်ယုတ်ကွင်းကျေးရွာနှင့် အင်တိုင်းပုကျေးရွာကြား၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆေးရုံတည်ဆောက်ရာတွင် ပင်မဆေးရုံအပါအဝင် ဆရာဝန်နေရန် နှစ်ခန်းတွဲတိုက်တစ်လုံး၊ သူနာပြုဆရာ၊ ဆရာမများနေထိုင်ရန် သုံးခန်းတွဲနှစ်လုံးနှင့် လေးခန်းတွဲသုံးလုံး၊ ကျန်းမာရေးလုပ်သားများနေရန်လေးခန်းတွဲတစ်လုံး စသည့်အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးကာ ရေရှည်ခိုင်ခန့်အောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း အဆောက်အအုံများကို တာဝန်ယူဆောက်လုပ်နေသော ဟော်နန်းသာကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုင်းသီဟက ပြောသည်။

ပင်မဆေးရုံအဆောက်အအုံသည် လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဆရာဝန်ရုံး၊ သားဖွားခန်းစသည့် အဆောင်များအပါအဝင် အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၆ ပေ ရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ဆေးရုံတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ၏ ကျန်းမာရေးပြဿနာများကို တာပွန်ဆေးရုံ၊ အင်းမဆေးရုံများသို့ သွားရောက်ကုသရန် မလိုတော့ဘဲ ဒေသတွင်ပင် ကုသနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိ၍ အမှုဖွင့်အရေးယူ

**ဝန်းသို ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်း ယမ်းများကို ဒီဇင်ဘာ ၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ပူးပေါင်းအဖွဲ့နှင့် ဝန်းသိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များက ပိန္နဲကုန်းကျေးရွာနေ စံအောင်၏နေအိမ်တဲအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ တဲရှေ့နံရံအပြင်ဘက်၌ ချိတ်ထားသော အရှည်သုံးပေခွဲခန့်ရှိ သစ်သားဒင်တပ် တူမီးသေနတ် တစ်လက်နှင့် ပေါက်ယမ်းခွေ ၄၅ ခု၊ တူမီးသေနတ်တွင် ထည့်သွင်းအသုံးပြုသည့် ခဲဖူးလေးခု၊ ယမ်းမှုန့်အနည်းငယ်ပါ ပုလင်းတစ်လုံး၊ ယမ်းစိမ်းမှုန့် အနည်းငယ်ပါ ပုလင်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး တရားမဝင် တူမီးသေနတ်နှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူ စံအောင် (၃၉နှစ်) အား ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

**စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပုလဲတန်ကျေးရွာမှ အသက်(၉၉)နှစ်ရှိ အဘွားဒေါ်ငွေဆိုင်အား မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ထောက်ပံ့ငွေ ကျပ်သုံးသောင်းနှင့် အသုံးအဆောင်ပစ္စည်းများကို ဒီဇင်ဘာ ၅ ရက်က ထောက်ပံ့လှူဒါန်းစဉ်။**

အောင်စိုးဖေ(ပြန်/ဆက်)



# ဆေးပညာသတင်းဆန်းများ(၁၁၈)

ဒေါက်တာကံညွန့်

**မျက်စိအာရုံခံလွှာတွင် Stem Cells အစားထိုးထည့်သွင်းကုသခြင်း**

အသက်အရွယ်ကြီးလာသူတွေမှာ ဖြစ်ပေါ်တတ်တဲ့ မျက်စိအာရုံခံလွှာ (Retina) ထဲက အရေးကြီးဆုံးနေရာဖြစ်တဲ့ Macula ခေါ်တဲ့နေရာ ပျက်စီးလို့ဖြစ်တဲ့ ARMD(Age Related Macula Degeneration) ခေါ်တဲ့ရောဂါကို ကုသနိုင်ဖို့ နည်းလမ်းတစ်ခုအဖြစ် ခွဲစိတ်ကုသမှုတစ်ခုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီခွဲစိတ်နည်းကတော့ တည်ဆဲသန္ဓေထဲက ထုတ်ယူလိုက်တဲ့ Stem Cells ကို ဝေဒနာခံစားနေရသူရဲ့ မျက်စိထဲက အာရုံခံလွှာမှာ အစားထိုးထည့်သွင်းကုသပေးတဲ့ Operation ဖြစ်ပါတယ်။ ဒါကိုပြုလုပ်ခဲ့တာကတော့ London Mororfields Eye Hospital မှာ ဖြစ်ပါတယ်။ ဦးဆောင်ခွဲစိတ်ကုသပေးခဲ့သူ Dr.Lyndan Da Cruz ဖြစ်ပါတယ်။ ဒီခွဲစိတ်ကုသမှုမျိုး ၁၀ ခုပြုလုပ်ဖို့ စီစဉ်ထားရာမှာ ဒါဟာပထမဦးဆုံး Operation ဖြစ်ပါတယ်။ ဒါတွေအားလုံးပြီးမြောက်အောင်မြင်အောင် ပံ့ပိုးခဲ့ကြတာကတော့ London Project Cure Blindness ကဖြစ်ပြီး ဒီအဖွဲ့မှာ Moonfield by Hospital, University College London(UCL) Institute of Ophtlalmology, Britain National Institute for Health Research နှင့် အမေရိကန်နိုင်ငံက နာမည်ကြီးဆေးကုမ္ပဏီကြီးဖြစ်တဲ့ Pfizer Co.,Ltd. တို့ပါဝင်ကြောင်း သိရပါတယ်။ ဒီ ARMD ရောဂါဟာ ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံတွေက အသက်အရွယ်ကြီးသူတွေမှာ အဓိက မျက်စိကွယ်နေရတဲ့ရောဂါတစ်ခုဖြစ်ပြီး ကုသရာမှာလည်း မလွယ်ကူလှဘဲ ကုရခက်တဲ့ ရောဂါတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**အဆုတ်နှင့် ဆီးအိမ်ကင်ဆာအတွက် ထိရောက်တဲ့ဆေးသစ်**

ကင်ဆာရောဂါကို ကုသရာမှာ ကိုယ်ခံအားမြှင့်တင်ပေးနိုင်တဲ့ ဆေးတွေနဲ့ ကုသရာမှာ အတော်ထိရောက်လာကြောင်း တွေ့ရပါတယ်။ ယခုအခါ ဆွစ်နိုင်ငံ နာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Roche ကုမ္ပဏီက ထုတ်လုပ်လိုက်တဲ့ ကင်ဆာဆေးတစ်ခုဟာလည်း ပျံ့နှံ့နေတဲ့ အဆုတ်ကင်ဆာနှင့် ဆီးအိမ်ကင်ဆာ နှစ်မျိုးကုသရာမှာ အလွန်ထိရောက်တဲ့ ဆေးဖြစ်နေပါတယ်။ ဒီဆေးနာမည်ကတော့ ATEZOLIZUMAB ခေါ်တဲ့ ဆေးဖြစ်ပါတယ်။ ဒီဆေးအကြောင်းကို European Cancer Congress မှာ တင်ပြခဲ့ကြတာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးကလည်း ဆီးအိမ်ကင်ဆာကုသရာမှာ နှစ် ၃၀ အတွင်း အစွမ်းထက်ဆုံးဆေးတစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။ ဒီဆေးရဲ့ အာနိသင်ဟာ ကင်ဆာကြောင့် ထွက်ပေါ်လာတဲ့ Protein တစ်မျိုးဖြစ်တဲ့ PD-L1 ကို တားနိုင်အောင် အာနိသင်ရှိတာဖြစ်ပါတယ်။ ဒီ Protein ဟာ ရောဂါရှင်ရဲ့ကိုယ်ခံအားကို အဓိကတိုက်ခိုက်နေတဲ့ Protein ဖြစ်တယ်လို့ဆိုပါတယ်။ ဒီဆေးစမ်းသပ်မှုအဆင့်(၁)၊ အဆင့်(၂)တို့မှာ စမ်းသပ်ခံဆီးအိမ်ကင်ဆာဝေဒနာရှင်တို့ရဲ့ ၂၇ ရာခိုင်နှုန်း



မှာ ကင်ဆာကျိတ် သိသိသာသာ သေးငယ်သွားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ယခုအခါ ဒီဆေးကို ကင်ဆာ Cells တွေကို သေစေတဲ့ Chemotherapy ကုထုံးနှင့် တွဲဖက်အသုံးပြုဖို့ စီစဉ်နေကြောင်း တင်ပြလိုက်ရပါတယ်။

**တရုတ်တိုင်းရင်းဆေးထုတ်လုပ်မှုတိုးတက်ဖို့ အစိုးရထောက်ပံ့မှုလိုအပ်**

အခုဖော်ပြလိုတဲ့ သတင်းကတော့ တိုင်းရင်းဆေးနှင့်ပတ်သက်ပြီး တရုတ်



နိုင်ငံ ဆင်ဟွာသတင်းဌာနကလာတဲ့ သတင်းတစ်ပုဒ်ပါ။ တရုတ်နိုင်ငံ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုက ပါမောက္ခ Tu Youyou ဟာ ငှက်ဖျားရောဂါကုသရာမှာ ထိရောက်တဲ့ဆေးတစ်ခုဖြစ်တဲ့ Artemisinin ဆေးကို ဖော်ထုတ်နိုင်ခဲ့တာကြောင့် ယခုနှစ်ဆေးပညာဆိုင်ရာ နိုဗယ်လ်ဆုချီးမြှင့်ခံရတယ်ဆိုတာ သိကြပြီးဖြစ်ပါတယ်။ ဒီလိုချီးမြှင့်ခံရတဲ့နောက်ပိုင်းမှာ တရုတ်နိုင်ငံက တိုင်းရင်းဆေးတွေကို အနောက်နိုင်ငံဆေးကုမ္ပဏီကြီးတွေက စိတ်ဝင်စားလာကြပါတယ်။ ဒါကြောင့်လည်း အခုလောလောဆယ်ပြီးစီးသွားခဲ့တဲ့ Jiangxi ပြည်နယ် Zhangshu မြို့မှာ ကျင်းပခဲ့တဲ့ ဆေးဘက်ဆိုင်ရာပြပွဲကြီးတစ်ခုမှာ အနောက်တိုင်းကုမ္ပဏီပေါင်း ၄၀၀၀ ကျော်ရှိတဲ့အနက် တရုတ်တိုင်းရင်းဆေး ပြခန်းပေါင်း ၁၆၀၀ ကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုအနောက်နိုင်ငံတွေက တရုတ်တိုင်းရင်းဆေးတွေကို စိတ်ဝင်စားလာတာမှန်ပေမယ့် တရုတ်နိုင်ငံဟာ တိုင်းရင်းဆေးနှင့်ပတ်သက်ပြီး လေ့လာမှု၊ စီမံခန့်ခွဲမှု၊ ဆေးဖက်ဝင်သစ်ပင်တွေကို စနစ်တကျစိုက်ပျိုးမှုတို့မှာ လွန်စွာအားနည်းနေသေးတယ်လို့ တရုတ်နိုင်ငံ တိုင်းရင်းဆေးအသင်းကြီးရဲ့ ဥက္ကဋ္ဌ Dr. Fang Sutting က ပြောဆိုလိုက်ပါတယ်။ တကယ်အစွမ်းထက်တဲ့ဆေးထုတ်လုပ်နိုင်ဖို့လည်း နည်းပညာပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး အစိုးရရဲ့ထောက်ပံ့မှုအထူးလိုအပ်တယ်လို့လည်း ထောက်ပြထားပါတယ်။ ယခုလောလောဆယ် တရုတ်နိုင်ငံမှာ တိုင်းရင်းဆေးပင်စိုက်ပျိုးတဲ့ဧရိယာဟက်တာပေါင်း လေးသိန်းကျော်ခန့်သာရှိသေးတယ်လို့လည်း ဆိုပါတယ်။ ဒါကတော့ တိုင်းရင်းဆေးကဏ္ဍနဲ့ပတ်သက်တဲ့ တရုတ်နိုင်ငံရဲ့ အခြေအနေကို တင်ပြလိုက်ရတာဖြစ်ပါတယ်။


**ဦးခေါင်းပိုင်းခွဲစိတ်မှုများအတွက် Gamma Knife surgery**



ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဦးနှောက်ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ခွဲစိတ်ကုသပုံ တိုးတက်လာမှုအကြောင်းပါ။ ဦးနှောက်ကင်ဆာက ကလေးရော လူကြီးပါ အရွယ်မရွေးဖြစ်နိုင်တဲ့ ရောဂါပါ။ ကင်ဆာအကျိတ်အခဲဟာ ဦးနှောက်ရဲ့ နေရာအမျိုးမျိုးမှာ ဖြစ်ပေါ်နိုင်ပါတယ်။ ဒီနေရာတွေကို တိတိကျကျသိနိုင်ဖို့ စမ်းသပ်နည်းတွေလည်း ပေါ်ပေါက်နေပါပြီ။ သာမန် CT Scan နှင့် MRI Scan စမ်းသပ်နည်းတွေဟာ ဘယ်နေရာမှာ ကင်ဆာဖြစ်နေပြီဆိုတာ သိနိုင်ပြီဖြစ်ပါတယ်။ ဒီထက်ပိုပြီး Function တွေကိုပါ သိနိုင်အောင်ဆိုရင် Dye ထိုးပြီး စမ်းရတဲ့ Functional MRI ဆိုတဲ့နည်းနှင့် MRI Tractography ဆိုတဲ့ နည်းတွေကလည်း ဒီကင်ဆာအလုံးတွေက ဦးနှောက်အလုပ်ကို ထိခိုက်စေတယ်။ ဦးနှောက် Nerve Fibre တွေကို ဘယ်လိုတွန်းဖိနေတယ်ဆိုတာကအစ သိနိုင်နေပြီးဖြစ်ပါတယ်။ ဒီလိုသိပြီးမှ ဦးနှောက်ရဲ့နေရာပေါ်မှာမူတည်ပြီး ဦးနှောက်အကျိတ်ကို (၁) ခွဲစိတ်ခြင်း Neurosurgery (၂) လိုအပ်ရင် Radiotherapy (၃) နောက်ထပ်လိုအပ်ရင် Chemotherapy နှင့် (၄) Targeted Therapy နည်းတို့နှင့် ကုသရတာဖြစ်ပါတယ်။ အခုပေါ်လာတဲ့ Gamma Knife surgery နည်းကတော့ ဦးနှောက်ရဲ့ အတွင်းပိုင်းမှာ ကင်ဆာကျိတ်ရှိနေရင် ဦးနှောက်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ခွဲစိတ်ရာမှာ အသုံးပြုတဲ့ ဓားနှင့်ဖြတ်သန်းစရာမလိုဘဲ Gamma ရောင်ခြည်နှင့် ကုသနည်းဖြစ်ပါတယ်။ ဒီ Gamma Knife Surgery ရဲ့ အဓိပ္ပာယ်ကို သူတို့ဟာ Surgery Without Knife ဓားမပါတဲ့ ခွဲစိတ်နည်းလို့ တင်စားခေါ်လိုက်ကြပါတယ်။ ဒီနည်းပေါ်လာတာဟာ ဦးနှောက်အတွင်းပိုင်းမှာဖြစ်နေတဲ့ ကင်ဆာဝေဒနာရှင်တွေအတွက် အလွန်ကောင်းမွန်တဲ့ ကုထုံးတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

**ခန္ဓာကိုယ်ထဲမှာ ထိုးဆေးတွေကြာကြာခံစေမယ့် Hydrogel**

ယခုဖော်ပြလိုတဲ့ သတင်းကတော့ ဆေးကုသမှုမှာ Hydrogel လို့ခေါ်တဲ့ Jelly ရဲ့ အသုံးဝင်လာပုံအကြောင်းပါ။ ယခင်ကတော့ ဒီ Jelly ရည်ကို မျက်စိအတွင်းတိမ် ခွဲစိတ်ကုသရာမှာ စတင်အသုံးပြုခဲ့ကြတာပါ။ မျက်စိရဲ့ အတွင်းတိမ်ကို ထုတ်လိုက်ပြီး Intaocular Lens(10L) ခေါ်တဲ့ မှန်ဘီလူးငယ်လေးကို မျက်စိရဲ့အတွင်းတိမ်နေရာမှာ အစားထိုးပြန်ထည့်တဲ့အခါ အသုံးပြုခဲ့ကြတာပါ။ အခုတော့ ဒီ Hydrogel ကို ကိုယ်ခန္ဓာထဲမှာ ဆေးတစ်ခုကြာကြာခံအောင် အသုံးပြုနိုင်ခဲ့ကြပါပြီ။ ဒီနည်းလမ်းကြောင့် ယခင်က ထိုးဆေးကို ကြာကြာထိုးပေးနေရတဲ့ရောဂါတွေမှာ ကုထုံးအဖြစ် ပူးတွဲအသုံးပြုဖို့ တီထွင်လိုက်ကြပါပြီ။ ဥပမာအဖြစ် အသဲရောင်အသားဝါရောဂါတစ်ခုဖြစ်တဲ့ Hepatitic C ရောဂါမှ PEGylated Interferon ဆေးကို လူနာဟာ တစ်ပတ်တစ်ခါ ခြောက်လမှ တစ်နှစ်ခန့်ကြာသည်အထိ ထိုးခဲ့ကြရပါတယ်။ ယခု ဒီ Hydrogel ပေါ်လာတာကြောင့် နှစ်လတစ်ခါမှသာ ထိုးဖို့လိုအပ်တော့မှာဖြစ်ပါတယ်။ ဒီနည်းလမ်းကို တီထွင်လိုက်ကြသူတွေကတော့ စင်ကာပူနိုင်ငံက A STAR (Agency for Science, Technology and Research) ဌာနလက်အောက်မှာရှိတဲ့ IBN(Institute of Bioengineering and Nanotechnology) ဌာနက ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။



သူတို့ဟာ ဒီလေ့လာချက်အတွက် သုံးနှစ်ကြာ သုတေသနပြုလုပ်ခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ ကမ္ဘာပေါ်မှာ Hepatitic C ရောဂါခံစားနေရသူပေါင်း သန်း ၁၅၀ ကျော်ရှိပြီး နှစ်စဉ် ဒီရောဂါကြောင့် လူပေါင်းငါးသိန်းခန့်သေဆုံးနေကြတာဖြစ်ပါတယ်။ ဒီနည်းလမ်းပေါ်လာတာဟာ Hepatitic C ရောဂါခံစားနေရသူတွေအတွက် သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

**သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်မှုနည်းပါးနေ**

ယခုနောက်ဆုံးတင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကမ္ဘာကြီးမှာ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဟာ အလွန်နည်းပါးနေတယ်ဆိုတဲ့အကြောင်းပါ။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အသက် ၆၅ နှစ်ကျော် အသက်ကြီးရွယ်အိုပေါင်း သန်း ၃၀၀ ကျော်ရှိပြီး သူတို့ဟာ လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရကြဘူးလို့ ဆိုတယ်။ နိုင်ငံအများစုဟာ တစ်နိုင်ငံလုံးဝင်ငွေ (GDP)ရဲ့ ၁ ရာခိုင်နှုန်းကိုတောင် ၄င်းတို့အတွက် အသုံးမပြုနိုင်ကြဘူးလို့ ထောက်ပြထားပါတယ်။ ဒါပေမယ့် တချို့နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ဂျာမနီ စတဲ့နိုင်ငံတချို့မှာတော့ သင့်တင့်လျှောက်ပတ်တဲ့ စောင့်ရှောက်မှုတွေရကြပြီး ဒီအရေအတွက်ဟာ သက်ကြီးရွယ်အိုအားလုံးရဲ့ ၅ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိတယ်လို့ ဆိုပါတယ်။ အများအားဖြင့် အာဖရိကနိုင်ငံတွေက သက်ကြီးရွယ်အိုတွေရဲ့ ၉၀ ရာခိုင်နှုန်းကတော့ စောင့်ရှောက်ခံရမှုမရှိဆုံးဖြစ်တယ်လို့လည်း ကမ္ဘာ့အလုပ်သမားအဖွဲ့ (ILO)ရဲ့ လေ့လာချက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ဒီသက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးဖို့ ဝန်ထမ်းအင်အား ၁၃ ဒသမ ၆ သန်း အနည်းဆုံးလိုအပ်နေတယ်လို့လည်း ထောက်ပြထားပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းမှာ မိမိနိုင်ငံက သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးတွဲဆောင်ရွက်သင့်ကြောင်း တင်ပြထားတာကို ဖော်ပြလိုက်ရပါတယ်။ ။



# အရာတော်သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထဝီအညွှန်းကိန်းဖြစ်ရန် လုပ်ငန်းခုနစ်မျိုးနှင့်အတူ ပထမနေရာမှ ရွေးချယ်

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ French and Development Agency တို့ပူးပေါင်း၍ နေပြည်တော်၌ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်က ကျင်းပခဲ့သော Geographical Indications (GIS) ပထဝီဆိုင်ရာ အညွှန်းကိန်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အရာတော်သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး GIS ဖြစ်ရန် ဈေးကွက်ဝင်လုပ်ငန်း ခုနစ်မျိုးနှင့်အတူ ရွေးချယ်ခံရကြောင်း အရာတော်သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးထံမှ သိရသည်။

ဒေသဆိုင်ရာ ထူးခြားပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်သော ပစ္စည်းများကို နိုင်ငံတကာမှ အသိအမှတ်ပြုနိုင်ရန် မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ FDA တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃ ရက်က လုပ်ငန်းအမျိုးအစား ၃၀ ကို ရွေးချယ်ခဲ့ကာ ဒီဇင်ဘာ ၄ ရက်တွင် ၁၅ မျိုးကို ပြန်ရွေး၍ ထိုအထဲမှ ထပ်မံကာ ရှစ်မျိုးကို ဆန်ခါတင် ရွေးချယ်ခဲ့ရာတွင် အရာတော်သနပ်ခါးသည် နံပါတ်(၁)နေရာမှ အရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



အရာတော်မြို့နယ်မှ သနပ်ခါးခြံတစ်ခြံတွင် ပျိုးထားသော သနပ်ခါးပျိုးပင်များ

အရာတော် သနပ်ခါးနှင့်အတူ ရွှေဘိုပေါ်ဆန်းမွှေး၊ ရှောင်ကော်ဖီ၊ လက်ဖက်အစို၊ ပုဂံယွန်းထည်၊ ပုသိမ်ထီး၊ အင်းလေးကြာချည်နှင့် စိန်တလုံးသရက်တို့ကို မြန်မာနိုင်ငံ၏ ပထဝီအညွှန်းကိန်းဖြစ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ပထမဆုံးပထဝီအညွှန်းကိန်း(GIS)ဖြစ်ဖို့ လုပ်ငန်းရှစ်မျိုးကို ရွေးချယ်ပါတယ်။ ရွေးချယ်ပြီးတဲ့လုပ်ငန်းတွေကို ဒေသအရောက်ကွင်းဆင်းပြီး နိုင်ငံတကာဈေးကွက်မှာ ဝင်ဆံ့နိုင်မှု ရှိ မရှိနဲ့ သတ်မှတ်ထားတဲ့ အရည်အသွေး စံချိန်စံညွှန်းပြည့် မပြည့်တွေကို လာရောက်စစ်ဆေးသွားမှာဖြစ်ပါတယ်။ လာရောက်စစ်ဆေးမယ့်ရက်ကိုတော့ မသိရသေးပါဘူး။ လာမယ့် ၂၀၁၆ မေလမှာ နေပြည်တော်မှာ အစည်းအဝေးထပ်ခေါ်မယ်ဆိုတာကိုတော့ သိရပါတယ်။ အခုလို အရာတော်သနပ်ခါးကို ကမ္ဘာ့ဈေးကွက်ဝင်ပြီး နိုင်ငံတကာဈေးကွက်ပွင့်မယ့် အခွင့်အရေးရတာကြောင့် ရှေ့ဆက်စုပေါင်းလုပ်ဆောင်ကြရမယ့်ခရီးအတွက် အားတက်စေပါတယ်"ဟု ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

မြန်မာနိုင်ငံ၏ ပထဝီအညွှန်းကိန်းဖြစ်ရန် ရွေးချယ်စိစစ်ရာတွင် ပစ္စည်း၏ အရည်အသွေးပိုင်းသာမက နိုင်ငံတကာဈေးကွက်သို့ မှာယူသလောက် တင်ပို့နိုင်မည့် အရေအတွက် ရနိုင် မရနိုင်၊ သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှအကျိုးပေး သက်ရောက်သည်/ပျက်စီးစေနိုင်သည် စသည့်အချက်များကိုပါကြည့်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရွေးချယ်မည့်ပစ္စည်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သုံးစွဲမှုရှိ/မရှိ၊ အရည်အသွေးကို ရေရှည်ထိမ်းသိမ်းနိုင်မှု ရှိ/မရှိ၊ လုပ်ငန်းအတွက်သုံးနေသည့် လုပ်အားအခြေအနေ၊ ပြည်ပတင်ပို့နိုင်မည့် အာမခံစနစ်၊ ကုန်ပစ္စည်းအပေါ် အများ၏စိတ်ဝင်စားမှုနှင့် ကျော်ကြားမှုများကိုလည်း အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆောင်းသီးနှံစိုက်ပျိုးမှု များပြားသောကြောင့် နေ့စားအလုပ်လုပ်ကိုင်သူများ စားဝတ်နေရေးအဆင်ပြေ

**တပ်ကုန်း ဒီဇင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆင်သေချောင်းရိုးတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၃၅ ရွာခန့်မှ တောင်သူများအနေဖြင့် ယခုနှစ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးမှုများသဖြင့် စိုက်ခင်းများတွင် နေ့စားအလုပ်လုပ်သူများအနေဖြင့် အလုပ်အကိုင်မပြတ်ရရှိနေကာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသည့်အကြိမ်နည်းပြီး မိုးရေရရှိမှု နည်းပါးခဲ့သဖြင့် အချို့တောင်သူများမှာ စိုက်ပျိုးထားသော စပါးနှင့် ကျောက်စိမ်းငရုတ်ခင်းများ မအောင်မြင်မည်ကို စိုးရိမ်ခဲ့ကြကြောင်း၊ မိုးရေနည်းသော်လည်း သီးနှံပင်များကို ချောင်းရေ၊ မြေအောက်ရေများ အသုံးပြုစိုက်ပျိုးခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းခဲ့ပြီး ဆောင်းသီးနှံအလုပ်များနှင့် ဆက်နေသဖြင့် ဒေသခံနေ့စားအလုပ်သမားများမှာလည်း စိုက်ခင်းများတွင် အလုပ်အကိုင်ကိုယ်စီ မပြတ်ရရှိကာ စားဝတ်နေရေး အဆင်ပြေကြကြောင်း ကင်မွန်းတန်းကျေးရွာမှ နေ့စားအလုပ်လုပ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။



ငရုတ်စိုက်ခင်းတစ်ခုတွင် နေ့စားလုပ်နေသော အမျိုးသမီးများ။

"ကျွန်မတို့က အလုပ်မရွေးတော့ အလုပ်ကပေါပါတယ်၊ စိုက်ချိန်ပျိုးချိန်ဆိုလည်း လိုက်လုပ်တာပဲ။ ရိတ်သိမ်းချိန်၊ နုတ်သိမ်းချိန်ဆိုလည်း လိုက်လုပ်တာပဲ၊ အခုလည်း ငရုတ်ဆွတ်ခူးလိုက်နေတာဖြစ်ပြီး နောက်နှစ်ရက်လောက်မှာ ကြက်သွန်၊ အာလူးတွေ ပေါင်းထိုးပေါင်းသင်တာ လိုက်ရအုံးမှာဖြစ်ပါတယ်။ အမျိုးသားက တစ်မနက်လုပ်ရင် ကျပ် ၁၅၀၀၊ တစ်နေကုန်လုပ်လျှင် ကျပ်၃၀၀၀နဲ့ အမျိုးသမီးက တစ်မနက်ကျပ် ၁၂၅၀၊ တစ်နေကုန်လုပ်ရင်ကျပ် ၂၅၀၀ ရပါတယ်။ နေ့စဉ်အလုပ်ရှိတော့ နေ့စဉ်ဝင်ငွေရှိတယ်။ ဆန်ဈေးကြီးနေပေမယ့်လည်း နေ့စားလိုက်အလုပ်က နေ့စဉ်ရှိနေတော့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်"ဟု ငရုတ်စိုက်ခင်းတစ်ခုတွင် နေ့စားဖြင့် ငရုတ်သီးဆွတ်ခူးနေသော အမျိုးသမီးတစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်းသီးနှံများဖြစ်သော ငရုတ်၊ CP ပြောင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ မုန်ညင်း၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ မတ်ပဲ၊ ကုလားပဲ၊ ရွှေယင်းမာပဲ အစရှိသည့် စားဖိုဆောင်သီးနှံမျိုးစုံနှင့် ပန်းမျိုးစုံကို ချောင်းရေ၊ မြေအောက်ရေများဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ခင်းများမှာလည်း အောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။

**တင်စိုးလွင်**

## သတင်းတို

### ရဲတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာသင်တန်းပို့ချ

United Nations Office of The High Commissioner For Human Rights (UN-OHCHR)က ကြီးမှူးဖွင့်လှစ်သည့် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းကို ဟားခါးမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဒီဇင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်က အမှာစကားပြောကြားပြီး (UNOHCHR) မှ သင်တန်းနည်းပြတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိသင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကြက်ခြေနီအသင်းများ ဘဏ္ဍာရေးဆိုင်ရာ သင်တန်းဖွင့်

**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ ဘဏ္ဍာရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကို မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်တွင် ဒီဇင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာ စာရင်းမှတ်တမ်းများကို ကောင်းစွာထိန်းသိမ်းထားရှိနိုင်စေရန်၊ နှစ်စဉ်ရရှိသုံးစွဲမည့်ဘတ်ဂျက်ကို ခန့်မှန်းတွက်ချက်နိုင်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို လစဉ်၊ နှစ်စဉ်ပုံမှန်တင်ပြနိုင်စေရန်နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်တင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဦးကင်ဘွိုင်းတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုမန်နေဂျာ ဒေါ်သင်းသင်းအောင်၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုအကြီးတန်းအရာရှိ ဦးတေဇလင်းနှင့် ဒေါ်သက်ဝေအောင်တို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ ခုမှ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတပ်ရင်းမှူးများနှင့် ရေး/ထောက်အရာရှိများ တက်ရောက်ခဲ့ကာ သင်တန်းကို ဒီဇင်ဘာ ၇ ရက်မှ ၉ ရက် အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

**သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၄ ရက်က ကွင်းဆင်းထုတ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်က ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်နေစဉ်။** (၀၂၀)



# AIDS ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ခုခံအားကျဆင်းမှုကူးစက်ရောဂါကြောင့် သေဆုံးခဲ့သူများကို အမှတ်တရဖြစ်ရန်နှင့် ကမ္ဘာတစ်ဝန်းတွင် ဆောင်ရွက်နေကြသော ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူများ ပိုမိုကျယ်ပြန့်စွာသိရှိပြီး ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများမှ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်ထွဋ်**

# စက်လွှ(ချိန်းဆော)များ ဝယ်ယူကိုင်ဆောင် အသုံးပြုခြင်းများကြောင့် ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများ လျော့နည်းလာ



**ရေတာရှည် ဒီဇင်ဘာ ၈**

မြို့ပြနှင့် ကျေးလက်ဒေသများတွင် ချိန်းဆောဟုခေါ်သည့်စက်လွှများကို ဝယ်ယူကိုင်ဆောင်အသုံးပြုသူ များပြားလာလျက်ရှိပြီး အခကြေးငွေယူ၍ သစ်ပင်များလှဲနေခြင်းကြောင့် ကျေးလက်တောရွာများ၌ သစ်ပင်ကြီးများနှင့် အရိပ်ရပင်များ ရှားပါးလာလျက်ရှိကြောင်း သိရသည်။

ကျေးရွာများ၌ ချိန်းဆောကိုင်ဆောင်သူများက အခကြေးငွေယူ၍ သစ်ပင်များ လှဲပေးရာတွင် အပင်အရွယ်အစားအပေါ်မူတည်၍တစ်ပင်လျှင် လှဲခငွေကျပ်ခုနစ်ထောင်မှ တစ်သောင်းခွဲအထိ ကျသင့်ကြောင်း၊ အဓိကအားဖြင့် လောင်စာထင်း ရှားပါးခြင်းကြောင့် သစ်ပင်ကြီးများကို လှဲကြခြင်းဖြစ်ကြောင်း ရေတာရှည်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။ "ထင်းရှားတော့ သရက်ပင်၊ ကုက္ကိုလ်ပင်၊ မကျည်းပင်တွေ တအားရှားသွားပြီ။ နှစ်ပေါင်းများစွာ ရှင်သန်လာတဲ့ သစ်ပင်ကြီးတွေ ခဏတွင်းချင်း ထင်းဖြစ်သွားတာ စိတ်မကောင်းစရာပါ။ စက်လွှတွေပေါလာတော့ လမ်းဘေးသစ်ပင်တွေလည်း မခံနိုင်တော့ဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အရေးယူဆောင်ရွက်ဖို့ လိုနေပါပြီ" ဟု ၄င်းကပင် ဆက်၍ပြောသည်။

အဆိုပါ စက်လွှများကို ဝယ်ယူကိုင်ဆောင်ရာတွင် လူတိုင်းသုံးစွဲခွင့်မရှိဘဲ သက်ဆိုင်ရာသစ်တောဦးစီးဌာနများတွင် မှတ်ပုံတင်ကာခွင့်ပြုချက်ဖြင့်သာ သုံးစွဲရခြင်းဖြစ်သော်လည်း အဆိုပါစက်လွှများမှာ ဆိုင်များ၌ ဈေးသက်သာစွာ အလွယ်တကူဝယ်ယူနိုင်သည့်အတွက် သုံးစွဲမှုမြင့်တက်လာခြင်းဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

## ပညာဒါန ကွန်ပျူတာသင်တန်းဖွင့်

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ တောင်စလင်းတိုက်သစ် ဘုန်းတော်ကြီးကျောင်း၌ ခင်နှင်းပညာဒါနဖောင်ဒေးရှင်းက ဖွင့်လှစ်သည့် တတိယအကြိမ်အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စာရေးဆရာခင်မောင်နှင်း(ကျောက်ပန်းတောင်း)က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် သင်တန်းစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ယခုနှစ် မေလအတွင်း ပထမအကြိမ်စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း၊ အင်္ဂလိပ်စာရေးတတ်ဖတ်တတ်လျှင် သင်တန်းတက်ရောက်နိုင်ပြီး လူမျိုးဘာသာမရွေး အခမဲ့တက်ရောက်နိုင်ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## မြန်မာ့ရိုးရာ အခြေခံသိုင်းပညာသင်တန်းဖွင့်

**စစ်ကိုင်း ဒီဇင်ဘာ ၈**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြန်မာ့ရိုးရာအခြေခံသိုင်းပညာသင်တန်း အမှတ်စဉ်(၄၆) ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဦးအောင်ကျော်က အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ သင်တန်းတွင် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း ပထမနှစ်မှ သင်တန်းသား သင်တန်းသူ ၃၂၁ ဦးအား အခြေခံသိုင်းပညာ အပိုင်း(၁)ကိုလည်းကောင်း၊ ဒုတိယနှစ်မှ သင်တန်းသား သင်တန်းသူ ၂၅၁ ဦးအား အခြေခံသိုင်းပညာ အပိုင်း(၂)ကိုလည်းကောင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သိုင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်ဌေးနှင့် သိုင်းနည်းပြဆရာ ၁၀ ဦးက ဒီဇင်ဘာ ၄ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် ဆောင်းသီးနှံစိုက်ခင်း ဖြစ်ထွန်းအောင်မြင်မှုများ ကွင်းဆင်းကြည့်ရှု

**ပုလဲ ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း နွယ်ရှောက်၊ တနယ်၊ လှော်ကား၊ကျေးနင်းကြီးနှင့် ကျေးသမျှားကျေးရွာများရှိ မျိုးစေ့ထုတ်စပါးစိုက်ခင်းများ၏ မျိုးသန့်စင်မှုအခြေအနေ၊ ပိုးမွှားရောဂါ ကျရောက်မှုအခြေအနေနှင့် ဆောင်းသီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးနှင့်အတူ ဒီဇင်ဘာ ၆ ရက်က ကွင်းဆင်းကြည့်ရှု၍ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်က မိုးကောင်းသောက်ဒေသဆိုပေမယ့် နိုင်ငံတော်က မြောက်ယမား ရေကူရေလှောင်တမံ၊ မြောက်ယမားဆည်၊ တောင်ယမားဆည်၊ ကန့်ဒေါ်ဆည်တွေ တည်ဆောက်ပေးခဲ့တဲ့အတွက် မိုးစပါးနဲ့ ဆောင်းသီးနှံစိုက်ခင်းများကဖြစ်ထွန်းအောင်မြင်ပါတယ်။ ဖြစ်ထွန်းအောင်မြင်မှုတွေကိုလည်း ယင်းမာပင်ခရိုင်ဦးစီးမှူးနဲ့အဖွဲ့တွေက စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ်ကြည့်ရှုပြီး တောင်သူများနဲ့ တွေ့ဆုံပညာပေးဆွေးနွေးမှုတွေလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိက ပြောသည်။

ယခုနှစ်တွင် ပုလဲမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် လျာထားစိုက်ဧက ၄၅၀၀၀ ဖြစ်ပြီး ၁၀၁ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ပဲစင်းငုံ လျာထားစိုက်ဧကမှာ ၃၃၅၀၀ ဧကဖြစ်ပြီး ၄၁၃ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဗေယျာမြေ)**

